# မြဝတီ နေ့စဉ်

သတင်းထူး သတင်းဦး နေ့စဉ်ဖြန့်ချိ မြဝတီ

www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၅)၊ အမှတ်(၈၇)

၁၃၈၇ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၅ ရက်
၂၀၂၅ ခုနှစ်၊ ဇူလိုင် ၁၄ ရက်၊ တနင်္လာနေ့


**မြတ်ဗုဒ္ဓ၏အဆုံးအမတရား**

တစ်ခဲနက်ဖြစ်သော ကျောက်တောင်သည် အရပ်လေးမျက်နှာမှလာသော လေကြောင့် မတုန်မလှုပ်သကဲ့သို့ ပညာရှိတို့သည် ကဲ့ရဲ့ခြင်း၊ ချီးမွမ်းခြင်းတို့ကြောင့် မတုန်လှုပ်ကုန်။

ဓမ္မပဒ

**ဒို့တာဝန်အရေးသုံးပါး**

- ♦ ပြည်ထောင်စုမပြိုကွဲရေး။
- ♦ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ♦ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေး ရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါသဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့်ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့် အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နတ်မောက်မြို့နယ်၌ မိုးသီးနှံစိုက်ပျိုးရာသီတွင် ချည်မျှင်ရှည်ဝါ ၃၀၄၇၈ ဧက လျာထားစိုက်ပျိုး

**နတ်မောက် ဇူလိုင် ၁၃**

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ်၌ မိုးသီးနှံစိုက်ပျိုးရာသီတွင် သီးနှံစိုက်ပျိုးထုတ်လုပ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန်နှင့် ဒေသခံတောင်သူများ သီးနှံဝင်ငွေတိုးပွားစေရန် ချည်မျှင်ရှည်ဝါ ၃၀၄၇၈ ဧက လျာထားစိုက်ပျိုးလျက်ရှိပြီး လက်ရှိတွင် ချည်မျှင်ရှည်ဝါ ၁၂၅၄၁ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်းသိရသည်။

စာမျက်နှာ ၇ ကော်လံ ၃ ❑





# မိုးနဲမြို့နယ်၌ မိုးမြေပဲစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်း

**မိုးနဲ ဇူလိုင် ၁၃**

ရှမ်းပြည်နယ်(တောင်ပိုင်း) မိုးနဲမြို့နယ်ရှိ ကျေးရွာအုပ်စုနှင့် ကျေးရွာနေပြည်သူများအနေဖြင့် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကို အများဆုံးလုပ်ကိုင်လျက်ရှိပြီး သီးနှံစုံကို ရာသီအလိုက်စိုက်ပျိုးလျက်ရှိရာ ဆီထွက်သီးနှံမိုးမြေပဲများကိုလည်း စိုက်ပျိုးရေးဦးစီးဌာန၏ အနီးကပ်ကြီးကြပ်ဆောင်ရွက်ပေးမှုနှင့် မျိုးယှဉ်ပြိုင်စမ်းသပ်ကွက်များ၊ မျိုးစေ့ထုတ်စံပြစိုက်ကွက်များကိုလည်း စိုက်ပျိုးဆောင်ရွက်ထားရှိရာ အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း သိရသည်။

စာမျက်နှာ ၇ ကော်လံ ၁ ■

## ဧရာဝတီမြစ်ရေနှင့်သံလွင်မြစ်ရေ စိုးရိမ်ရေမှတ်သို့ရောက်ရှိနိုင်

**နေပြည်တော် ဇူလိုင် ၁၃**

ယနေ့မွန်းလွဲ ၁၂နာရီခွဲအချိန် တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် ပခုက္ကူမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် ၁ ပေခွဲခန့်တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်သုံးရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

ယနေ့မွန်းလွဲ ၁၂နာရီခွဲအချိန် တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် ချောက်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် ၁ ပေခွဲခန့်တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်သုံးရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

ယနေ့မွန်းလွဲ ၁၂နာရီခွဲအချိန် တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် ဆိပ်သာမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် ၁ ပေခွဲခန့်တွင် ရောက်ရှိနေသည်။


စာမျက်နှာ ၁၂ ကော်လံ ၁ ➤

**ဆောင်းပါး**


ကိုဗစ်-၁၉ မျိုးစိတ်သစ်များနှင့် စနစ်တကျကာကွယ်နေထိုင်ရေး
စာ - ၈ သို့

ပထဝီဝင်အကြောင်းသိကောင်းစရာ
စာ - ၁၃ သို့





# အယ်ဒီတာ့အာဘော်

(၂၀၂၅ ခုနှစ်၊ ဇူလိုင် ၁၄ ရက်)

## စဉ်ဆက်မပြတ်ကျေပွန် နိုင်ငံတော်ကာကွယ်ရေးတာဝန်

နိုင်ငံတကာတွင်နည်းပညာများဖွံ့ဖြိုးတိုးတက်လာခြင်းနှင့်အတူ စစ်မက်ရေးရာအသုံးပြုသောလက်နက်များမှာလည်း တိုးတက်လာနေပြီဖြစ်သည်။ သမားရိုးကျစစ်ဆင်ရေးမှသည် ခေတ်မီအဆင့်မြင့်နည်းပညာအသုံးပြု၍တိုက်ခိုက်နေသည့်အခြေအနေသို့ ရောက်ရှိလာနေပြီဖြစ်သည်။ နိုင်ငံတော်ကာကွယ်ရေးသည် နိုင်ငံသားအားလုံးသက်ဆိုင်သောအရေးကိစ္စဖြစ်လာနေပေပြီ။ မိမိနိုင်ငံကို မိမိတို့မကာကွယ်နိုင်လျှင် လွတ်လပ်ရေးသည် တစ်နည်းမဟုတ်တစ်နည်းဆုံးရှုံးသွားမည်ဖြစ်သည်။ ထို့ကြောင့် နိုင်ငံတိုင်းက နိုင်ငံတော်ကာကွယ်ရေးကို အလေးထားလုပ်ဆောင်နေကြပြီဖြစ်သည်။ မြန်မာနိုင်ငံတွင်လည်း ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းခြင်းဖြင့် အရွယ်ရောက်သူမှန်သမျှ စစ်ပညာသင်ကြားခြင်း၊ စစ်မှုထမ်းဆောင်ခြင်းတို့ကို ဆောင်ရွက်ကြရမည်ဖြစ်သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီလ ၁၀ ရက်တွင် ယခင်ကပြဋ္ဌာန်းပြီးဖြစ်သော ပြည်သူ့စစ်မှုထမ်းဥပဒေကို စတင်ကျင့်သုံးခဲ့ပြီဖြစ်သည်။ သတ်မှတ်ထားသည့်အသက်အရွယ်ရှိသူ မြန်မာနိုင်ငံသားတိုင်း ပြည်သူ့စစ်မှုထမ်းတာဝန်ကိုထမ်းဆောင်ကြရမည်ဖြစ်သည်။ လက်ရှိတွင်အမျိုးသားများသာခေါ်ယူနေသော်လည်း လိုအပ်သည့်အချိန်တွင် အမျိုးသမီးများကိုပါ ခေါ်ယူတာဝန်ထမ်းဆောင်စေမည်ဖြစ်သည်။ စစ်ပညာသင်ကြားတတ်မြောက်ထားခြင်းဖြင့် ပြည်ပကျူးကျော်မှုနှင့်ကြုံလာသည့်အခါ အချိန်တိုအတွင်း တိုက်ပွဲဝင်အသင့်ရှိနေမည်ဖြစ်သည်။

မြန်မာနိုင်ငံတွင် ကာကွယ်ရေးအင်အားတောင့်တင်းနေသည်နှင့်အမျှ ပြည်ပမှနည်းမျိုးစုံနှောင့်ယှက်နေမှုများလျော့ပါးသွားမည်ဖြစ်သည်။ တပ်မတော်အင်အားရှိနေသည်နှင့်အမျှ တိုင်းပြည်အင်အားရှိနေမည်ဖြစ်သည်။ တိုင်းပြည်အင်အားရှိနေစေရန်မှာ မျိုးဆက်သစ်လူငယ်မောင်မယ်အဆက်ဆက်တို့၏တာဝန်ဖြစ်သည်။ ကာကွယ်ရေးအင်အားရှိလာသည်နှင့်အမျှ တည်ငြိမ်အေးချမ်းပြီး စီးပွားရေးလုပ်ငန်းများကြီးမားလာမည်ဖြစ်သည်။ စီးပွားရေးလုပ်ငန်းများကို အခြေခိုင်ခိုင်မာမာနှင့် လုပ်ဆောင်နိုင်သည်နှင့်အမျှ ပြည်တွင်းပြည်ပရင်းနှီးမြှုပ်နှံမှုတိုးပွားလာပေမည်။ ထိုအခါ အလုပ်အကိုင်အခွင့်အလမ်းများပေါ်များပြီး ကျေးလက်မြို့ပြများတစ်ပြေးညီဖွံ့ဖြိုးလာပေလိမ့်မည်။

ကာကွယ်ရေးအင်အားတောင့်တင်းလာသည်နှင့် နယ်မြေတည်ငြိမ်အေးချမ်းပြီး ကျောင်းသား၊ ကျောင်းသူများ အေးချမ်းစွာပညာသင်ကြားနိုင်ကာ လူသားအရင်းအမြစ်များဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည်။ ဖွံ့ဖြိုးတိုးတက်သောနိုင်ငံတိုင်းကိုလေ့လာကြည့်လျှင် တူညီသောအချက်မှာ ပညာတတ်လူငယ်များများပြားစွာရှိနေခြင်းဖြစ်သည်။ ယခုအခါ ပညာတတ်လူငယ်များ မွေးထုတ်ပေးရာတွင် ဗလငါးတန်နှင့်ပြည့်စုံသူများဖြစ်အောင် မွေးထုတ်ပေးလျက်ရှိသည်။ ဗလငါးတန်တွင် စာရိတ္တဗလဟုဆိုအပ်သောအကျင့်စာရိတ္တကောင်းသူများဖြစ်နေရန် အဓိကထားသင်ကြားပေးခြင်းဖြစ်သည်။ ပညာတတ်သော်လည်း စာရိတ္တကောင်းမွန်ခြင်းမရှိပါက နိုင်ငံတော်ကိုအကျိုးပြုသူများဖြစ်လာနိုင်မည်မဟုတ်ပေ။

ပြည်သူ့စစ်မှုထမ်းသင်တန်းများဖွင့်လှစ်ပြီးသင်ကြားပေးနေခြင်းမှာ စိတ်ဓာတ်ကောင်းခြင်း၊ စည်းကမ်းကောင်းခြင်း၊ နိုင်ငံအပေါ်သစ္စာရှိခြင်း စသည့်စိတ်ဓာတ်ကောင်းများကိုပေးနေခြင်းဖြစ်သည်။ ကျန်းမာအောင်နေပါ။ သန်စွမ်းအောင်လေ့ကျင့်ပါဟူသောကျင့်ဝတ်သည် တပ်မတော်သားတိုင်းမဖြစ်မနေလိုက်နာကျင့်ကြံနေကြရသည်။ ကျန်းမာနေမှ၊ သန်စွမ်းနေမှ နိုင်ငံတော်ကာကွယ်ရေးတာဝန်ကိုကျေပွန်စွာထမ်းဆောင်နိုင်ကြမည်ဖြစ်သည်။ တပ်မတော်သားအဖြစ်သို့ရောက်ရှိရန်အတွက် သင်တန်းများတွင်လေ့ကျင့်သင်ယူကြရသည်။ ထိုသို့ လေ့ကျင့်ပေးလိုက်ခြင်းဖြင့် အထက်ကပေးအပ်သောအမိန့်နှင့်တာဝန်ကို ကျေပွန်စွာထမ်းဆောင်နိုင်ကြမည်ဖြစ်သည်။ အထက်ကပေးအပ်သော အမိန့်နှင့်တာဝန်ဆိုသည်မှာလည်း နိုင်ငံတော်ကာကွယ်ရေးတာဝန်များသာဖြစ်သည်။ ရှေးကမိဘဘိုးဘွားများရယူပေးထားသောလွတ်လပ်ရေးအမွေကို မိမိတို့လက်ထက်တွင် မပျက်မယွင်းအောင်ထိန်းသိမ်းစောင့်ရှောက်ကြရမည်ဖြစ်သည်။

ထိုမှတစ်ဆင့် ဆင့်ကာဆင့်ကာ ထိုတာဝန်များကို မျိုးဆက်သစ်များထံလွှဲပြောင်းပေးသွားကြရမည်ဖြစ်သည်။ နိုင်ငံတော်ကာကွယ်ရေးတာဝန်ဆိုသည်မှာ နိုင်ငံသားအဆက်ဆက် မပျက်မကွက်ထမ်းဆောင်နေရမည့်တာဝန်ဖြစ်သည်။ တပ်မတော်ဆိုသည်မှာ မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှုနှင့်အတူပေါ်ထွန်းလာခြင်းဖြစ်ပြီး သမိုင်းကြောင်းအစဉ်အလာကောင်းများရှိထားသည့်နိုင်ငံအတွက် မရှိမဖြစ်အဖွဲ့အစည်းတစ်ရပ်ဖြစ်သည်။ ထိုအဖွဲ့အစည်းသည် အမျိုးသားနိုင်ငံရေးဟုဆိုအပ်သော ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့်အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဟူသော ဒို့တာဝန်အရေးသုံးပါးကိုဦးထိပ်ထားကြိုးပမ်းကြရသည့်အဖွဲ့အစည်းဖြစ်သည်။ နိုင်ငံအတွက် တပ်မတော်သည် ကျစ်လျစ်ခိုင်မာနေရမည်ဖြစ်သကဲ့သို့ မျိုးဆက်သစ်အဆက်ဆက်တို့သည်လည်း တပ်မတော်အတွက် တပ်မတော်သားကောင်းများဖြစ်နေကြရမည်ဖြစ်သည်။ တပ်မတော်သားကောင်းများရှိနေသရွေ့ နိုင်ငံတော်၏လွတ်လပ်ရေးသည် မည်သည့်အခါမျှဆုံးရှုံးသွားမည်မဟုတ်ပေ။ ထို့ကြောင့် ပြည်သူ့စစ်မှုထမ်းသင်တန်းပြီးမြောက်ကာ တပ်မတော်တွင် တာဝန်ထမ်းဆောင်နေသူများ၊ တပ်မတော်သားများအားလုံးအနေဖြင့် စဉ်ဆက်မပြတ် နိုင်ငံတော်တာဝန်ကို ကျေပွန်စွာထမ်းဆောင်နေခြင်းအတွက် ဝမ်းသာဂုဏ်ယူပါကြောင်း ရေးသားလိုက်ရပေသည်။ ။

## ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှလျှော့ပေါ့ခွင့်ရသူများ

**လျှော့ပေါ့ခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ လျှော့ပေါ့ခွင့်ပြုသူများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) လျှောက်ထားသူ၏မိဘနှစ်ပါးစလုံးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ တစ်ဝက်အထိလျှော့ပေါ့ပေးနိုင်သည်။

(ခ) လျှောက်ထားသူ၏မိဘနှစ်ပါးအနက် တစ်ဦးဦးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ်တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း၊ အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏သုံးပုံတစ်ပုံအထိ လျှော့ပေါ့ပေးနိုင်သည်။

(ဂ) ပြည်သူ့စစ်မှုထမ်းတစ်ဦးဦးသည် တာဝန်ထမ်းဆောင်နေသည့်ကာလအတွင်း ထိခိုက်ဒဏ်ရာရရှိခြင်းများရှိခဲ့ပါက ထိခိုက်ဒဏ်ရာရရှိသည့်နေ့နောက်ပိုင်း ဆက်လက်တာဝန်ထမ်းဆောင်ရန်ကျန်ရှိသည့်ကာလအား လျှော့ပေါ့ပေးနိုင်သည်။

## မိုးရာသီကာလတွင်ဖြစ်ပွားတတ်သည့်ရောဂါများ ကြိုတင်ကာကွယ်နှိမ်နင်းရေးလုပ်ငန်းများအကြောင်း အသိပညာပေးဆွေးနွေး

နေပြည်တော် ဇူလိုင် ၁၃

နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ်၌ နေပြည်တော်ပြည်သူ့ကျန်းမာရေးဦးစီးဌာန၏ ဦးဆောင်မှုဖြင့် မိုးရာသီကာလအတွင်း ဖြစ်ပွားတတ်သည့်ရောဂါများ ကြိုတင်ကာကွယ်နှိမ်နင်းရေးလုပ်ငန်းအကြောင်း အသိပညာပေးဆွေးနွေးပွဲကို ဇူလိုင်လ ၁၂ ရက်တွင် ပုပ္ပါးကုန်းရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး၌ ကျင်းပသည်။

ရှေးဦးစွာ ဇေယျာသီရိမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဇေထက်အောင်က အဖွင့်အမှာစကားပြောကြားပြီး နေပြည်တော်ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဒုတိယတိုင်းဦးစီးမှူး ဒေါက်တာလှိုင်လှိုင်ဌေးက မိုးရာသီတွင်ဖြစ်ပွားတတ်သည့် ရောဂါများအကြောင်း၊ ကြိုတင်ကာကွယ်နှိမ်နင်းရေးလုပ်ငန်းများအကြောင်းကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ဇေယျာသီရိမြို့နယ် ကုသရေးဦးစီးဌာနမှူး ဒေါက်တာချစ်ဆုဝေက ရပ်ကွက်၊ ကျေးရွာများအတွင်းသို့ အဖွဲ့များခွဲ၍ လုပ်ငန်းဆောင်ရွက်မည့် အစီအစဉ်များနှင့် အဘိတ်ဆေးအသုံးပြုပုံများကို ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ တာဝန်ရှိသူများက ဆေးစိမ်ခြင်ထောင်နှင့် လက်သန့်ဆေးရည်ဘူးများပေးအပ်ပြီး တက်ရောက်လာသည့် ပြည်သူများအား သွေးလွန်တုပ်ကွေးတိုက်ဖျက်ရေး အားလုံးပါဝင်ဆောင်ရွက်ပေး အသိပညာပေးလက်ကမ်းစာစောင်များ၊ ဆေးစိမ်ခြင်ထောင်နှင့် လက်သန့်ဆေးရည်ဘူးများဖြန့်ဝေပေးသည်။

ဆက်လက်၍ နေပြည်တော်ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဒုတိယတိုင်းဦးစီးမှူးနှင့် တာဝန်ရှိသူများက ပုပ္ပါးကုန်းရပ်ကွက်ရှိ နေအိမ်များအတွင်း ရေစည်၊ ရေအိုးများ၊ ပန်းအိုးများနှင့် တာယာအဟောင်းများ စသည့်ရေတင်ကျန်နိုင်သောနေရာများအား အဘိတ်ဆေးခတ်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးကြောင်း သိရသည်။ (၄၁၃)

## သဇင်(FM)အသံလွှင့်အစီအစဉ်

၁၄-၇-၂၀၂၅(တနင်္လာနေ့)

| | | |
|---|---|---|
| ၁။ | ၀၉:၀၀ | Sport News |
| ၂။ | ၁၁:၅၀ | ကျန်းမာခြင်းအတွက် သဇင်ရဲ့လက်ဆောင် |
| ၃။ | ၁၅:၀၀ | Jumping For You |
| ၄။ | ၁၆:၄၀ | I Music |
| ၅။ | ၁၈:၂၀ | ဂုဏ်ယူအလွှမ်း |
| ၆။ | ၂၂:၂၀ | Goodnight Listeners |

မြဝတီ နေ့စဉ်
the Myawady Daily

စာတည်းမှူးချုပ် - ဦးမျိုးဝင်းရှိန်
စာတည်းမှူး(မြန်မာ) - ဦးရာဇာအောင်
စာတည်းမှူး(အင်္ဂလိပ်) - ဦးရဲမင်းတင်
စာတည်း(ကျွမ်းကျင်)အင်္ဂလိပ် - ဦးတင်မောင်သန်း

စာတည်းအဖွဲ့(မြန်မာ) - ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဖြူဖြူမောင်
စာတည်းအဖွဲ့(အင်္ဂလိပ်) - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့(နေပြည်တော်) - ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့(ရန်ကုန်) - ဦးစံမင်းသူ

**နေပြည်တော်**
စာတည်းအဖွဲ့ ၀၆၇-၇၃၉၉၈၊ ဖက်စ် ၀၆၇-၇၃၉၉၉/၀၆၂-၃၀၂၆၂၊
ဖြန့်ချိရေး/ကြော်ငြာ ၀၆၇-၇၄၀၀၆၊ ၀၆၇-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

**ရန်ကုန်(ရုံးခွဲ)**
စာတည်းအဖွဲ့ ၀၆၇-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၆၇-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

**မန္တလေး(ရုံးခွဲ)**
တာဝန်ခံ ၀၉-၆၈၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

**ကျိုင်းတုံ(ရုံးခွဲ)**
တာဝန်ခံ ၀၉-၂၅၀၅၅၆၆၃၈၊ ၀၃၄-၇၃၆၀၁
လွိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

**ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ်** - ၀၀၃၇၈/၀၀၄၉၄
**စတင်ထုတ်ဝေသည့်ရက်** - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

## အာဇာနည်ဗိမာန်သို့ လာရောက်ဂါရဝပြုမည့် မိဘပြည်သူများ လိုက်နာဆောင်ရွက်နိုင်ပါရန် မေတ္တာရပ်ခံပန်ကြားခြင်း

- ⇨ ဘောလ်ပင်အမျိုးမျိုး၊ လက်ကိုင်ဖုန်းအမျိုးမျိုး၊ အလံအမျိုးမျိုး၊ လက်ကိုင်အိတ်အမျိုးမျိုး၊ ကင်မရာအမျိုးမျိုး၊ မီးခြစ်အမျိုးမျိုး၊ ပန်းခွေ/ ပန်းစည်း/ ပန်းခြင်းအမျိုးမျိုး၊ ဗီနိုင်းစအမျိုးမျိုး၊ ပုလင်း/ ဘူးအမျိုးမျိုး၊ အလံကိုင်ဆောင်ရာတွင်အသုံးပြုသည့် တုတ်နှင့်ကော်ပိုက်/ သံပိုက်များယူဆောင်၍ အာဇာနည်ဗိမာန်အတွင်းသို့ ဝင်ရောက်ခွင့်မပြုပါ။
- ⇨ လာရောက်သူများအားလုံး နှာခေါင်းစည်း(Mask)များ မပျက်မကွက် စနစ်တကျတပ်ဆင်ရန်။
- ⇨ သတ်မှတ်ပေးထားသောနေရာများတွင် စနစ်တကျ လက်ဆေးခြင်း၊ အသင့်စီစဉ်ပေးထားသော Hand Sanitizer သုတ်လိမ်းခြင်းတို့ကို ဆောင်ရွက်ပြီးမှသာဝင်ရောက်ရန်။
- ⇨ ဗဟန်းမြို့နယ်၊ လင့်ခ်လမ်းတွင် ကိုယ်အပူချိန်တိုင်းတာခြင်းအပါအဝင် ကျန်းမာရေးဆိုင်ရာစစ်ဆေးမှုများနှင့် အမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊ နေရပ်လိပ်စာ၊ တယ်လီဖုန်းနံပါတ်စသည်တို့ကို ပြည့်စုံမှန်ကန်စွာ စာရင်းပေးသွင်းရန်(နိုင်ငံသားစိစစ်ရေးကတ်(သို့မဟုတ်) ဝန်ထမ်းကတ် (သို့မဟုတ်) ကျောင်းသားကတ် (သို့မဟုတ်) ကိုယ်ရေးအချက်အလက်စိစစ်နိုင်သည့် အသိအမှတ်ပြုကတ်ပြား) ယူဆောင်လာပါရန်။
- ⇨ ကျန်းမာရေးဝန်ကြီးဌာနမှသတ်မှတ်ထားသော Social/Physical Distancing နှင့်အညီ ရှေ့နောက်၊ ဘေးတိုက်အကွာအဝေးများကို (၆)ပေအကွာအဝေးအတိုင်း လိုက်နာနိုင်ရန်နှင့် နေရာများအလိုက်တာဝန်ရှိသူများ၏စီစဉ်ဆောင်ရွက်မှုကို ပူးပေါင်းပါဝင်ရန်။
- ⇨ ကိုယ်အပူချိန်မြင့်ခြင်း(အပူချိန် ၃၈ ဒီဂရီစင်တီဂရိတ်/ ၁၀၀.၄ ဒီဂရီဖာရင်ဟိုက်)၊ ချောင်းဆိုးခြင်း၊ အသက်ရှူရခက်ခဲခြင်း၊ အားအင်ကုန်ခန်းခြင်းအပါအဝင် သံသယဖြစ်ဖွယ်လက္ခဏာများ စစ်ဆေးတွေ့ရှိရပါက သက်ဆိုင်ရာ၏အကြံပြုချက်အတိုင်း လိုက်နာဆောင်ရွက်ရန်။
- ⇨ အာဇာနည်ဗိမာန်တွင် တာဝန်ထမ်းဆောင်နေကြသူများ၏ စီစဉ်ဆောင်ရွက်ပေးမှုနှင့်အညီ လိုက်နာဆောင်ရွက်ရန်။
- ⇨ အာဇာနည်ဗိမာန်ရင်ပြင်ပေါ်တွင် ဂါရဝပြုသူများအနေဖြင့် တစ်ဦးနှင့်တစ်ဦး(၆)ပေခြား၍ (၁)ကြိမ်လျှင် (၁၀)ဦးစီဖြင့် သတ်မှတ်နေရာတွင် ဂါရဝပြုအလေးပြုရန်နှင့် ပြန်လည်ထွက်ခွာရာတွင်လည်း တစ်ဦးနှင့်တစ်ဦး (၆)ပေခြားဖြင့်သာ ပြန်လည်ထွက်ခွာရန်။
- ⇨ ကျန်းမာရေးဝန်ကြီးဌာနမှ အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ပေးနေသည့် ကိုဗစ်-၁၉ ဆိုင်ရာ ကျန်းမာရေးအသိပေးချက်၊ သတိပေးချက်များကို တိကျစွာလိုက်နာဆောင်ရွက်ရန်။
- ⇨ သက်ကြီးရွယ်အိုများ၊ နာတာရှည်ရောဂါရှိသူများအနေဖြင့် လုံးဝ(လုံးဝ) လာရောက်ခြင်းမပြုရန်။
- ⇨ ဖျားခြင်း၊ ချောင်းဆိုးခြင်း၊ အသက်ရှူရခက်ခဲခြင်း၊ အားအင်ကုန်ခန်းခြင်း စသည့်ရောဂါလက္ခဏာများဖြစ်ပွားနေပါက လုံးဝ(လုံးဝ)လာရောက်ခြင်းမပြုရန်။
- ⇨ အစုလိုက် အလေးပြုသည့်အချိန်အား (၁၀)မိနစ်ထက် ပိုမကြာစေရန်။

## အတွင်းဝန်ရုံး(ယခင်ဝန်ကြီးများရုံး)သို့ လာရောက်မည့် မိဘပြည်သူများ လိုက်နာဆောင်ရွက်နိုင်ပါရန် မေတ္တာရပ်ခံပန်ကြားခြင်း

- ⇨ ဘောလ်ပင်အမျိုးမျိုး၊ လက်ကိုင်ဖုန်းအမျိုးမျိုး၊ အလံအမျိုးမျိုး၊ လက်ကိုင်အိတ်အမျိုးမျိုး၊ ကင်မရာအမျိုးမျိုး၊ မီးခြစ်အမျိုးမျိုး၊ ပန်းခွေ/ ပန်းစည်း/ ပန်းခြင်းအမျိုးမျိုး၊ ဗီနိုင်းစအမျိုးမျိုး၊ ပုလင်း/ ဘူးအမျိုးမျိုး၊ အလံကိုင်ဆောင်ရာတွင်အသုံးပြုသည့် တုတ်နှင့်ကော်ပိုက်/ သံပိုက်များ ယူဆောင်၍ အတွင်းဝန်ရုံး (ယခင်ဝန်ကြီးများရုံး)အတွင်းသို့ ဝင်ရောက်ခွင့်မပြုပါ။
- ⇨ လာရောက်သူများအားလုံး နှာခေါင်းစည်း(Mask)များ မပျက်မကွက် စနစ်တကျတပ်ဆင်ရန်။
- ⇨ သတ်မှတ်ပေးထားသောနေရာများတွင် စနစ်တကျလက်ဆေးခြင်း၊ အသင့်စီစဉ်ပေးထားသော Hand Sanitizer သုတ်လိမ်းခြင်းတို့ကိုဆောင်ရွက်ပြီးမှသာ ဝင်ရောက်ရန်။
- ⇨ ဗိုလ်တထောင်မြို့နယ်၊ သိမ်ဖြူလမ်းနှင့် မဟာဗန္ဓုလလမ်းဆုံ၊ သိမ်ဖြူလမ်းနှင့် အနော်ရထာလမ်းဆုံတို့တွင် ယူဆောင်ခွင့်မပြုသော ပစ္စည်း(၁၀)မျိုး စစ်ဆေးခြင်း၊ အတွင်းဝန်ရုံး(ဝန်ကြီးများရုံး)ဝင်ပေါက်တွင် ကိုယ်အပူချိန်တိုင်းတာခြင်းအပါအဝင် ကျန်းမာရေးဆိုင်ရာစစ်ဆေးမှုများနှင့် အမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊ နေရပ်လိပ်စာ၊ တယ်လီဖုန်းနံပါတ် စသည်တို့ကို ပြည့်စုံမှန်ကန်စွာ စာရင်းပေးသွင်းရန် (နိုင်ငံသားစိစစ်ရေးကတ် (သို့မဟုတ်) ဝန်ထမ်းကတ်(သို့မဟုတ်) ကျောင်းသားကတ်(သို့မဟုတ်) ကိုယ်ရေးအချက်အလက်စိစစ်နိုင်သည့် အသိအမှတ်ပြုကတ်ပြား) ယူဆောင်လာပါရန်။
- ⇨ ကျန်းမာရေးဝန်ကြီးဌာနမှ သတ်မှတ်ထားသော Social/ Physical Distancing နှင့်အညီ ရှေ့နောက်၊ ဘေးတိုက်အကွာအဝေးများကို (၆)ပေအကွာအဝေးအတိုင်း လိုက်နာနိုင်ရန်နှင့် နေရာများအလိုက်တာဝန်ရှိသူများ၏ စီစဉ်ဆောင်ရွက်မှုကို ပူးပေါင်းပါဝင်ရန်။
- ⇨ ကိုယ်အပူချိန်မြင့်ခြင်း(အပူချိန် ၃၈ ဒီဂရီစင်တီဂရိတ်/ ၁၀၀.၄ ဒီဂရီဖာရင်ဟိုက်)၊ ချောင်းဆိုးခြင်း၊ အသက်ရှူရခက်ခဲခြင်း၊ အားအင်ကုန်ခန်းခြင်းအပါအဝင် သံသယဖြစ်ဖွယ်လက္ခဏာများ စစ်ဆေးတွေ့ရှိရပါက သက်ဆိုင်ရာ၏အကြံပြုချက်အတိုင်း လိုက်နာဆောင်ရွက်ရန်။
- ⇨ အတွင်းဝန်ရုံး(ယခင်ဝန်ကြီးများရုံး)တွင် တာဝန်ထမ်းဆောင်နေကြသူများ၏ စီစဉ်ဆောင်ရွက်ပေးမှုနှင့်အညီ လိုက်နာဆောင်ရွက်ရန်။
- ⇨ အတွင်းဝန်ရုံး(ယခင်ဝန်ကြီးများရုံး)သို့ လာရောက်လေ့လာသူများအနေဖြင့် တစ်ဦးနှင့်တစ်ဦး (၆)ပေခြား၍ စီတန်းပြီး ပြတိုက်အတွင်း ခွင့်ပြုသည့်အရေအတွက်အတိုင်း ဝင်ရောက်လေ့လာရန်နှင့် တစ်ဦးနှင့်တစ်ဦး (၆)ပေခြားဖြင့်သာ ပြန်လည်ထွက်ခွာရန်။
- ⇨ ကျန်းမာရေးဝန်ကြီးဌာနမှ အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ပေးနေသည့် ကိုဗစ်-၁၉ ဆိုင်ရာ ကျန်းမာရေးအသိပေးချက်၊ သတိပေးချက်များကို တိကျစွာလိုက်နာဆောင်ရွက်ရန်။
- ⇨ သက်ကြီးရွယ်အိုများ၊ နာတာရှည်ရောဂါရှိသူများအနေဖြင့် လုံးဝ(လုံးဝ) လာရောက်ခြင်းမပြုရန်။
- ⇨ ဖျားခြင်း၊ ချောင်းဆိုးခြင်း၊ အသက်ရှူရခက်ခဲခြင်း၊ အားအင်ကုန်ခန်းခြင်း စသည့်ရောဂါလက္ခဏာများဖြစ်ပွားနေပါက လုံးဝ(လုံးဝ)လာရောက်ခြင်းမပြုရန်။

## ဗိုလ်ချုပ်အောင်ဆန်းပြတိုက်သို့ လာရောက်မည့်မိဘပြည်သူများ လိုက်နာဆောင်ရွက်နိုင်ပါရန် မေတ္တာရပ်ခံပန်ကြားခြင်း

- ⇨ ဘောလ်ပင်အမျိုးမျိုး၊ လက်ကိုင်ဖုန်းအမျိုးမျိုး၊ အလံအမျိုးမျိုး၊ လက်ကိုင်အိတ်အမျိုးမျိုး၊ ကင်မရာအမျိုးမျိုး၊ မီးခြစ်အမျိုးမျိုး၊ ပန်းခွေ/ ပန်းစည်း/ ပန်းခြင်းအမျိုးမျိုး၊ ဗီနိုင်းစအမျိုးမျိုး၊ ပုလင်း/ ဘူး အမျိုးမျိုး၊ အလံကိုင်ဆောင်ရာတွင်အသုံးပြုသည့် တုတ်နှင့်ကော်ပိုက်/ သံပိုက်များယူဆောင်၍ ဗိုလ်ချုပ်အောင်ဆန်းပြတိုက်အတွင်းသို့ ဝင်ရောက်ခွင့်မပြုပါ။
- ⇨ လာရောက်သူများအားလုံး နှာခေါင်းစည်း(Mask)များ မပျက်မကွက် စနစ်တကျတပ်ဆင်ရန်။
- ⇨ သတ်မှတ်ပေးထားသောနေရာများတွင် စနစ်တကျလက်ဆေးခြင်း၊ အသင့်စီစဉ်ပေးထားသော Hand Sanitizer သုတ်လိမ်းခြင်းတို့ကို ဆောင်ရွက်ပြီးမှသာ ဝင်ရောက်ရန်။
- ⇨ ဗဟန်းမြို့နယ်၊ နတ်မောက်လမ်းနှင့် ဗိုလ်ချုပ်ပြတိုက်လမ်းဆုံတွင် ယူဆောင်ခွင့်မပြုသော ပစ္စည်း(၁၀)မျိုးစစ်ဆေးခြင်း၊ Body Search ပြုလုပ်ခြင်း၊ ကိုယ်အပူချိန်တိုင်းတာခြင်းအပါအဝင် ကျန်းမာရေးဆိုင်ရာစစ်ဆေးမှုများနှင့် အမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊ နေရပ်လိပ်စာ၊ တယ်လီဖုန်းနံပါတ်စသည်တို့ကို ပြည့်စုံမှန်ကန်စွာ စာရင်းပေးသွင်းရန် (နိုင်ငံသားစိစစ်ရေးကတ် (သို့မဟုတ်) ဝန်ထမ်းကတ် (သို့မဟုတ်) ကျောင်းသားကတ်(သို့မဟုတ်) ကိုယ်ရေးအချက်အလက်စိစစ်နိုင်သည့် အသိအမှတ်ပြုကတ်ပြား) ယူဆောင်လာပါရန်။
- ⇨ ကျန်းမာရေးဝန်ကြီးဌာနမှ သတ်မှတ်ထားသော Social/Physical Distancing နှင့်အညီ ရှေ့နောက်၊ ဘေးတိုက်အကွာအဝေးများကို (၆)ပေအကွာအဝေးအတိုင်း လိုက်နာနိုင်ရန်နှင့် နေရာများအလိုက်တာဝန်ရှိသူများ၏ စီစဉ်ဆောင်ရွက်မှုကို ပူးပေါင်းပါဝင်ရန်။
- ⇨ ကိုယ်အပူချိန်မြင့်ခြင်း(အပူချိန် ၃၈ ဒီဂရီစင်တီဂရိတ်/ ၁၀၀.၄ ဒီဂရီဖာရင်ဟိုက်)၊ ချောင်းဆိုးခြင်း၊ အသက်ရှူရခက်ခဲခြင်း၊ အားအင်ကုန်ခန်းခြင်းအပါအဝင် သံသယဖြစ်ဖွယ်လက္ခဏာများ စစ်ဆေးတွေ့ရှိရပါက သက်ဆိုင်ရာ၏ အကြံပြုချက်အတိုင်း လိုက်နာဆောင်ရွက်ရန်။
- ⇨ ဗိုလ်ချုပ်အောင်ဆန်းပြတိုက်တွင် တာဝန်ထမ်းဆောင်နေကြသူများ၏ စီစဉ်ဆောင်ရွက်ပေးမှုနှင့်အညီ လိုက်နာဆောင်ရွက်ရန်။
- ⇨ ဗိုလ်ချုပ်အောင်ဆန်းပြတိုက်သို့ လာရောက်လေ့လာသူများအနေဖြင့် တစ်ဦးနှင့်တစ်ဦး (၆)ပေခြား၍ စီတန်းပြီး ပြတိုက်အတွင်း ခွင့်ပြုသည့်အရေအတွက်အတိုင်း ဝင်ရောက်လေ့လာရန်နှင့် တစ်ဦးနှင့်တစ်ဦး (၆)ပေခြားဖြင့်သာ ပြန်လည်ထွက်ခွာရန်။
- ⇨ ကျန်းမာရေးဝန်ကြီးဌာနမှ အချိန်နှင့်တစ်ပြေးညီထုတ်ပြန်ပေးနေသည့် ကိုဗစ်-၁၉ ဆိုင်ရာ ကျန်းမာရေးအသိပေးချက်၊ သတိပေးချက်များကို တိကျစွာ လိုက်နာဆောင်ရွက်ရန်။
- ⇨ သက်ကြီးရွယ်အိုများ၊ နာတာရှည်ရောဂါရှိသူများအနေဖြင့် လုံးဝ(လုံးဝ) လာရောက်ခြင်း မပြုရန်။
- ⇨ ဖျားခြင်း၊ ချောင်းဆိုးခြင်း၊ အသက်ရှူရခက်ခဲခြင်း၊ အားအင်ကုန်ခန်းခြင်း စသည့်ရောဂါလက္ခဏာများဖြစ်ပွားနေပါက လုံးဝ(လုံးဝ)လာရောက်ခြင်းမပြုရန်။

### အာဇာနည်ဗိမာန်၊ ဗိုလ်ချုပ်အောင်ဆန်းပြတိုက်နှင့် အတွင်းဝန်ရုံး(ယခင်ဝန်ကြီးများရုံး)သို့ လာရောက်မည့် ပြည်သူများ Drone ယာဉ်များ ယူဆောင်လာခြင်း လွှတ်တင်ခြင်းများမပြုလုပ်ရန် ကြိုတင်အသိပေးကြေညာချက်







### အာဇာနည်ဗိမာန်၊ ဗိုလ်ချုပ်အောင်ဆန်းပြတိုက်နှင့် အတွင်းဝန်ရုံး(ယခင်ဝန်ကြီးများရုံး)သို့ လာရောက်မည့် ပြည်သူများ ယူဆောင်ခွင့်မပြုသည့် ပစ္စည်း(၁၀)မျိုးစာရင်း






# တစ်သက်တာမှတ်တမ်းနှင့် အတွေးအခေါ်များ

ရွှေဥဒေါင်း

**ယမန်နေ့မှအဆက်**

## စိတ်ပြောင်းလဲပြန်ခြင်း

၁၉၄၄ ခုနှစ်၌ ကျွန်ုပ်သည် ဆေးကုန်သည်အလုပ်ကိုငြီးငွေ့၍ ဥပုသ်ရက်ရှည်စောင့်ပြီး တရားအားထုတ်သည်ဟု ဖော်ပြခဲ့ရာ ကျွန်ုပ်၏ရည်ရွယ်ချက်မှာ (ထိုအကြိမ်၌) တစ်ခါတည်းပေါက်ရောက်ဖို့ မမှန်းထားဘဲ 'အငြီးပြေ' မျှလောက်သာ သဘောထားခဲ့သည်။ 'အငြီးပြေ' ဆိုခြင်းမှာ သွားရလာရ၍ နောက်ကျိသောစိတ်မျိုးဖြစ်လာခြင်းကို ပယ်ထုတ်ရန်မျှသာဖြစ်သည်ဟု ဆိုလိုပါသည်။ တစ်လခန့်ကြာသော် ထိုစိတ်မျိုးပျောက်ပြယ်သွား၍ သူလိုငါလို နေချင်သောစိတ်မျိုး ဖြစ်လာပြန်ရာတွင် ကျွန်ုပ်သည် ငွေရအောင် မည်သို့လုပ်ရပါမည်နည်းဟု အကြံဖြစ်လာ၏။ ထိုအခါက မန်ကျည်းတုံရွာသားများသည် လေးကောင်ဂျင်ကစားဖို့ ဝါသနာပါခါစဖြစ်၍ နေ့ရောညပါ အကြီးအကျယ်ကစားလျက်ရှိရာ ကျွန်ုပ်၏ငုပ်နေသောဝါသနာဟောင်းလေးသည် ဦးခေါင်းပြူ၍ ထလာလေ၏။ လေးကောင်ဂျင်ကစားလျှင် မည်သို့ကစားရသည်ဆိုသောစနစ်(System)ကို ကျွန်ုပ်တွေ့ထားဖူးသည်ဖြစ်၍ ယင်းအတိုင်းလောင်းကစားရာ ငါးခါလောက်အနက်တွင် လေးခါလောက်နိုင်လျက်ရှိ၏။ အဘယ်ကြောင့် ငါးခါစလုံးမနိုင်ရသနည်းဟုမေးခဲ့လျှင် လောင်းကစားခြင်းနှင့်ပတ်သက်သည့် အလုပ်ဟူသမျှတွင် လိမ်လည်ခြင်းမပါဘဲ ကံသက်သက်ဖြင့် ကစားမည်ဆိုပါက ရာခိုင်နှုန်းတင်းပြည့်ကျပ်ပြည့်နိုင်သည်ဟု မဖြစ်နိုင်။ အကြိမ်ပေါင်း ၁၀၀ လျှင် ၈၀ မျှ နိုင်သည်ဆိုပါက 'စနစ်' ကောင်းဟူ၍ ဆိုကြရပေသည်။ ရွာသားများသည် ကျွန်ုပ်ချည်း အနိုင်များခြင်းကိုတွေ့ကြသောအခါ ကျွန်ုပ်ထံသို့ ချဉ်းကပ်ပြီး ကစားပုံကစားနည်းနှင့်ပတ်သက်၍ စနစ် သို့မဟုတ် မူသေနည်းတစ်ခုရှိပါသလောဟု မေးကြ၏။ ကျွန်ုပ်သည် ကောင်းသောစနစ် သို့မဟုတ် နည်းတစ်ခုတွေ့ခဲ့လျှင် လျှို့ဝှက်မထားဘဲ သင်ပြချင်တတ်သည့်အတိုင်း ၎င်းတို့အား သင်ပြပေးရာ စိတ်ကိုချုပ်တည်းရသည့် အလုပ်တစ်ခုလည်း ပါဝင်သောကြောင့် တချို့သာ အောင်မြင်၍ အများအားဖြင့် မအောင်မြင်ကြပေ။ လောင်းကစားခြင်းဖြင့် ငွေရှာသောဝါဒသည် ကောင်းသောဝါဒတစ်ခုမဟုတ်သောကြောင့် ဤအကြောင်းကိုသင်ပြရန် နှောင့်နှေးခြင်းရှိပါ၏။ သို့သော် မကစားဖူးသည့်လူများ ကစားစေဖို့တိုက်တွန်းရန်မဟုတ်ဘဲ ကစားကြသည့်အတူတူ နည်းနည်းရှုံး၍ များများနိုင်စေခြင်းငှာ ကျွန်ုပ်တွေ့ထားသည့် စနစ်တစ်ခုကို အကျဉ်းအားဖြင့် ဖော်ပြလိုက်ပါဦးမည်။

> "ရှေးဦးစွာ ထားရှိဖို့လိုအပ်သော စိတ်ထားတစ်ခုမှာ 'ငါသည် လောင်းကစားခြင်းအားဖြင့် သူဌေးဖြစ်ဖို့ မရည်ရွယ်၊ စားသောက်ဖို့၊ သုံးစွဲဖို့ရလျှင် တော်လောက်ပြီ' ဟူသောရည်ရွယ်ချက်ထားရမည်။ ဤအချက်သည် လွန်စွာအရေးကြီး၏။ ကစားသမားများအနက် ငွေ ၁၀၀ နှင့် အရင်းပြုပြီး လေးငါးရာနိုင်ပြီးမှ လောဘကို မသတ်နိုင်ဘဲ ဆက်လက်ကစားခြင်းကြောင့် အားလုံးပြောင်ခဲ့ရခြင်းကို ကြုံရဖူးသူ အမြောက်အမြားရှိကြပေသည် . . ."

## မူလစိတ်ထားတစ်ခု

ရှေးဦးစွာ ထားရှိဖို့လိုအပ်သော စိတ်ထားတစ်ခုမှာ 'ငါသည် လောင်းကစားခြင်းအားဖြင့် သူဌေးဖြစ်ဖို့ မရည်ရွယ်၊ စားသောက်ဖို့၊ သုံးစွဲဖို့ရလျှင် တော်လောက်ပြီ' ဟူသောရည်ရွယ်ချက်ထားရမည်။ ဤအချက်သည် လွန်စွာအရေးကြီး၏။ ကစားသမားများအနက် ငွေ ၁၀၀ နှင့် အရင်းပြုပြီး လေးငါးရာနိုင်ပြီးမှ လောဘကို မသတ်နိုင်ဘဲ ဆက်လက်ကစားခြင်းကြောင့် အားလုံးပြောင်ခဲ့ရခြင်းကို ကြုံရဖူးသူ အမြောက်အမြားရှိကြပေသည်။ ငွေ ၁၀၀ ကျပ်ကို လက်ကိုင်ပြု၍ ၂၀၀ ကျပ် သို့မဟုတ် ၃၀၀ ကျပ်မျှ နိုင်သည်ဆိုလျှင် တော်လောက်ပြီဟု ယူဆသင့်၏။ ကျွန်ုပ်၏မိတ်ဆွေတစ်ယောက် (ကိုခင်မောင်တင့်) မှာ ငွေ ၁၀၀ ကျပ်ကို အရင်းတည်၍ ကစားရာမှ ၁၀၀၀ ကျပ် နိုင်သော်လည်း မတော်နိုင်သည့်အတွက်ကြောင့် အားလုံးပြန်ရှုံးရသော အဖြစ်မျိုးနှင့်(သူ့တစ်သက်တာတွင်) မကြာခဏကြုံရရှာသည်။ ကျွန်ုပ်ကိုယ်တိုင်မှာလည်း(အဝါးမဝမီက) ဤနည်းအတိုင်း အကြိမ်ကြိမ်ခံခဲ့ရဖူးသည်။ ကံတရား၏သဘာဝမှာ (ဤနေရာ၌ ကံ၊ ဉာဏ်၊ ဝီရိယဟူသော အဓိပ္ပာယ်ကိုမဆိုလို။ ဖြစ်ချင်သလို အရမ်းမဲ့ဖြစ်တတ်သည့် Chance အဓိပ္ပာယ်ကို ဆိုလိုသည်။) တစ်လျှောက်တည်း တစ်ဆက်တည်း အလွန်ကြာရှည်စွာ မဖြစ်တတ်၊ အပြောင်းအလဲရှိတတ်သည့် သဘာဝရှိ၏။ ဥပမာ – ပိုက်ဆံတစ်ပြားကို လှည့်လိုက်သည့်အခါ ခေါင်းချည်းလည်း မကျတတ်။ ပန်းချည်းလည်း မကျတတ်။ မျှမျှတတကျတတ်သော သဘာဝရှိ၏။ သို့သော် တိတိကျကျက တစ်လှည့်စီကျရမည်ဟု မဆိုနိုင်။ "မျှမျှတတကျတတ်ခြင်း" ဟု ဆိုလိုခြင်းသာဖြစ်၏။

အထက်တွင်ဖော်ပြခဲ့သည့် 'ကြွေလမ်း' အမျိုးမျိုးရှိသည့်အနက် တစ်ကောင်တည်းဝပ်နေသည်ဖြစ်စေ၊ လေးအိမ်ကြက်ခြေသွားနေသည့်အခါဖြစ်စေ၊ ပတ်ကြွေသွားနေသည့်အခါ၌ဖြစ်စေ ကြုံရပါမူကား အောထိုးခြင်းသည် လွန်စွာအရာရောက်၏။ ထိုးတိုင်းတည့်အောင် နွယ်သောအခါများ၌လည်း အောထိုးခြင်းသည် ကျေးဇူးရှိပါ၏။ သို့မဟုတ်ပါက ကြိုးနှင့်ရုံကိုသာ ထိုးသင့်ပေသည်။ ရုံထိုး၍ ခဏခဏ ဖင်ချည်းတိုက်နေပါလျှင်လည်း ကြိုးကစားခြင်းသည် ကောင်းသောစနစ်တစ်ခုဖြစ်လေသည်။ လောင်းကစားခြင်းနှင့်ပတ်သက်၍ ဇွတ်လုပ်ချင်တတ်သောဝါသနာသည် ရှုံးတတ်ခြင်း၏ လက္ခဏာတစ်ခုဖြစ်သည်ဟု နားလည်သင့်ပေသည်။ ဇွတ်လုပ်၍ ရခြင်းမျိုးလည်း တစ်ခါတစ်ရံကြုံရတတ်ပါ၏။ သို့သော် စနစ်သမားသည် ဤဝါသနာကို စွန့်ပယ်ပါမှ ဟန်ကျပေလိမ့်မည်။

တစ်ဖန် လောင်းကစားခြင်းအလုပ်သည် မကောင်းသောအလုပ်ဖြစ်သည်ဟု ယုံကြည်ပါလျက် လောင်းကစားနည်းကို ဖော်ပြပါက ဝါဒဖြန့်ရာရောက်မည်ဟုသိသော်လည်း အဘယ်ကြောင့် ထည့်သွင်းဖော်ပြရပါသနည်းဟု မေးဖွယ်ရာရှိ၏။ ဤမေးခွန်းကို ကျွန်ုပ်ရိုးသားစွာဖြေဆိုပါမည်။ (၁) နှစ်ပေါင်းများစွာ အနစ်နာခံ၍ လေ့လာခဲ့ပြီးနောက် ကျေးဇူးရှိသည်ဟု ယုံကြည်သော (သို့မဟုတ် ကိုယ်တွေ့ဖြစ်သော) စနစ်တစ်ခုကို ပညာပေးသောအနေဖြင့် သင်ပြလိုသောကြောင့်ဖြစ်ပါသည်။ ဤတွင်လည်း အထက်၌ဖော်ပြခဲ့သည့်အတိုင်း ဝါသနာမရှိသူများအား သွေးဆောင်တိုက်တွန်းဖို့မရည်ရွယ်။ ဝါသနာရှိ၍ လောင်းကစားနေကြသည့်အတူတူ ရှုံးစရာရှိလျှင် နည်းနည်းရှုံး၍ နိုင်စရာရှိလျှင် များများနိုင်သောစနစ်အနေဖြင့် တင်ပြခြင်းဖြစ်ပါသည်။ 'ဆေးသေပေါက်'နိုင်သောစနစ်ဟူ၍ မဆိုလိုပါ။ (၂) လေးကောင်ဂျင်ကစားနည်းတွင် ဒိုင်ကား တစ်ဖက်၊ ထိုးသားများကား တစ်ဖက်ဟူ၍ ကျွန်ုပ်မြင်မိရာ ဒိုင်သည်(အကောက်ဖြင့် ဖိစီးထားသူဖြစ်၍) ခွန်အားရှိသူအနေဖြင့်လည်းကောင်း၊ ထိုးသားများသည် (အကောက်ဖြင့် ဖိစီးခြင်းခံရသူများဖြစ်၍) ခွန်အားနည်းသူများအနေဖြင့်လည်းကောင်း ကျွန်ုပ်မြင်မိသည်။

ကျွန်ုပ်သည် လောကတွင် မည်သည့်အရာဖြစ်စေ ခွန်အားနည်းသည့်ဘက်မှ ကူညီချင်တတ်သော ဝါသနာရှိသူဖြစ်၍ ဒိုင်နှင့်ထိုးသားများ စီးပွားရေးစစ်တိုက်ကြရာတွင် ခွန်အားနည်းသော ထိုးသားများဘက်မှ အကူအညီပေးသောအားဖြင့် သင်ပြလိုသောကြောင့် တစ်ကြောင်းဖြစ်ပါသည်။ တစ်ခုသတိပေးလိုသည်မှာ ဤစနစ်ကိုတွေ့ပြီဆို၍ (ဝါသနာမပါဘဲလျက်) နိုင်လိုသည့်အတွက် စမ်းကြည့်မည်ဟူ၍ စိတ်မကူးပါလေနှင့်။ တကယ့်တကယ် အလုပ်လုပ်သောအခါ၌ စိတ်ကိုချုပ်တည်းရန်ဖြစ်စေ၊ သဒ္ဒါပြန်သုံးလှည့်ထိုးဖို့ စွန့်စားရန်ဖြစ်စေ၊ လွယ်ကူသောအလုပ်မဟုတ်ဟူ၍ နားလည်ထားဖို့ လိုအပ်ပါသည်။ မိမိ၏စနစ်သေချာခြင်းကို အထပ်ထပ်တွေ့ရှိထားသည့် ကျွန်ုသည်ပင်လျှင် စနစ်ကိုဖောက်ဖျက်မိသော အကြိမ်ပေါင်းမြောက်မြားစွာရှိ၍ ခံခဲ့ရဖူးခြင်းများလည်း ကြုံခဲ့ရဖူးလှပါပြီ။ ဆိုလိုခြင်းမှာ ဤစနစ်သည် ဝါသနာမပါသောလူများအတွက် မရည်ရွယ်။ ဝါသနာအိုးများအတွက် သက်သက်ဖော်ပြခြင်းဖြစ်ပါသည်။ စိတ်ကို မနိုင်ဘဲနှင့် စမ်းသပ်သူများအဖို့မှာ ရှုံးဖို့များသည်ဟု နောက်ပိတ်ဆုံးသတိပေးလိုက်ပါသည်။

## ဝမ်းချုခြင်း၏ကျေးဇူး

ကျွန်ုပ်၏ဖခင်ပြောလေ့ရှိသော စကားတစ်ခွန်းမှာ "အဘိုးကြီး၊ အမယ်ကြီး လင်မယားများဟာ အဘိုးကြီးသေပြီးတဲ့နောက် အမယ်ကြီးလည်း တယ်မကြာဘူး၊ လိုက်သွားတတ်တယ်။ အမယ်ကြီးသေပြီးတဲ့နောက်လည်း အဘိုးကြီးဟာ တယ်မကြာဘူး၊ လိုက်သွားတတ်တာပဲ။ တစ်ယောက်တည်းကြာကြာကြီး ကျန်ရစ်တဲ့အဘိုးကြီး၊ အမယ်ကြီး အင်မတန်နည်းတယ်"ဟူသည်ပင်ဖြစ်၏။ မိထွေးသေဆုံးပြီးနောက် ကျွန်ုပ်ဖခင်မှာ သိသိသာသာကြီး ညှိုးငယ်ခြင်းကို ကျွန်ုပ်တွေ့ရ၍ သူ၏စကားအတိုင်း ဖြစ်ချေမည်လောဟု ကျွန်ုပ်သတိရ၏။ ထို့ကြောင့် ဖခင်သဘောမတူသည့် လောင်းကစားအလုပ်ကိုပင် နိုင်မှန်းသိလျက်နှင့် ဖြတ်ထားလိုက်ပါသည်။

**ဆက်လက်ဖော်ပြပါမည်။**

---

# လှိုင်သာယာ (အနောက်ပိုင်း) မြို့နယ်၌ အခွန်ဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲကျင်းပ

ရန်ကုန် ဇူလိုင် ၁၃

ရန်ကုန်တိုင်းဒေသကြီး အင်းစိန်ခရိုင် လှိုင်သာယာ (အနောက်ပိုင်း) မြို့နယ် အခွန်ဦးစီးဌာနမှူးရုံး၏ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် တည်ဆဲဥပဒေများအရ လိုက်နာဆောင်ရွက်ရမည့်ကိစ္စရပ်များနှင့်စပ်လျဉ်း၍ လှိုင်သာယာ (အနောက်ပိုင်း) မြို့နယ်အတွင်းရှိ လုပ်ငန်းရှင်များကို အခွန်ဆိုင်ရာသိမှတ်ဖွယ်ရာများနှင့် ပြေစာအမှတ်တံဆိပ်ဆိုင်ရာသိမှတ်ဖွယ်ရာများ အသိပညာပေးဆွေးနွေးပွဲကို ဇူလိုင်လ ၁၃ ရက်တွင် မြို့နယ်အခွန်ဦးစီးဌာနမှူးရုံးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်အခွန်ဦးစီးဌာန ဦးစီးမှူး ဦးဝင်းနိုင်က အခွန်ဆိုင်ရာသိမှတ်ဖွယ်ရာများကို Power Point ဖြင့် ရှင်းလင်းတင်ပြသည်။

ထို့နောက် မြို့နယ်အခွန်ဦးစီးဌာန ဦးစီးအရာရှိ ဦးရဲထွဋ်က ပြေစာများအပေါ် အခွန်အမှတ်တံဆိပ်ကပ်နှိပ်ခြင်းဆိုင်ရာ သိမှတ်ဖွယ်ရာများကို သက်ဆိုင်ရာကဏ္ဍအလိုက် ရှင်းလင်းတင်ပြသည်။



ဆက်လက်၍ တက်ရောက်လာကြသူများက သိရှိလိုသည်များကို မေးမြန်းကြရာ မြို့နယ်အခွန်ဦးစီးဌာန ဦးစီးမှူး ဦးဝင်းနိုင်က ပြန်လည်ဖြေကြားပေးသည်။ အခမ်းအနားသို့ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် စီးပွားရေးလုပ်ငန်းရှင်များ တက်ရောက်ကြကြောင်း သိရသည်။

**ကျော်သန်း(မြို့နယ်ပြန်/ဆက်)**

## လွတ်လပ်ရေးရဲ့တာဝန်

**လွတ်လပ်ရေးရပင်ရသော်ငြားလည်း လွတ်လပ်ရေးရဲ့တာဝန်တွေကို ကျွန်တော်တို့က မထမ်းဆောင်ချင်ဘူးဆိုရင် ခင်ဗျားတို့ရတဲ့လွတ်လပ်ရေးဟာ ဒီကနေ့ရပြီး မနက်ဖြန်ခါ တခြားလက်ပြန်ပါသွားမှာပဲဆိုတာ ခင်ဗျားတို့သိစေချင်တယ်။**

(၁၉၄၇ ခုနှစ်၊ ဇူလိုင်လ ၁၃ ရက်နေ့ မြို့တော်ခန်းမကြီး၌ကျင်းပသော ပြည်သူ့အစည်းအဝေးကြီးတွင် ဗိုလ်ချုပ်အောင်ဆန်းပြောကြားခဲ့သည့် မိန့်ခွန်းမှကောက်နုတ်ချက်)



# ပန်းတောင်းမြို့နယ်အတွင်း မိုးသီးနှံများ ပန်းတိုင်အထွက်နှုန်းရရှိရေး ကွင်းဆင်းကြည့်ရှု

ပန်းတောင်း ဇူလိုင် ၁၃

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းနှင့်အဖွဲ့ဝင်သည် ဇူလိုင်လ ၁၂ ရက် နံနက်ပိုင်းတွင် ပန်းတောင်းမြို့နယ်အတွင်း မိုးသီးနှံများ ပန်းတိုင်အထွက်နှုန်း ရရှိရေး ကွင်းဆင်းကြည့်ရှုကြောင်း သိရသည်။

ရှေးဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းနှင့်အဖွဲ့သည် ပန်းတောင်းမြို့နယ် သရက်လိန်ကျေးရွာအုပ်စုရှိ တောင်သူ ဦးရဲဇော်၏ ပေါင်ကြီးတင်စနစ်ဖြင့် မိုးနှမ်း ၁၀ ဧက စိုက်ပျိုးအောင်မြင်ဖြစ်ထွန်းနေမှုကို ကွင်းဆင်းကြည့်ရှုအားပေးပြီး ဒေသခံနှမ်းစိုက်တောင်သူများနှင့်တွေ့ဆုံ၍ ပန်းတိုင်အထွက်နှုန်းရရှိသည့် နှမ်းမျိုးကောင်းမျိုးသန့်များနှင့် ပေါင်ကြီးတင်စနစ်ပြောင်းလဲစိုက်ပျိုးခြင်း၏ အကျိုးကျေးဇူးကို ယခုအခါ သိမြင်နေရပြီဖြစ်၍ တောင်သူများအနေဖြင့် ဆီထွက်သီးနှံနေကြာအား မိရိုးဖလာစိုက်ပျိုးနည်းစနစ်မှ ပေါင်ကြီးတင်စိုက်ပျိုးနည်းစနစ်သို့ မဖြစ်မနေ ပြောင်းလဲစိုက်ပျိုးသွားရန်နှင့် နှမ်းစိုက်တောင်သူများထံသို့ အထွက်နှုန်းကောင်း နှမ်းမျိုးကောင်းမျိုးသန့်များ လွှမ်းခြုံရရှိနိုင်ရေး ဆောင်ရွက်ပေးရန် တာဝန်ရှိသူများအား မှာကြားသည်။



ထို့နောက်တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ပန်းတောင်းမြို့နယ်အတွင်းရှိ နှစ်စဉ်ရေကြီးနစ်မြုပ်သော မိုးစပါးစိုက်ဧက ၁၇၇၈ ဧကအား ရေကြီးနစ်မြုပ်မှုမှကာကွယ်ပေးနိုင်ရေး သရက်လိန်ကျေးရွာအုပ်စုအတွင်းရှိ သူရဲဇီးချောင်းတံတားကို ရေတံခါးတပ်ဆင်ခြင်း၊ ကြခတ်ရပ်ကွက်အတွင်းရှိ ကြခတ်အနောက်ချောင်းတံတားကို ရေတံခါးတပ်ဆင်ခြင်းနှင့် စည်သာရပ်ကွက်အတွင်းရှိဒီးဒုတ်ချောင်းတံတားကို ရေတံခါးတပ်ဆင်ခြင်းလုပ်ငန်းများဆောင်ရွက်နိုင်ရေး ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး ရေကြီးနစ်မြုပ်နိုင်သည့် မိုးစပါးစိုက်ဧကများအတွက် ကြိုတင်ပျိုးထောင်ခြင်းစနစ်ဖြင့် ကာကွယ်သွားရန်နှင့် တည်ဆောက်ရေးလုပ်ငန်းများနှင့်ပတ်သက်၍ နှစ်စဉ်ဘတ်ဂျက်လျာထားတင်ပြရန် တာဝန်ရှိသူများအား မှာကြားသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ပန်းတောင်းမြို့နယ် မကြီးထုံးကျေးရွာအုပ်စုရှိ မိုးစပါးစိုက်ဧကများ စုပေါင်းခါတ်မြေဩဇာကြဲပက်ပွဲသို့ တက်ရောက်ကြည့်ရှုအားပေးပြီးဒေသခံတောင်သူများနှင့်တွေ့ဆုံ၍ တစ်ဧကစိုက်ပျိုးထုတ်လုပ်မှု ကုန်ကျစရိတ်လျော့ကျစေရေး သဘာဝမြေဩဇာများ ကျယ်ကျယ်ပြန့်ပြန့်သုံးစွဲသွားရန်နှင့် မြေဆီဩဇာကောင်းမွန်စေရေး၊ မိုးစပါးပြီးပါက ပဲသီးနှံတစ်မျိုးမျိုးစိုက်ပျိုးနိုင်ရေး တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ပန်းတောင်းမြို့နယ် ဥသျှစ်ပင်မြို့ရှိ MSME လုပ်ငန်းရှင် ဒေါ်ထက်ထက်အိ၏ ခနမြေပဲဆီ(ဆုံဆီ)လုပ်ငန်းသို့ သွားရောက်ကြည့်ရှုအားပေးပြီး ပြည်ပသွင်းကုန်အစားထိုးလုပ်ငန်းဖြစ်ခြင်း၊ ဒေသထွက်ကုန်ကြမ်းပစ္စည်းများဖြင့် တန်ဖိုးမြှင့်ထုတ်ကုန် ထုတ်လုပ်ရောင်းချသည့် လုပ်ငန်းဖြစ်ခြင်း၊ ဒေသခံပြည်သူများအား အလုပ်အကိုင် ဖန်တီးပေးနိုင်ခြင်းတို့ကြောင့် လုပ်ငန်းများရေရှည်ရပ်တည်နိုင်ရေးနှင့် ပြည်ပနိုင်ငံများသို့ ပို့ဆောင်နိုင်ရေး တာဝန်ရှိသူများနှင့် ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးကြောင်းသိရသည်။

(၄၀၁)၊ တင်စိုး(ပဲခူး)

# မြဝတီမြို့၌ ဒုတိယအကြိမ် မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားကျင်းပ

မြဝတီ ဇူလိုင် ၁၃

နိုင်ငံတော်၏သယံဇာတများ ရေရှည်တည်တံ့စေရန်၊ သဘာဝပတ်ဝန်းကျင်နှင့် ဂေဟစနစ်မျှတမှုကို ထိန်းသိမ်းနိုင်စေရန်၊ စိမ်းလန်းစိုပြည်သည့် ရေမြေသဘာဝ ဖြစ်ထွန်းစေရန်၊ ကောင်းမွန်မျှတသည့် ရာသီဥတုဖြစ်ပေါ်စေရန်၊ အရိပ်အာဝါသ ရရှိစေရန်၊ အပူဒဏ်လျှော့ချနိုင်ရေး၊ အဖိုးတန်ဂေဟစနစ်များ မပျောက်ပျက်အောင် စောင့်ရှောက်နိုင်ရန်နှင့် သစ်တောထိန်းသိမ်းရေးလုပ်ငန်းများတွင် အထောက်အကူပြုစေရန်ရည်ရွယ်၍ မြဝတီမြို့၌ ဒုတိယအကြိမ် မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားကို ဇူလိုင်လ ၁၂ ရက် နံနက်ပိုင်းတွင် မြန်မာ-ထိုင်း အမှတ်(၂) ချစ်ကြည်ရေးတံတား ကုန်တင်ကုန်ချ ပတ်လမ်းတစ်လျှောက်၌ ကျင်းပသည်။

ရှေးဦးစွာ မြဝတီခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ အုပ်ချုပ်ရေးမှူး ဦးကောင်းစံလင်း၊ ခရိုင်ရဲတပ်ဖွဲ့မှူးနှင့် တာဝန်ရှိသူများက ပျိုးပင်များအား ဦးဆောင်စိုက်ပျိုးကြသည်။

ထို့နောက် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်မော်အောင်၊ ခရိုင်သစ်တောဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်စိုးတင့်၊ ခရိုင်နှင့်မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အခြေခံပညာကျောင်းများမှ ဆရာ၊ ဆရာမများ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများက သတ်မှတ်နေရာများတွင် ပျိုးပင်များ စုပေါင်းစိုက်ပျိုးကြသည်။

အဆိုပါ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ခရိုင်သစ်တောဦးစီးဌာနက စီစဉ်ဆောင်ရွက်ခြင်းဖြစ်ပြီး ပျိုးပင်ပေါင်း ၅၀၅ ပင် စုပေါင်းစိုက်ပျိုးကြကြောင်း သိရသည်။

(၄၀၆)

# သာစည်လမ်းမှ ရွှေတောင်-ချောက်ပင်-ခင်းလူးလမ်းတာချဲ့၍ ကျောက်ချောလမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်

မိတ္ထီလာ ဇူလိုင် ၁၃

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ်၌ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် သာစည်လမ်းမှ ရွှေတောင်-ချောက်ပင်-ခင်းလူးလမ်းတာချဲ့၍ ကျောက်ချောလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်လျက်ရှိကြောင်း မြို့နယ်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ သိရသည်။

ထိုသို့ဆောင်ရွက်ရာတွင် ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တိုင်းဒေသကြီး(ငွေလုံးငွေရင်း) ရန်ပုံငွေ ၇၉ ဒသမ ၈၉၅ သန်းဖြင့် မိတ္ထီလာမြို့နယ်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ အရှည် ၀/၂၀မိုင်၊ အကျယ် ၁၆ ပေ၊ ထု ၉ လက်မရှိ သာစည်လမ်းမှ ရွှေတောင်-ချောက်ပင်-ခင်းလူးလမ်းတာချဲ့၍ကျောက်ချောလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်လျက်ရှိသည်။

မြို့နယ်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ကျေးလက်နေပြည်သူများသွားလာရာတွင် အဆင်ပြေစေရန် နှစ်စဉ်ဘဏ္ဍာရေးနှစ်အလိုက် လမ်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ၊ တံတားပြုပြင်တည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ (၆၀၂)


MWD Education, Knowledge & Sports Channel ၁၄-၇-၂၀၂၅(တနင်္လာနေ့)

၁။ ၀၇:၀၀ - ၀၈:၃၅ Grade - 6 မြန်မာစာ၊ အင်္ဂလိပ်စာ
၂။ ၁၅:၃၀ - ၁၆:၃5 Grade - 6 အင်္ဂလိပ်စာ၊ သင်္ချာ(၁)
၃။ ၁၆:၃၅ - ၁၇:၃၆ Grade - 6 သင်္ချာ(၂)၊ ပထဝီဝင်
၄။ ၁၇:၃၆ - ၁၈:၁၆ Grade - 6 သမိုင်း၊ သိပ္ပံ
၅။ ၁၈:၁၆ - ၁၈:၄၃ Grade - 3 မြန်မာစာ၊ အင်္ဂလိပ်စာ
၆။ ၁၈:၄၃ - ၁၉:၅၆ Grade - 3 သင်္ချာ၊ လူမှုရေး၊ သိပ္ပံ

# လှိုင်းဘွဲ့မြို့နယ်၌ လူငယ်ရေးရာအသိပညာပေးဟောပြောပွဲနှင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေး

လှိုင်းဘွဲ့ ဇူလိုင် ၁၃

ကရင်ပြည်နယ် ဘားအံခရိုင် လှိုင်းဘွဲ့မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာန၊ မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း၊ ဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့တို့ပူးပေါင်း၍ လူငယ်ရေးရာအသိပညာပေးဟောပြောပွဲနှင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ဇူလိုင်လ ၁၂ ရက်က အခြေခံပညာ အထက်တန်းကျောင်း၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးစောသော်တာလင်းသန့်က အာဇာနည်နေ့ဖြစ်ပေါ်လာပုံသမိုင်းကြောင်းကို အသိပညာပေးဟောပြောပြီး မြို့နယ်ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ဦးစီးမှူး ဒေါ်အေးအေးရီက မိုးရာသီတွင် ဖြစ်ပေါ်တတ်သော မုန်တိုင်းဘေး၊ ရေဘေး၊ မိုးကြိုးဘေးနှင့် မြေပြိုဘေးအန္တရာယ်များကို ကြိုတင်ကာကွယ်ခြင်း၊ ဖြစ်ပေါ်ချိန်နှင့် ဖြစ်ပေါ်ပြီးနောက်တွင် ဆောင်ရွက်ကြရမည့်အချက်များ၊ ရှောင်ကြဉ်ရမည့်အချက်များအကြောင်းကို ဟောပြောသည်။

ယင်းနောက် မြို့နယ်လူမှုဝန်ထမ်းဦးစီးဌာန ဦးစီးမှူး ဦးစိုင်းရန်နောင်က ကလေးသူငယ်အခွင့်အရေးဆိုင်ရာ ဥပဒေများအကြောင်း၊ မြို့နယ်ဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်ငွေက ကျောင်းသား၊ ကျောင်းသူများအနေဖြင့် သိထားကြရမည့် ဥပဒေများနှင့် ပြစ်မှု၊ ပြစ်ဒဏ်များအကြောင်း၊ မြို့နယ် မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်းဥက္ကဋ္ဌ ဦးဌေးဝင်းက မူးယစ်ဆေးဝါးများ၏ ဆိုးကျိုးအန္တရာယ်များ၊ ပူးပေါင်းကာကွယ်တိုက်ဖျက်ကြရမည့်အကြောင်းများကို အသိပညာပေးဟောပြောသည်။



ထို့နောက် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသော(၇၈)နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ်အကြိုအဖြစ် ဗိုလ်ချုပ်အောင်ဆန်း၏ လွတ်လပ်ရေးကြိုးပမ်းမှုမှတ်တမ်းဓာတ်ပုံများ၊ ဗိုလ်ချုပ်အောင်ဆန်း၏မိန့်ခွန်းများ၊ အာဇာနည်နေ့ဖြစ်ပေါ်လာပုံသမိုင်းကြောင်း၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် မူးယစ်ဆေးဝါးများ၏ ဆိုးကျိုးအန္တရာယ်များအကြောင်း အသိပညာပေးနံရံကပ်စာစောင်နှင့်ဓာတ်ပုံများကို ကျောင်းသား၊ ကျောင်းသူများက စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာကြကြောင်း သိရသည်။

**စောဒိ(ပြန်/ဆက်)**

# မင်္ဂလာဒုံမြို့နယ်၌ လူငယ်နှင့် E- စီးကရက်အန္တရာယ်ခေါင်းစဉ်ဖြင့် အသိပညာပေးဆွေးနွေး

ရန်ကုန် ဇူလိုင် ၁၃


ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံခရိုင် မင်္ဂလာဒုံမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ကြက်ခြေနီကော်မတီတို့ပူးပေါင်း၍ လူငယ်နှင့် E-စီးကရက်အန္တရာယ်ခေါင်းစဉ်ဖြင့် အသိပညာပေးဆွေးနွေးပွဲကို ဇူလိုင်လ ၁၂ ရက်က မင်္ဂလာဒုံမြို့နယ်ရှိ လူထုအခြေပြုဗဟိုဌာန၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးသိန်းထွန်းအောင်က အသိပညာပေးဆွေးနွေးပွဲကျင်းပရခြင်း၏ရည်ရွယ်ချက်များကို ပြောကြားသည်။

ထို့နောက် ကြက်ခြေနီကော်မတီမှ ကော်မတီဝင် ဦးနေဆန်းက E-စီးကရက်သောက်သုံးခြင်းသည် ဆေးလိပ်၊ စီးကရက်များ သောက်သုံးခြင်းကဲ့သို့ သုံးစွဲသူများ၏ အဆုတ်ကို ဆိုးရွားစွာထိခိုက်စေကြောင်း၊ သုံးစွဲသူများတွင် ကင်ဆာရောဂါအမျိုးမျိုးဖြစ်ပွားနိုင်ခြေမြင့်မားစေကြောင်း၊ E-စီးကရက်အငွေ့ထဲတွင် အငွေ့ပြန်လွယ်သော အော်ဂဲနစ်ဒြပ်ပေါင်းများ၊ နီကိုတင်း၊ ကင်ဆာဖြစ်စေနိုင်သော ဓာတုပစ္စည်းများ၊ နီကယ်၊ သံဖြူ၊ ခဲသား စသောသတ္တုပစ္စည်းများ၊ သာမန်မျက်စိဖြင့် မမြင်နိုင်သောအမှုန်များ၊ အဆုတ်ကို ဆိုးရွားစွာ ထိခိုက်စေနိုင်သော ဓာတုပစ္စည်းများပါဝင်သဖြင့် လူငယ်များအနေဖြင့် စမ်းသပ်မသောက်သုံးသင့်ကြောင်း ပြောကြားသည်။

မင်္ဂလာဒုံမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနအနေဖြင့် အထိမ်းအမှတ်နေ့များတွင် ကဗျာ၊ ကာတွန်း၊ ဆောင်းပါး၊ စာစီစာကုံးပြိုင်ပွဲများ ကျင်းပပေးခြင်း၊ လူငယ်စကားဝိုင်းများ၊ စာပေဆွေးနွေးပွဲများ ကျင်းပပေးခြင်းတို့ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**မင်းသိန်းထွန်း**




# ဟဲဟိုးမြို့၌ မျိုးအာလူးအအေးခန်းစက်ရုံ တည်ဆောက်နေမှု ၃၀ ရာခိုင်နှုန်းခန့်ပြီးစီး

ဟဲဟိုး ဇူလိုင် ၁၃

ရှမ်းပြည်နယ်(တောင်ပိုင်း) ကလောမြို့နယ် ဟဲဟိုးမြို့ရှိ ဟဲဟိုးအာလူးအသင်းမှ တာဝန်ယူတည်ဆောက်လျက်ရှိသော မျိုးအာလူးအအေးခန်းစက်ရုံမှာ လက်ရှိတွင် ၃၀ ရာခိုင်နှုန်းခန့်ပြီးစီးနေပြီဖြစ်ကြောင်း ဟဲဟိုးအာလူးအသင်းဥက္ကဋ္ဌ ဦးအောင်သန်းကျော်၏ပြောကြားချက်အရ သိရသည်။

အဆိုပါမျိုးအာလူးအအေးခန်းစက်ရုံကို ဟဲဟိုးအာလူးအသင်းမှကြီးမှူး၍ ဟဲဟိုးမြို့နှင့်ဘော်နင်းစံပြကျေးရွာကြားရှိ အကျယ်အဝန်းနှစ်ဧကကျော်ရှိသော ယာမြေပေါ်၌ တည်ဆောက်လျက်ရှိပြီး ဒေသခံတောင်သူများအနေဖြင့် နှစ်စဉ် အာလူးစိုက်ရာသီတွင် အာလူးမျိုးအတွက် အခက်အခဲမရှိစေရန်ရည်ရွယ်၍ ယင်းအအေးခန်းစက်ရုံကို တည်ဆောက်နေခြင်းဖြစ်ကြောင်း သိရသည်။

"မျိုးအာလူးအအေးခန်းစက်ရုံ တည်ဆောက်ဖို့အတွက် ဒေသခံတောင်သူအစုအဖွဲ့တွေကို အစည်းအဝေးခေါ်ယူပြီး တိုင်ပင်ဆွေးနွေးတဲ့အခါ အားလုံးကလည်း ဆောက်လုပ်ဖို့ဆန္ဒရှိကြပါတယ်။ ဒါကြောင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့ကိုတင်ပြပြီး ခွင့်ပြုချက်ရတဲ့အခါမှာ အအေးခန်းစက်ရုံကို စတင်တည်ဆောက်ခဲ့ပါတယ်။ အခုဆိုရင် တည်ဆောက်မှုအခြေအနေက ၃၀ ရာခိုင်နှုန်းလောက် ပြီးစီးနေပါပြီ"ဟု ဦးအောင်သန်းကျော်ကပြောသည်။

စက်ရုံအဆောက်အအုံကို Steel Structure အခြေခံ၍ တည်ဆောက်နေခြင်းဖြစ်ပြီး ထိုအအေးခန်းစက်ရုံတည်ဆောက်ရန် စုစုပေါင်း ငွေကျပ်သိန်း ၆၀၀၀၀ ခန့် ကုန်ကျမည်ဟု ခန့်မှန်းထားကြောင်း၊ ထိုစက်ရုံတည်ဆောက်ရန် တောင်သူများက တစ်စုလျှင် ငွေကျပ် သုံးသိန်းနှုန်းဖြင့် အစုပေါင်း နှစ်သောင်းခန့် ထည့်ဝင်ထားကြကြောင်း သိရသည်။

ဟဲဟိုးမြို့ရှိ ဒေသခံတောင်သူများသည် နှစ်စဉ် အာလူးပေါ်ချိန်တွင် ၎င်းတို့စိုက်ပျိုးထွက်ရှိလာသော မျိုးကောင်းမျိုးသန့်အာလူးများကို အအေးခန်းစက်ရုံများ၌ သိမ်းဆည်းလေ့ရှိပြီး ယခုကဲ့သို့ အအေးခန်းစက်ရုံတည်ဆောက်ခြင်းဖြင့် ပြည်ပမှအာလူးမျိုးများ တင်သွင်းမှုကို လျှော့ချနိုင်မည်ဖြစ်ကာ တောင်သူများလည်း အကျိုးအမြတ်ပိုမိုရရှိလာနိုင်ကြောင်း သိရသည်။

**ဆောင်းဦး**

# ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး၌ ဇွန်လအတွင်း ယာဉ်မတော်တဆမှု ၂၁ မှုဖြစ်ပွား

ရန်ကုန် ဇူလိုင် ၁၃

ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး၌ ဇွန်လအတွင်း ယာဉ်မတော်တဆမှု ၂၁ မှုဖြစ်ပွားခဲ့ကြောင်း အမြန်လမ်းရဲတပ်ဖွဲ့မှူးရုံးမှ တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရသည်။

ယခုနှစ် ဇွန်လအတွင်း အမြန်လမ်းတွင် ယာဉ်မတော်တဆမှု ၂၁ မှုဖြစ်ပွားခဲ့ပြီး ထိခိုက်ဒဏ်ရာရသူ ၃၉ ဦးရှိကာ သေဆုံးသူ သုံးဦးရှိခဲ့ပြီး ဆုံးရှုံးမှုတန်ဖိုး ငွေကျပ် ၈၅၈၉၀၀၀၀ ရှိကြောင်း သိရသည်။

ရန်ကုန်-မန္တလေးအမြန်လမ်းမကြီး၌ ယာဉ်မတော်တဆမှုများဖြစ်ပွားရာတွင် လူကြောင့်၊ ယာဉ်ကြောင့်၊ လမ်းကြောင့်နှင့် ရာသီဥတုကြောင့်ဖြစ်ပွားရာ လူကြောင့် ယာဉ်မတော်တဆမှုဖြစ်ပွားရာတွင် အရှိန်ပြင်း၊ မူးယစ်၊ အိပ်ငိုက်၊ လမ်းကူးသူပေ့ါဆ၊ တိရစ္ဆာန်များကြောင့်၊ ဆိုင်ကယ်ပေ့ါဆမှု၊ အနေးယာဉ်ပေ့ါဆမှု၊ ယာဉ်မောင်းမကျွမ်းကျင်၊ မဆင်မခြင်မောင်းနှင်ခြင်းတို့ကြောင့် ဖြစ်ပွားပြီး ယာဉ်ကြောင့်ဖြစ်ပွားရာတွင် ဘီးပေါက်ခြင်း၊ စက်ချို့ယွင်းခြင်းတို့ကြောင့် ဖြစ်ပွားကြောင်း၊ လမ်းကြောင့်ဖြစ်ပွားရာတွင် တံတားနှင့်လမ်းချော်ခြင်းတို့ကြောင့် ဖြစ်ပွားပြီး ရာသီဥတုကြောင့်လည်း ယာဉ်မတော်တဆမှုဖြစ်ပွားလေ့ရှိကြောင်း သိရသည်။

ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး၌ ယာဉ်မောင်းများအနေဖြင့် သတ်မှတ်နှုန်းထားအတိုင်း စည်းကမ်းတကျမောင်းနှင်သင့်ကြောင်း၊ ယခုနှစ် ဇန်နဝါရီလတွင် ယာဉ်မတော်တဆမှု ၁၇ မှု၊ ဖေဖော်ဝါရီလတွင် ကိုးမှု၊ မတ်လတွင်၁၉ မှု၊ ဧပြီလတွင် ၁၃ မှု၊ မေလတွင် ၁၅ မှု၊ ဇွန်လတွင် ၂၁ မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

**စောယု**

# တရုတ်နိုင်ငံ ဘေဂျင်းမြို့ (The Global Civilization Dialogue Ministerial Meeting)နှင့် အခြားအစည်းအဝေးများသို့ မြန်မာနိုင်ငံစာရေးဆရာအသင်းဥက္ကဋ္ဌ တက်ရောက်

**နေပြည်တော် ဇူလိုင် ၁၃**

မြန်မာနိုင်ငံစာရေးဆရာအသင်းဥက္ကဋ္ဌ ဦးအုန်းမောင်(မြင်းမူမောင်နိုင်မိုး)သည် တရုတ်နိုင်ငံလုံးဆိုင်ရာ စာရေးဆရာအသင်း၏ဖိတ်ကြားချက်အရ အဖွဲ့ဝင် ဦးမင်းမင်းထိုက်(စာရေးဆရာ မြတ်မင်းသန့်)နှင့်အတူ ရန်ကုန်မြို့မှ ဇူလိုင်လ ၅ ရက်တွင် ထွက်ခွာခဲ့ရာ ချွမ်ကျိုးမြို့(Quanzhou)သို့ ရောက်ရှိခဲ့သည်။ ဇူလိုင်လ ၆ ရက် နေ့လယ်ပိုင်းတွင် (Hilton Quanzhou Riverside House)၌ကျင်းပသော (Huafu Connects the Would-Quanzhou Exchanges Event)အခမ်းအနားသို့ တက်ရောက်သည်။ အဆိုပါ အခမ်းအနားသို့ တရုတ်၊ မြန်မာ၊ ကမ္ဘောဒီးယား၊ ဗီယက်နမ်၊ ကင်ညာ၊ ဂမ်ဘီယာ၊ မွန်ဂိုလီးယား၊ နီပေါ၊ဆွစ်ဇာလန်၊ ယူဂန်ဒါ၊ အာဂျင်တီးနား၊ ဘော့စနီးယား၊ ဘူဂေးရီးယား၊ ဟန်ဂေရီ၊ အိုင်ယာလန်၊ မော်တာ၊ ပါကစ္စတန်၊ ထိုင်း၊ တူကီယဲ၊ အီတလီ၊ မွန်တီနီဂရိုးနှင့် ဘယ်ဂျီယမ်နိုင်ငံ စသည့်နိုင်ငံ ၂၂ နိုင်ငံတက်ရောက်သည်။

မြန်မာနိုင်ငံစာရေးဆရာအသင်းဥက္ကဋ္ဌနှင့်အဖွဲ့သည် ဇူလိုင်လ ၈ ရက်ညနေပိုင်းတွင် ဖူကျန်းပြည်နယ်အစိုးရအဖွဲ့မှ Mr. Zhang Yan (Member of the Standing



Committee and Head of the Publicity Department of the CPC Fujian Provin-vial Committee)နှင့် ယဉ်ကျေးမှုဆိုင်ရာနှင့် စီးပွားရေးဆိုင်ရာများကို တွေ့ဆုံဆွေးနွေးခဲ့ပြီး ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံပွဲသို့ တက်ရောက်ခဲ့သည်။

ဇူလိုင်လ ၉ ရက်တွင် ဘေဂျင်းမြို့သို့ Wanshou Hotelတွင် တရုတ်နိုင်ငံနှင့် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်နေသည့် NGO လုပ်ငန်းများ၊ Tanzania,Indonesia, Bangladesh, Cambodia,Thailand နိုင်ငံများတွင် Mobile Surgical Unit အဖြစ် ဆောင်ရွက်ပေးနေမှုများ၊ Sudan, Ethiopia,Nepal နှင့် Myanmar အပါအဝင် နိုင်ငံရှစ်နိုင်ငံတွင် ၂၀၁၅ ခုနှစ်မှစ၍ ဆောင်ရွက်ခဲ့သော Smiling Children Program ကဏ္ဍများကို Projector ဖြင့် ရှင်းလင်းဆွေးနွေးရာ သက်ဆိုင်ရာ နိုင်ငံအသီးသီး၏ ကိုယ်စားလှယ်များက ပြန်လည်ဆွေးနွေးခဲ့ကြသည်။

မွန်းလွဲပိုင်းတွင် ကိုယ်စားလှယ်အဖွဲ့သည် Global Civilization Dialogue Ministerial Meeting အခမ်းအနားသို့ တက်ရောက်ခဲ့ကြသည်။ အခမ်းအနားတွင် ပထမဦးစွာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတရှီကျင့်ဖျင်မှပေးပို့သော သဝဏ်လွှာနှင့် ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ် Mr.Antonio Guterres မှ ပေးပို့သော သဝဏ်လွှာကိုဖတ်ကြားပြီး Mr.Liu Jian-chao (Minister of the International Department of the CPC Central Committee),Nangolo Mbumba (Former President of Nambia),Yukio Hotoyama (Former Prime Minister of Japan),Yves Leterme (Former Prime Minister of Belgium)တို့က Safeguar-ding Diversity of the Human Civilizations for World Peace ဆိုင်ရာများကို အသီးသီးဆွေးနွေးပြောကြားခဲ့ကြသည်။ အခမ်းအနားသို့ နိုင်ငံပေါင်းစုံမှ ကိုယ်စားလှယ် ၁၀၀၀ ခန့် တက်ရောက်ကြသည်။

ကိုယ်စားလှယ်အဖွဲ့သည် ညပိုင်းတွင် National Theater တွင် Performing Arts ကို ကြည့်ရှုကြပြီး ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်ခဲ့ကြသည်။

ဇူလိုင်လ ၁၁ ရက်နေ့တွင် IDCPC အစည်းအဝေးခန်းမ၌ Inter-civilization Exchanges and Mutual Learning: Uderstanding and Friendship among People ခေါင်းစဉ်ဖြင့် ပြုလုပ်သော Parallel Forum သို့ တက်ရောက်ဆွေးနွေးခဲ့ကြသည်။

ညနေပိုင်းတွင် တရုတ်ခေတ်ပေါ် သမိုင်းစာပေပြတိုက် အစည်းအဝေးခန်းမ၌ တရုတ်နိုင်ငံစာရေးဆရာအသင်းဥက္ကဋ္ဌ Mr.Zhang Hongsen, Hu Bangsheng (Secretariat Member of CWA),Liu Xiu Juan(Director General of the office of CWA),Zhang Hong Bin (Director General of the International Depart-ment of CWA)တို့က လက်ခံတွေ့ဆုံပြီး နိုင်ငံအချင်းချင်း စာပေရေးရာကိစ္စရပ်များကို အပြန်အလှန်ဆွေးနွေးခဲ့ကြသည်။

ဇူလိုင်လ ၁၂ ရက် နေ့လယ်ပိုင်းတွင် မြန်မာနိုင်ငံစာရေးဆရာအသင်းဥက္ကဋ္ဌနှင့်အဖွဲ့သည် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ပြန်လည်ရောက်ရှိခဲ့သည်။

ခရီးစဉ်အတွင်း မြန်မာနိုင်ငံစာရေးဆရာအသင်းသည် အိမ်ရှင်တရုတ်နိုင်ငံနှင့်သာမက၊ ဥရောပ၊ အာရှ၊ အာဖရိက၊ တောင်အမေရိကနိုင်ငံများမှ စာရေးဆရာများနှင့်ပါ ခင်မင်ရင်းနှီးမှု စာပေဖလှယ်မှုများ ပြုလုပ်နိုင်ခဲ့ကြောင်းနှင့်ယနေ့ကာလတွင် မိမိတို့နိုင်ငံတော်အစိုးရနှင့် ပြည်သူများပူးပေါင်းကာ နိုင်ငံ့အကျိုးသယ်ပိုးဆောင်ရွက်နေမှုအခြေအနေများကိုပါ ရှင်းလင်းသတင်းဖြန့်ချိပေးနိုင်ခဲ့ကြောင်း သိရသည်။

**မြဝတီ**

---

## အင်အားအသင့်အတင့်ရှိသော မြေငလျင်တစ်ခု လှုပ်ရှား

**နေပြည်တော် ဇူလိုင် ၁၃**

၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၁၃ ရက်နေ့၊ မြန်မာစံတော်ချိန် ၁၉ နာရီ၊ ၄၄ မိနစ်၊ ၄၂ စက္ကန့်အချိန်တွင် ကမ္ဘာ့အေးမြေငလျင်စခန်းမှ တောင်-အနောက်တောင်ဘက် ၅၄၂ မိုင်ခန့်ကွာဝေးသော မြန်မာနိုင်ငံပြည်ပ (Nicobar Islands, India Region)၊ မြောက်လတ္တီတွဒ် ၉ ဒသမ ၂၄ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒသမ ၉၅ ဒီဂရီ၊ အနက် ၁၀ ကီလိုမီတာခန့်ကိုဗဟိုပြု၍ အင်အားရစ်(ခ်)တာစကေး ၅ ဒသမ ၁ အဆင့်ရှိ အင်အားအသင့်အတင့်ရှိသော မြေငလျင်တစ်ခုလှုပ်ရှားသွားကြောင်း တိုင်းထွာရရှိသည်။

**(မိုး/ဇလ)**

---

**❑ နတ်မောက်မြို့မှ**

နတ်မောက်မြို့နယ်၌ ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီတွင် ဒေသခံတောင်သူများက ကျောက်တံခါးရေလှောင်တမံ၊ ပင်းကန်နှင့် နတ်မောက်ရေလှောင်တမံတို့မှ ရေများကို အမှီပြု၍ စိုက်ပျိုးရေးသီးနှံဝင်ငွေတိုးပွားစေရန်နှင့် သီးနှံစိုက်ပျိုးထုတ်လုပ်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်စေရန်ရည်ရွယ်ပြီး ချည်မျှင်ရှည်ဝါစိုက်ပျိုးခြင်းကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးအရာရှိနှင့် ဝန်ထမ်းများက တောင်သူများနှင့် ပူးပေါင်း၍ ဇွန်လမှ စတင်စိုက်ပျိုးခဲ့သည်။

တောင်သူများ ချည်မျှင်ရှည်ဝါပန်းတိုင်အထွက်နှုန်းရရှိစေမည့် နိုင်ငံခြားမျိုးများ၊ ပြည်တွင်းဝါခြံများမှထုတ်လုပ်သော ရွှေတောင်-၈၊ ရွှေတောင်-၁၀၊ ငွေချည်-၁၁ မျိုးများကို တောင်သူများစိုက်ပျိုးနိုင်ရေး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ပူးပေါင်းဆောင်ရွက်လျက်ရှိပြီး ဒေသခံတောင်သူများက ဝါစိုက်ပျိုးရာတွင် အထွက်နှုန်းတိုးတက်စေရန် စိုက်ပျိုးရေးနည်းစနစ်များ၊ သီးနှံများတွင် ပိုးမွှားမကျရောက်အောင် ကြိုတင်ကာကွယ်ရမည့်နည်းလမ်းများ၊ သဘာဝမြေဩဇာနှင့် သဘာဝပိုးသတ်ဆေး ပြုလုပ်သုံးစွဲနည်းစနစ်များကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ အနီးကပ်ကြီးကြပ်၍ တောင်သူများကို အသိပညာပေးလျက်ရှိပြီး သတ်မှတ်လျာထားကေပြည့်မီအောင် ဒေသခံဝါစိုက်တောင်သူများနှင့် ပူးပေါင်းစိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

ဝါစိုက်ပျိုးရေးကို အောင်မြင်စွာဆောင်ရွက်ပြီး အဆင့်မြင့်ချည်ထည်များထုတ်လုပ်နိုင်အောင် ကြိုးပမ်းဆောင်ရွက်ရမည်ဖြစ်သည်။ ဝါမျိုးကောင်းမျိုးသန့်များကို စိုက်နည်းစနစ်မှန်ကန်စွာဆောင်ရွက်ပြီး ဝါအထွက်နှုန်းတိုးတက်အောင် ဆောင်ရွက်ရန်လိုအပ်သည်။ ဝါကြိတ်စက်ရုံများ၊ ချည်မျှင်နှင့်အထည်စက်ရုံများကို အဆင့်မြှင့်တင်ပေးပြီး ဝါကိုအခြေခံသည့် စက်မှုလုပ်ငန်းကို ကြိုးပမ်းဆောင်ရွက်ရမည်ဖြစ်ကြောင်း သိရသည်။

**လှဝင်း**

---

**■ ရှေ့ဖုံးမှအဆက်**

မိုးနဲမြို့နယ်၌ ၂၀၂၅ ခုနှစ်အတွက်မြေပဲကေ ၄၄၀ ကိုလျာထားပြီး ဧပြီလနောက်ဆုံးပတ်မှ စတင်၍စိုက်ပျိုးလျက်ရှိရာ မျိုးစေ့ထုတ်စိုက်ခင်း ၁၀ ကေအပါအဝင် ၃၄၅ ကေ စိုက်ပျိုးပြီးဖြစ်ကြောင်း ၊မိုးမြေပဲကို ဧပြီလနှင့်မေလတို့တွင် စိုက်ပျိုးပြီး သုံးလခန့်အကြာတွင် နုတ်ယူခူးဆွတ်ကြရသည်။ တောင်သူများအနေဖြင့် မိုးမြေပဲစိုက်ပျိုးရာတွင်ဒေသမျိုးရင်းများကိုသာ အများဆုံးစိုက်ပျိုးကြပြီးမိုးမြေပဲကို အတန်းလိုက်စနစ်ဖြင့်စိုက်ပျိုးသည်။ မိုးမြေပဲစိုက်ပျိုးခြင်းဖြင့် အကျိုးအမြတ်များရရှိသောကြောင့် ယခုနှစ်တွင်မိုးမြေပဲစိုက်ကေများ လျာထားကေထက် ပိုမိုတိုး၍ စိုက်ပျိုးလျက်ရှိရာ ယခုအချိန်တွင် မိုးမြေပဲစိုက်ခင်းများအောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

**မျိုးညွန့်ရွှေ(မိုးနဲ)**

---

## သထုံမြို့နယ်၌ ကျောင်းသား ကျောင်းသူများ စာဖတ်ရှိန်မြင့်မားရေး လူငယ်စကားဝိုင်းဆွေးနွေးပွဲကျင်းပ

**သထုံ ဇူလိုင် ၁၃**

မွန်ပြည်နယ် သထုံမြို့နယ်ရှိ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာနနှင့်နယ်စပ်ဒေသတိုင်းရင်းသား လူငယ်များဖွံ့ဖြိုးရေးသင်တန်းကျောင်း (သထုံ) တို့ ပူးပေါင်း၍ ကျောင်းသား၊ ကျောင်းသူများ စာဖတ်ရှိန် မြင့်မားရေးလူငယ်စကားဝိုင်းဆွေးနွေးပွဲကို ယနေ့တွင် လိပ်အင်းရပ်ကွက်ရှိ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များဖွံ့ဖြိုးရေးသင်တန်းကျောင်း (သထုံ)ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်လှလှဌေးက လူငယ်စကားဝိုင်းကျင်းပရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ လူငယ်စကားဝိုင်းတွင် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်လှလှဌေးက ဦးဆောင်ဆွေးနွေးသူအဖြစ်ဆောင်ရွက်ပြီး နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များဖွံ့ဖြိုးရေးသင်တန်းကျောင်း (သထုံ)မှ Grade-11 နှင့် Grade -10 ကျောင်းသား၊ ကျောင်းသူများက လူငယ်နှင့်ကျန်းမာရေး၊ လူငယ်နှင့်အောင်မြင်မှု၊ လူငယ်နှင့်ပေါင်းသင်းဆက်ဆံရေး၊ လူငယ်တစ်ယောက်လျှောက်သောလမ်းခေါင်းစဉ်တို့ဖြင့် အသီးသီးဆွေးနွေးကြသည်။

ယင်းနောက် တက်ရောက်လာကြသည့် ကျောင်းသား၊ ကျောင်းသူများက သိရှိလိုသည်များကိုမေးမြန်းကြရာ စကားဝိုင်းတွင် ပါဝင်ဆွေးနွေးသူများက ဖြေကြားပေးခဲ့သည်။ ထို့နောက် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ သိမှတ်ဖွယ်ရာ နံရံကပ်စာစောင်များကို ခင်းကျင်းပြသထားရာ တက်ရောက်လာကြသူများက ကြည့်ရှုလေ့လာကြကြောင်း သိရသည်။

**ချမ်းမြေ့**

---

**နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# ကိုဗစ်-၁၉ မျိုးစိတ်သစ်များနှင့် စနစ်တကျကာကွယ်နေထိုင်ရေး

ဒေါက်တာလွင်သန့်

လက်ရှိမိုးဦးဝင်ကာလသည် ရာသီတုပ်ကွေးကာလဖြစ်ပြီး သတိပြုရမည်မှာ ရာသီတုပ်ကွေးအပြင် သွေးလွန်တုပ်ကွေး၊ ဝမ်းပျက်ဝမ်းလျှောနှင့် ကိုဗစ်-၁၉ ရောဂါတို့ဖြစ်သည်။ ကိုဗစ်-၁၉ ရောဂါသည် မြန်မာနိုင်ငံ၌ ပထမရက်သတ္တပတ်ဖြစ်သည့် မေလ ၁၁ ရက်မှ ၁၈ ရက်အတွင်း လူနာသစ် တစ်ဦးတွေ့ရှိကာ ကူးစက်မှု သုည ဒသမ ၁၄ ရာခိုင်နှုန်း၊ ဒုတိယရက်သတ္တပတ်အတွင်း သုည ဒသမ ၂၂ ရာခိုင်နှုန်း၊ တတိယရက်သတ္တပတ်အတွင်း သုည ဒသမ ၉၆ ရာခိုင်နှုန်း၊ စတုတ္ထရက်သတ္တပတ်အတွင်း ၁ ဒသမ ၄၄ ရာခိုင်နှုန်း၊ ပဉ္စမရက်သတ္တပတ်အတွင်း ၂ ဒသမ ၂၈ ရာခိုင်နှုန်း၊ ဆဋ္ဌမရက်သတ္တပတ်အတွင်း ၁ ဒသမ ၃၂ ရာခိုင်နှုန်း တဖြည်းဖြည်းကူးစက်မှုတိုးလာသည်မှာ စိုးရိမ်စရာဖြစ်သော်လည်း ယခုအချိန်ထိ ပြင်းထန်လူနာ၊ အထူးကြပ်မတ်ကုသမှုပေးရသောလူနာ၊ သေဆုံးလူနာမရှိသေးကြောင်း သိရသည်။ ကိုဗစ်-၁၉ ရောဂါတစ်ကျော့ပြန်လာသည်ဟုဆိုနိုင်သော်လည်း မြန်မာနိုင်ငံ၌ဖြစ်ပွားသော ကိုဗစ်-၁၉ မျိုးကွဲ(Nimbus) (NB. 1.8.1)သည် ကူးစက်မှုပြင်းထန်မှု၊ သီးသန့်ခွဲခြားနေရမှု စိုးရိမ်စရာမရှိနိုင်သော အသက်ရှူလမ်းကြောင်းဆိုင်ရာကူးစက်ရောဂါဖြစ်သည်။ ရောဂါကူးစက်ဖြစ်ပွားမှုနှင့်သေဆုံးမှုမှာ စိုးရိမ်ဖွယ်ရာမရှိသော်လည်း အိမ်နီးချင်း ထိုင်းနိုင်ငံ၌ ကူးစက်ဖြစ်ပွားမှုနှုန်းမြင့်မားပြီး သေဆုံးသူရှိနေ၍ ဂရုစိုက်ရမည်ဖြစ်သည်။ ထို့ကြောင့် ပြည်သူများအနေဖြင့် သတိပြုလိုက်နာဆောင်ရွက်ကြရန်ထုတ်ပြန်ထားရှိမှုများကို ဖော်ပြပေးပါမည်။

လတ်တလော အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါလက္ခဏာများဖြစ်သည့် ဖျားခြင်း၊ နှာစေးခြင်း၊ နှာချေခြင်း၊ လည်ပင်းနာခြင်း စသည့်လက္ခဏာရှိသူများအနေဖြင့် မိမိမှတခြားသူများသို့ကူးစက်မှုမရှိစေရေးအတွက်လူထူထပ်သောနေရာများသို့ သွားလာခြင်းမှရှောင်ကြဉ်ခြင်း၊ မဖြစ်မနေသွားရောက်ရန်ရှိပါက ပါးစပ်နှင့်နှာခေါင်းစည်း(Mask) တပ်ဆင်ထားခြင်းမရှိချိန်တွင် နှာချေ၊ ချောင်းဆိုးပါက လက်ကိုင်ပဝါ၊ တစ်သျှူး၊ တံတောင်ကွေးဖြင့် လုံအောင်အုပ်ရန်၊ နှာချေ၊ ချောင်းဆိုးလက္ခဏာပြင်းထန်ပါက နီးစပ်ရာဆေးရုံ၊ ကျန်းမာရေးဌာနသို့ ချက်ချင်းသွားရောက်ပြသ၍ ဆေးကုသမှုခံယူခြင်း၊ တစ်ကိုယ်ရေကာကွယ်ရေးနည်းလမ်းများဖြစ်သည့် လက်ကို ရေ၊ ဆပ်ပြာတို့ဖြင့် စက္ကန့် ၂၀ ကျော်ကြာပွတ်တိုက်ဆေးကြောခြင်း၊ ရေမရပါက လက်သန့်ဆေးရည်ဖြင့် မကြာခဏ စနစ်တကျဆေးကြောခြင်းများကို သတိပြုလုပ်ဆောင်ရမည်ဖြစ်သည်။ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများထိုးနှံခြင်းသည် ကိုဗစ်-၁၉ ရောဂါမျိုးရိုးဗီဇကွဲများ ကူးစက်ဖြစ်ပွားခြင်း၊ ရောဂါလက္ခဏာပြင်းထန်မှုနှင့် အသက်ဆုံးရှုံးမှုတို့မှ ထိရောက်စွာကာကွယ်ပေးသည့်အတွက် ရောဂါကူးစက်ခံရပါက ရောဂါပြင်းထန်နိုင်ခြေနှင့် အသက်ဆုံးရှုံးနိုင်ခြေမြင့်မားနိုင်မည်မဟုတ်ပေ။

ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရပါက ရောဂါပြင်းထန်နိုင်ခြေနှင့် အသက်ဆုံးရှုံးနိုင်ခြေမြင့်မားနိုင်သည့် အသက် ၆၅ နှစ်နှင့်အထက် အသက်အရွယ်ကြီးသူများ၊ ဆီးချိုရောဂါ၊ နာတာရှည်အဆုတ်ရောဂါ၊ ကင်ဆာရောဂါရှိသူများ၊ ကိုယ်ဝန်ဆောင်မိခင်များအား ဦးစားပေးအစီအစဉ်ဖြင့် ကိုဗစ်-၁၉ ရောဂါ ထပ်ဆောင်းကာကွယ်ဆေးထိုးနှံပေးမည်ဖြစ်၍

> "ကိုဗစ်-၁၉ ရောဂါတစ်ကျော့ပြန်လာသည်ဟု ဆိုနိုင်သော်လည်း မြန်မာနိုင်ငံ၌ဖြစ်ပွားသော ကိုဗစ်-၁၉ မျိုးကွဲ(Nimbus) (NB. 1.8.1)သည် ကူးစက်မှု ပြင်းထန်မှု၊ သီးသန့်ခွဲခြားနေရမှုစိုးရိမ်စရာမရှိနိုင်သော အသက်ရှူလမ်းကြောင်းဆိုင်ရာ ကူးစက်ရောဂါဖြစ်သည်။ ရောဂါကူးစက်ဖြစ်ပွားမှုနှင့် သေဆုံးမှုမှာ စိုးရိမ်ဖွယ်ရာမရှိသော်လည်း အိမ်နီးချင်း ထိုင်းနိုင်ငံ၌ ကူးစက်ဖြစ်ပွားမှုနှုန်းမြင့်မားပြီး သေဆုံးသူရှိနေ၍ ဂရုစိုက်ရမည်ဖြစ်သည် . . ."

ကာကွယ်ဆေးထိုးနှံမှုခံယူကြရန် လိုအပ်ကြောင်း သိရသည်။ ကိုဗစ်-၁၉ ရောဂါဆိုင်ရာ အသေးစိတ်အချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာတွင် ဝင်ရောက်ကြည့်ရှုလေ့လာနိုင်ကြောင်း မြန်မာနိုင်ငံရောဂါကာကွယ်ထိန်းချုပ်ရေးဗဟိုဌာန (Myanmar CDC)မှ ထုတ်ပြန်ကြေညာထားသည်။

လတ်တလော ကိုဗစ်-၁၉ ရောဂါမျိုးကွဲ(Nimbus)(NB.1.8.1) ကူးစက်ဖြစ်ပေါ်နေကြောင်း ကျန်းမာရေးဝန်ကြီးဌာနမှ တရားဝင် အသိပေးထုတ်ပြန်ထား၍ သတိပြုလိုက်နာဆောင်ရွက်ကြရမည်ဖြစ်သည်။ ကိုဗစ်-၁၉ ရောဂါနှင့်ပတ်သက်၍ စိုးရိမ်စရာမရှိသည်ဖြစ်စေ၊ ရှိသည်ဖြစ်စေ ကူးစက်မှုမဖြစ်ရန် ကြိုတင်ကာကွယ်ရမည်သာဖြစ်သည်။ ကိုဗစ်-၁၉ ရောဂါမျိုးရင်းဖြစ်သည့် Corona Virus သည် ပျောက်ကွယ်သွားခြင်းမရှိဘဲ ကမ္ဘာသူ၊ ကမ္ဘာသားများအနေဖြင့် HIV/AIDS နှင့် ဆက်လက်နေထိုင်သကဲ့သို့ ကိုဗစ်-၁၉ ရောဂါနှင့် အတူယှဉ်တွဲနေထိုင်ရန်သင်ယူရမည်ဖြစ်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO)၏ ၂၀၂၀ ပြည့်နှစ် မေလ ၁၄ ရက်က ထုတ်ပြန်ထားသော အသိပေးစကားကို သတိပြုသင့်သည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့(WHO)က ကိုဗစ်-၁၉ ရောဂါကို နိုင်ငံတကာ ကျန်းမာရေးအရေးပေါ်အခြေအနေအဖြစ် ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလ ၃၀ ရက်တွင် သတ်မှတ်ကြေညာခဲ့သည်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့အနေဖြင့် နိုင်ငံတကာပြည်သူ့ကျန်းမာရေးအရေးပေါ်အခြေအနေအဖြစ် ကြေညာထားခြင်းကို ၂၀၂၃ ခုနှစ် မေလ ၅ ရက်တွင် ပြန်လည်ရုပ်သိမ်းခဲ့သော်လည်း ကမ္ဘာအနှံ့ ကိုဗစ်-၁၉ ရောဂါကူးစက်မှုသည် အသွင်ပြောင်းမျိုးဗီဇကွဲများအနေဖြင့် ဆက်လက်တည်ရှိနေဆဲဖြစ်ရာ ကိုဗစ်-၁၉ ရောဂါနှင့်အတူယှဉ်တွဲနေထိုင်ရေးမူကို မိမိတို့အားလုံးတည်ဆောက်ကြရမည်ဖြစ်သည်။ တရားဝင်ကိန်းဂဏန်းများ ရေတွက်ခြင်းကိုလည်း ၂၀၂၄ ခုနှစ် ဧပြီလ ၁၃ ရက်မှစတင်၍ ဆက်လက်ရေတွက်ခြင်းမပြုခဲ့ကြောင်း သိရသည်။

မြန်မာနိုင်ငံ၌ ၂၀၂၁ ခုနှစ်က ကိုဗစ်-၁၉ ရောဂါတတိယလှိုင်း(Delta Wave)တွင် ရောဂါကူးစက်ပျံ့နှံ့မှုနှင့်သေဆုံးမှုများကို အချိန်တိုအတွင်း ကာကွယ်ထိန်းချုပ်နိုင်ခဲ့သည်။ သမိုင်းမှတ်တမ်းဝင်သည့်ကာလဖြစ်ခဲ့ပြီး ၂၀၂၃ ခုနှစ် မေလ ၁၃ ရက်မှစ၍ ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူတစ်ဦးတွေ့ရှိပြီးနောက်ပိုင်း သေဆုံးခြင်းမရှိခဲ့သည်မှာ နှစ်နှစ်ကျော်ကြာမြင့်ခဲ့ပြီဖြစ်သည်။

ယခုနှစ် ဧပြီလအတွင်း အိမ်နီးချင်းထိုင်းနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါမျိုးကွဲသစ် JN1၊ XEC မျိုးကွဲများ ကူးစက်မှုမြင့်မားကာ ဆေးရုံတက်ရောက်ကုသရမှု၊ သေဆုံးမှုများရှိခဲ့ကြောင်း သိရသည်။ ကိုဗစ်-၁၉ ရောဂါကူးစက်ပြန့်ပွားမှုသည် မျိုးဆက်ဟောင်း သို့မဟုတ် မျိုးဆက်သစ်ဖြင့် ကမ္ဘာအနှံ့ခြေဆန့်ခဲ့သည်မှာ ယခုအခါ ငါးနှစ်ကျော်ကာလသို့ရောက်ရှိလာပြီဖြစ်သည်။ မြန်မာနိုင်ငံ၌တွေ့ရသော ကိုဗစ်-၁၉ မျိုးကွဲ(Nimbus)(NB.1.8.1)သည် ရောဂါပြင်းထန်မှုနည်းပါးသော်လည်း ကူးစက်မှုနှုန်းမြန်ဆန်သည့်အတွက် သတိထားစောင့်ကြည့်လျက်ရှိသည်။ အဓိကလက္ခဏာမှာ အသက်ရှူလမ်းကြောင်းပြဿနာများဖြစ်သည့် မကြာခဏ ချမ်းတုန်ဖျားခြင်း၊ ချွေးထွက်ခြင်း၊ ဆိုးဆိုးရွားရွား လည်ချောင်းနာခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်း၊ ချောင်းဆိုးခြင်း၊ ဖျားခြင်း၊ ကြွက်သားများကိုက်ခဲခြင်း၊ အသက်ရှူရခက်ခဲခြင်းများဖြစ်ပြီး ရောဂါမဖြစ်မီကြိုတင်ကာကွယ်ခြင်းက အကောင်းဆုံးဖြစ်သည်။

လူတိုင်း ကိုဗစ်-၁၉ ရောဂါ ထပ်ဆင့်မြင့်ကာကွယ်ဆေး(Booster Dose)ထိုးနှံထားသင့်သည်။ ကာကွယ်ဆေးထိုးနှံရာတွင်လည်း ခြောက်လပြည့်လျှင် တစ်ကြိမ်ထိုးနှံသင့်သည်။ လူတိုင်းပါးစပ်နှင့်နှာခေါင်းစည်း (Mask) တပ်ဆင်သင့်သည်။ လူတစ်ဦးနှင့်တစ်ဦး ၆ ပေခွာနေထိုင်သင့်သည်။ လူစုလူဝေးရှောင်သင့်သည်။ လက်ကို ရေ၊ ဆပ်ပြာတို့ဖြင့် စက္ကန့် ၂၀ ကျော်ကြာပွတ်တိုက်ဆေးကြောသင့်သည်။ ရေမရှိပါက လက်သန့်ဆေးရည် အသုံးပြုနိုင်သည်။ ရောဂါလက္ခဏာများတွေ့ရှိပါက စိုးရိမ်သောကမဖြစ်ဘဲ မိမိကိုယ်တိုင်ဖြစ်စေ၊ မိသားစုတွင်ဖြစ်စေ တွေ့ရှိပါက နီးစပ်ရာဆေးရုံ၊ ဆေးခန်းများတွင် စနစ်တကျစစ်ဆေးကုသမှုခံယူသင့်သည်။။

ကိုဗစ်-၁၉ မျိုးကွဲ (Nimbus)(NB .1.8.1)ကူးစက်ခံရပါက အသက်အန္တရာယ်မရှိသော်လည်း အလုပ်ပျက်အကိုင်ပျက်ဖြစ်ပြီး ဆေးဝါးကုသမှုခံယူရမည်ဖြစ်သည်။ ခုခံမှုစနစ်အားနည်းတတ်သည့်ကလေးများ၊ ကိုယ်ဝန်ဆောင်မိခင်များ၊ အသက် ၆၀ နှစ်နှင့်အထက်သက်ကြီးရွယ်အိုများ၊ ခုခံအားနည်းရောဂါ၊ ဆီးချိုရောဂါ၊ ကင်ဆာ၊ HIV/AIDS ရောဂါရှိသူများသည် ဗီဇပြောင်း ကိုဗစ်-၁၉ ရောဂါဒဏ်ခံကြရမည်မှာ အသေအချာပင်ဖြစ်သည်။ ထို့ကြောင့် မိမိနေရပ်များ၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးသည့်အခါများတွင် မပျက်မကွက်ထိုးနှံကြရန်နှင့် ရောဂါဖြစ်ပါက စနစ်တကျကုသမှုခံယူကြရမည်ဖြစ်ကြောင်း ရေးသားလိုက်ရပါသည်။ ။

---

# ကော့မှူးမြို့နယ် အဖျောက်ကျေးရွာ၌ တိုက်ရိုက်မျိုးစေ့ချကိရိယာဖြင့် မိုးစပါးစိုက်ပျိုးပွဲကျင်းပ

ရန်ကုန် ဇူလိုင် ၁၃

ရန်ကုန်တိုင်းဒေသကြီး တွံတေးခရိုင် ကော့မှူးမြို့နယ် အဖျောက်ကျေးရွာရှိ တောင်သူ ဦးစန်းလွင်၏ လယ်ယာမြေ၌ တိုက်ရိုက်မျိုးစေ့ချကိရိယာဖြင့် မိုးစပါးစိုက်ပျိုးပွဲကို ဇူလိုင်လ ၁၂ ရက်က ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမျိုးမင်းက အမှာစကားပြောကြားပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးသက်နိုင်က တိုက်ရိုက်မျိုးစေ့ချကိရိယာအသုံးပြု၍ မျိုးစေ့ချစိုက်ပျိုးခြင်းဖြင့် တစ်ဧကမျိုးစေ့နှုန်းသက်သာခြင်း၊ လုပ်အားကုန်ကျစရိတ်သက်သာခြင်း၊ အလုပ်ချိန်မြန်ဆန်ခြင်း၊ ပြောင်းလဲလာသည့် ရာသီဥတုနှင့်အညီစိုက်ပျိုးနိုင်ခြင်း၊ ရိတ်သိမ်းရန်လွယ်ကူခြင်း၊ ဝင်ငွေတိုးတက်စေခြင်း စသည့် အကျိုးကျေးဇူးများရရှိစေမည်ဖြစ်ကြောင်းနှင့် စိုက်ပျိုးနည်းများအကြောင်း သိရှိနိုင်မည့်ဆော့ဖ်ဝဲလ်များအကြောင်းကို အသိပညာပေးပြောကြားသည်။

ထို့နောက် မြို့နယ်စက်မှုလယ်ယာဦးစီးဌာန ဒုတိယဦးစီးမှူး ဦးထိုက်မင်းက တိုက်ရိုက်မျိုးစေ့ချကိရိယာအသုံးပြုပုံနှင့် တိုက်ရိုက်မျိုးစေ့ချစိုက်ပျိုးရာတွင် စိုက်နည်းစနစ်မှန်ကန်စေရေး လက်တွေ့ပြသရှင်းလင်းဆွေးနွေးပြီး တောင်သူများ၏မေးမြန်းချက်များကို ပြန်လည်ရှင်းလင်းဆွေးနွေးသည်။

ဆက်လက်၍ တွံတေးခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင် (၂) ဦးဝင်းထွန်းနိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးမင်းနှင့်အဖွဲ့ဝင်များ၊ မြို့နယ်စိုက်ပျိုးကြီးကြပ်မှုအဖွဲ့ဝင်များနှင့် တက်ရောက်လာကြသူများက တိုက်ရိုက်မျိုးစေ့ချကိရိယာဖြင့် သရုပ်ပြစိုက်ပျိုးခြင်းကို ကြည့်ရှုအားပေးကြကြောင်း သိရသည်။

ကျော်သူရ (ကော့မှူး)



# ကိုယ်ဝန်ဆောင်မိခင်များအား ပံ့ပိုးပစ္စည်းများပေးအပ်

ပြည် ဇူလိုင် ၁၃

ပဲခူးတိုင်းဒေသကြီး ပြည်မြို့ ခေတ္တရာမြို့သစ်ရပ်ကွက်ရှိ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းပိုင် သားဖွားခန်း၌ ဇူလိုင်လ ၁၂ ရက် မွန်းလွဲပိုင်းတွင် ကိုယ်ဝန်ဆောင်မိခင်များအား တွေ့ဆုံအားပေးစကားပြောကြားပြီး ပံ့ပိုးပစ္စည်းများပေးအပ်သည်။

ရှေးဦးစွာ ပဲခူးတိုင်းဒေသကြီးမိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ နာယက ဒေါ်စိုးစိုးသက်နှင့် ဥက္ကဋ္ဌ ဒေါ်စန္ဒာထွေးတို့က ကိုယ်ဝန်ဆောင်မိခင်များအား တွေ့ဆုံအားပေးစကားပြောကြားကာ ဆီ၊ ကြက်ဥ၊ မုန့်၊ ဆေးဝါးများနှင့် ပံ့ပိုးငွေများကို တစ်ဦးချင်းပေးအပ်ပြီး ကျန်းမာရေးဝန်ထမ်းများကိုလည်း ပံ့ပိုးငွေများပေးအပ်သည်။



ထို့နောက် ပဲခူးတိုင်းဒေသကြီးမိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ နာယက ဒေါ်စိုးစိုးသက်၊ ဥက္ကဋ္ဌ ဒေါ်စန္ဒာထွေးနှင့် အဖွဲ့ဝင်များသည် ပြည်ခရိုင် မြို့နယ်ဥက္ကဋ္ဌ၊ အဖွဲ့ဝင်များနှင့်အတူ ကျန်းမာရေးဝန်ထမ်းများက ကိုယ်ဝန်ဆောင်မိခင်များအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးနေမှုကိုကြည့်ရှုပြီး အားပေးစကားများပြောကြားကာ လိုအပ်သည်များဖြည့်ဆည်းဆောင်ရွက်ပေးကြောင်း သတင်းရရှိသည်။

(၄၀၁)၊ တင်စိုး(ပဲခူး)

## ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့တိုင်ကြားရန်တို့အတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ **ရုံးချိန်အတွင်း** ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌရုံး(နေပြည်တော်)
- (၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၁

(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
- (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၂

(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကချင်ပြည်နယ်)
- (၁) ၀၉-၃၄၉၀၃၅၅၃၄၊ ၀၉-၃၄၉၀၃၈၃၇၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၃၄၉၀၃၈၃၇၆

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကယားပြည်နယ်)
- (၁) ၀၉-၃၄၉၀၁၅၈၄၇၊ ၀၉-၃၄၉၀၁၄၄၈၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၁၀၀၆၆၃၈

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကရင်ပြည်နယ်)
- (၁) ၀၅၈-၂၀၂၄၅၃၀၊ ၀၅၈-၂၀၂၃၅၃၁
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၉၁၁၁၁၉၁၀

(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ချင်းပြည်နယ်)
- (၁) ၀၇၀-၂၀၂၂၃၆၈၊ ၀၇၀-၂၀၂၂၅၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၈၉၀၉၃၇၅၇၄

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
- (၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၇

(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
- (၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၈

(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
- (၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၉

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
- (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၀

(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
- (၁) ၀၂-၄၀၂၁၂၄၅၊ ၀၂-၄၀၂၁၂၄၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၁

(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
- (၁) ၀၅၇-၂၀၂၇၉၃၅၊ ၀၅၇-၂၀၂၇၉၃၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၂

(ဍ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
- (၁) ၀၉-၂၅၅၀၀၂၅၁၇၊ ၀၉-၂၅၅၀၀၂၅၁၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၃

(ဎ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
- (၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၄

(ဏ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့(ရှမ်းပြည်နယ်)
- (၁) ၀၈၁-၂၁၂၄၅၄၀၊ ၀၈၁-၂၁၂၄၉၉၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၅

(တ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
- (၁) ၀၄၂-၂၀၂၅၉၉၃၊ ၀၄၂-၂၀၂၅၉၉၄
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၆

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်း၊ မသမာမှုများနှင့်ပတ်သက်၍ တိုင်ကြားခြင်းများအား တိကျစွာဆက်သွယ်သတင်းပို့နိုင်ပါကြောင်းနှင့် မမှန်မကန်သတင်းပို့ခြင်း၊ တိုင်ကြားခြင်းများပြုလုပ်ပါက ဖော်ထုတ်၍ တည်ဆဲဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

## မိုးရာသီမှာ သစ်ပင်စိုက်ပါ

❖ မိုးဝသန် ရာသီလမှာဖြင့်
စိုက်ပျိုးကြ သစ်ပင်တွေ။
စိမ်းစိုစို အရိပ်ကောင်း
ငြိမ့်ညောင်းအေးပေ။
နှစ်ရှည်လည်း စိုက်ပျိုးလေ
ကြိုးစားစေ ပြည်သူများ။
စုပေါင်းကာ သစ်ပင်စိုက်လို့
ဖိုးထိုက်စေသား။

❖ ပင်တမာ မန်ကျည်းမခြား
ကုက္ကိုများ သစ်ပင်ရယ်။
လမ်းဝဲယာ ပနံတင့်
စိုက်ပျိုးသင့်တယ်။
မျိုးဆက်သစ် များလူငယ်
တို့ရည်ရွယ် နှလုံးသွင်း။
လုပ်အားညီ တူလက်တွဲကာ
ဆင်နွှဲချက်ချင်း။

❖ မိုးရာသီ ကာလအတွင်းမှာလ
ပြုလုပ်ခြင်း သင့်တော်သည်။
မိုးရေမှန် ရွာသွန်းဖြိုး
စိုက်ပျိုးသင့်ပြီ။
သစ်ပင်များ ဖြစ်ထွန်းတည်
နွေရာသီ အရိပ်ရ။
စဉ်းစားဉာဏ် အတွေးလေးနဲ့
စိုက်ပျိုးပေးကြ။ ။

**ဖြိုးထက်(ရေစကြို)**

## မြဝတီရုပ်မြင်သံကြားအစီအစဉ်

၁၄-၇-၂၀၂၅ (တနင်္လာနေ့)

- ၁။ ၀၆:၀၃ တရားတော်
- ၂။ ၀၇:၁၆ မေတ္တာပို့
- ၃။ ၀၈:၀၀ မျိုးချစ်တပ်မတော်
- ၄။ ၀၉:၀၀ Soft Skill
- ၅။ ၁၀:၀၀ မွေးမြူသုတ
- ၆။ ၁၁:၀၀ ကမ္ဘာ့ရေးရာ မှတ်သားစရာ
- ၇။ ၁၂:၀၀ လူတိုင်းကျန်းမာ သိမှတ်စရာ
- ၈။ ၁၃:၀၀ တစ်ပတ်အတွင်း ထိပ်တန်းရောက် ကမ္ဘာ့သတင်း သုံးသပ်ချက်
- ၉။ ၁၄:၀၀ မှတ်သားလိုက်နာ ပုံပမာ
- ၁၀။ **၁၅:၀၀** မြန်မာသံစဉ်ချိုနားဝင်
- ၁၁။ **၁၆:၀၀** ကိုယ်လက်လှုပ်ရှားအားကစား
- ၁၂။ **၁၇:၀၀** သီချင်းလက်ဆောင်
- ၁၃။ **၁၈:၀၀** မြဝတီရုပ်မြင်သံကြားသတင်း
- ၁၄။ **၁၈:၃၀** ထုတ်လွှင့်ပြန်ကြားသတင်းမှန်များ
- ၁၅။ **၁၈:၄၀** ကျန်းမာသုတ
- ၁၆။ ၁၉:၀၀ **ရုပ်မြင်သံကြားဇာတ်လမ်း ချစ်တယ်ဆိုတာ လွယ်မှတ်လို့ (ပထမပိုင်း) သရုပ်ဆောင်-စိုးသူ၊ စိုးမြတ်သူဇာ ဒါရိုက်တာ-မောင်နန္ဒ**

# ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် သုံးလတာကာလအတွင်း ပြည်ပသို့ ပုစွန်မက်ထရစ်တန် ၂၀၀၀ နီးပါးတင်ပို့နိုင်

ရန်ကုန် ဇူလိုင် ၁၃

ပြည်တွင်းမှ ရေထွက်ကုန်ပစ္စည်းများကို ပြည်ပသို့တင်ပို့လျက်ရှိရာ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် သုံးလတာကာလအတွင်း ပြည်ပသို့ ပုစွန်မက်ထရစ်တန် ၂၀၀၀ နီးပါး တင်ပို့နိုင်ခဲ့ကြောင်း ငါးလုပ်ငန်းဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦး၏ပြောကြားချက်အရ သိရသည်။

"၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ဧပြီလ ၁ ရက်ကနေ ဇွန်လ ၃၀ ရက်အထိ သုံးလတာကာလအတွင်း ပြည်ပကို ပုစွန်မက်ထရစ်တန် ၁၉၇၅ ဒသမ ၃၉၄ တန်တင်ပို့နိုင်ခဲ့ပြီး အမေရိကန်ဒေါ်လာ ၅ ဒသမ ၄၆၈ သန်း ရရှိခဲ့ပါတယ် "ဟု ၎င်းကပြောသည်။



၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ဧပြီလ ၁ ရက်မှ ဇွန်လ ၃၀ ရက်အထိ သုံးလတာကာလအတွင်း ပုံမှန်ကုန်သွယ်မှုမှ ပုစွန်မက်ထရစ်တန် ၁၈၀၉ ဒသမ ၀၇၄ တန် တင်ပို့ကာ အမေရိကန်ဒေါ်လာ ၄ ဒသမ ၅၆၄ သန်းရရှိခဲ့ပြီး နယ်စပ်ကုန်သွယ်မှုမှ ပုစွန်မက်ထရစ်တန် ၁၆၆ ဒသမ ၃၂ တန် တင်ပို့ကာ အမေရိကန်ဒေါ်လာ သုညဒသမ ၉၀၄ သန်းရရှိသည့်အတွက် ပြည်ပသို့ ပုစွန်စုစုပေါင်းမက်ထရစ်တန် ၁၉၇၅ ဒသမ ၃၉၄ တန်တင်ပို့ပြီး အမေရိကန်ဒေါ်လာ ၅ ဒသမ ၄၆၈ သန်းရရှိခဲ့ကြောင်း သိရသည်။

ပြည်တွင်းမှ ပုစွန်အပါအဝင် ငါး စသည့် ရေထွက်ကုန်များကို တရုတ်နိုင်ငံ၊ ထိုင်းနိုင်ငံ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ ဂျပန်နိုင်ငံ စသည့်နိုင်ငံပေါင်း ၄၀ ကျော်သို့ တင်ပို့လျက်ရှိပြီး ရန်ကုန်မြို့မှတစ်ဆင့် ပုံမှန်တင်ပို့သည့်အပြင် နယ်စပ်မှလည်း တိုက်ရိုက်တင်ပို့ရာ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် သုံးလတာကာလအတွင်း ပြည်ပသို့ ရေထွက်ကုန် စုစုပေါင်းမက်ထရစ်တန် ၈၂၇၇၃ ဒသမ ၈၁၁ တန်တင်ပို့ခဲ့ပြီးအမေရိကန်ဒေါ်လာ ၁၁၉ ဒသမ ၆၀၁ သန်း ရရှိထားကြောင်း သိရသည်။

**စောယု**

# ပေါင်းတည်မြို့နယ်၌ အောင်နိုင်တိုးစပါးမျိုးစေ့ထုတ်(RS)စိုက်ခင်းအတွက် လက်ဆွဲကောက်စိုက်စက်ဖြင့် စိုက်ပျိုး

ပေါင်းတည် ဇူလိုင် ၁၃

ပဲခူးတိုင်းဒေသကြီး နတ်တလင်းခရိုင် ပေါင်းတည်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မျိုးစေ့ထုတ်ဌာနခွဲရှိ မျိုးသန့်ခြံအတွင်း အထွက်ကောင်း မျိုးကောင်းမျိုးသန့်စပါးမျိုးများ မျိုးစေ့ထုတ်လုပ်ရန် ဇူလိုင်လ ၁၃ ရက်တွင် အောင်နိုင်တိုးစပါးပျိုးပင်များကို လက်ဆွဲကောက်စိုက်စက်ဖြင့် စိုက်ပျိုးကြောင်း သိရသည်။



အဆိုပါမျိုးစေ့ထုတ်စိုက်ခင်း စိုက်ပျိုးမှုလုပ်ငန်းကို မျိုးသန့်ခြံတာဝန်ခံ ဒေါ်ဌေးဌေးတင်က အနီးကပ်ကြီးကြပ်ကာ မျိုးသန့်ခြံစိုက်ပျိုးရေးဝန်ထမ်းများနှင့်အတူ စိုက်ပျိုးနေပြီး ယခုနှစ်တွင် အောင်နိုင်တိုးစပါး(RS) ငါးဧက စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

အလားတူ အထွက်ကောင်း မျိုးကောင်းမျိုးသန့် စပါးမျိုးတစ်မျိုးဖြစ်သည့် ဆင်းသုခစပါးမျိုးကိုလည်း ငါးဧက စိုက်ပျိုးထားကြောင်း၊ အောင်နိုင်တိုးစပါးနှင့်ဆင်းသုခစပါးမျိုးများကို နွေစပါးအမီ မျိုးစေ့ထုတ်သန့်စင်ကာ တောင်သူများအား ဖြန့်ချိရန်လျာထားဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါမျိုးစေ့ထုတ်စိုက်ခင်းများအပြင် သုတေသနပြစိုက်ခင်းတစ်ဧကနှင့် မျိုးယှဉ်ပြိုင်စိုက်ကွက်များ၊ မြေဩဇာစမ်းသပ်ကွက်များနှင့် ခေါင်နှံမျိုးထိန်းစိုက်ကွက်များလည်း စိုက်ပျိုးထားကြောင်း သိရသည်။

မျိုးသန့်ခြံဌာနခွဲမှ လယ်ယာကဏ္ဍထုတ်လုပ်မှုဖွံ့ဖြိုးတိုးတက်စေရန်၊ တောင်သူများအနေဖြင့် ဒေသနှင့်ကိုက်ညီသည့် စပါးမျိုးများကို စိတ်ကြိုက်ရွေးချယ်စိုက်ပျိုးနိုင်စေရန်နှင့် မိုးစပါး၊ နွေစပါးပန်းတိုင်အထွက်နှုန်းရရှိစေရန် စိုက်ပျိုးထုတ်လုပ်ကာ နိုင်ငံ့စီးပွားနှင့်တောင်သူအကျိုးစီးပွားဖြစ်ထွန်းစေရန် အထွက်ကောင်း မျိုးကောင်းမျိုးသန့်စပါးမျိုးများကို နှစ်စဉ်စိုက်ပျိုးထုတ်လုပ်ဖြန့်ချိပေးလျက်ရှိကြောင်း သိရသည်။

**ရွှေသား**

# မကွေးမြို့၌ (၇၈) နှစ်မြောက်အာဇာနည်နေ့ အထိမ်းအမှတ် အခြေခံပညာမူလတန်းအဆင့် ကျပန်းစကားပြောပြိုင်ပွဲကျင်းပ

မကွေး ဇူလိုင် ၁၃

ဇူလိုင်လ ၁၉ ရက်တွင်ကျရောက်မည့် (၇၈) နှစ်မြောက်အာဇာနည်နေ့သမိုင်းကြောင်းကို ကျောင်းသား၊ ကျောင်းသူများ သိရှိနားလည်စေရန်နှင့် လွတ်လပ်ရေးအတွက် ကြိုးပမ်းခဲ့ကြသော အာဇာနည်ခေါင်းဆောင်ကြီးများအား လေးစားအတုယူတန်ဖိုးထားပြီး အမှတ်ရနေစေရန်ရည်ရွယ်၍ (၇၈) နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ်အဖြစ် အခြေခံပညာမူလတန်းအဆင့် ကျပန်းစကားပြောပြိုင်ပွဲကို အခြေခံပညာမူလတန်းကျောင်း(နံကပ်ကျွန်း)နှင့် နှင်းဖြူလေးရွှေလျားစာကြည့်တိုက်တို့ပူးပေါင်းကာ ဇူလိုင်လ ၁၂ ရက်က မကွေးမြို့ အခြေခံပညာမူလတန်းကျောင်း(နံကပ်ကျွန်း)၌ ကျင်းပသည်။

ရှေးဦးစွာ ကျေးရွာအုပ်ချုပ်ရေးမှအဖွဲ့ဝင်တစ်ဦးက အဖွင့်အမှာစကားပြောကြားပြီး အခြေခံပညာမူလတန်းကျောင်း(နံကပ်ကျွန်း)မှ Grade-5 ကျောင်းသား၊ ကျောင်းသူများက ဆယ့်ကိုးဇူလိုင်မမေ့နိုင် ကဗျာရွတ်ဆိုပြီး Grade-4 ကျောင်းသား၊ ကျောင်းသူများက အာဇာနည်နေ့နှင့် အမျိုးသားရေးတာဝန်များ ကဗျာကို ရွတ်ဆိုခဲ့ကြသည်။ ထို့နောက် ကျပန်းစကားပြောပြိုင်ပွဲကျင်းပရာ အာဇာနည်နေ့အကြောင်းအရာပါခေါင်းစဉ်များဖြစ်သော မျက်ဝန်းထဲမှာမိုးတွေရွာ၊ ကြယ်ကြွေသောနေ့နှင့်ကြယ်ကိုးပွင့်၏ရာဇဝင်ခေါင်းစဉ်တို့ဖြင့် အခြေခံပညာမူလတန်းကျောင်း(နံကပ်ကျွန်း)မှ ကျောင်းသား၊ ကျောင်းသူ ၁၇ ဦးတို့က ပါဝင်ယှဉ်ပြိုင်ကြသည်။

ဆက်လက်၍ စာရေးဆရာ/ဆရာမများက အာဇာနည်နေ့ဖြစ်ပေါ်လာပုံသမိုင်းကြောင်း၊ မြန်မာတစ်မျိုးသားလုံးအတွက် အားကျအတုယူမမေ့သင့်သည့် ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ကိုးဦးတို့၏ အတ္ထုပ္ပတ္တိများကိုဟောပြောပြီး ကျပန်းစကားပြောပြိုင်ပွဲတွင် ဆုရရှိသူများကို တာဝန်ရှိသူများက ဆုများချီးမြှင့်ပေးအပ်ကာ (၇၈) နှစ်မြောက်အာဇာနည်နေ့အထိမ်းအမှတ် ကျပန်းစကားပြောပြိုင်ပွဲဖြစ်မြောက်ရေးအတွက် လှူဒါန်းပေးကြသည် အလှူရှင်များကို တာဝန်ရှိသူများက ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်ကြောင်း သိရသည်။

**ဝင်းအိမွန်(ပြန်/ဆက်)**



# မြစိမ်းရောင်ကျေးရွာစီမံကိန်းလည်ပတ်ရန်ပုံငွေ သတ္တမအကြိမ်ထုတ်ချေးပေး

သနပ်ပင် ဇူလိုင် ၁၃

ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် သနပ်ပင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျိုက်မဲကျေးရွာအုပ်စု ကျိုက်မဲကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ သတ္တမအကြိမ်အဖြစ် ဇူလိုင်လ ၁၂ ရက်တွင် ထုတ်ချေးပေးကြောင်း သိရသည်။

ရှေးဦးစွာ သနပ်ပင်မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ကေသီထွန်းက ကျေးရွာရှိ ရပ်မိရပ်ဖများ၊ မြစိမ်းရောင်ကျေးရွာအသင်းသား၊ အသင်းသူများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့်တွေ့ဆုံ၍ မြစိမ်းရောင်ကျေးရွာစီမံကိန်း၏ရည်ရွယ်ချက်များ၊ စီမံကိန်းဆောင်ရွက်ရခြင်း၏ အကျိုးကျေးဇူးများနှင့် လုပ်ငန်းစဉ်များကိုရှင်းလင်းပြောကြားသည်။

ဆက်လက်၍ သနပ်ပင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီမံကိန်းတာဝန်ခံဝန်ထမ်းများက အတိုးနှုန်းနှင့်ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့်စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး ကျိုက်မဲကျေးရွာရှိ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ စီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေ ငွေကျပ် သိန်း ၄၀၀ ကို လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြို့နယ်ဦးစီးမှူးနှင့်တာဝန်ရှိသူများက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ ကျိုက်မဲကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၇၆ ဦးအတွက် ငွေကျပ် ၂၃၄ သိန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၇၃ ဦးအတွက် ငွေကျပ် ၇၅ သိန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၅၉ ဦးအတွက် ငွေကျပ် ၈၃သိန်း၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းလုပ်ကိုင်သူတစ်ဦးအတွက် ငွေကျပ် ရှစ်သိန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၂၀၉ ဦးအတွက် အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ငွေကျပ်သိန်း ၄၀၀ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**နွဲ့ယဉ်**

# ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဗဟိုသင်တန်းကျောင်း၊ အရည်အသွေးထိန်းသိမ်းရေးသုတေသနဌာန သုံးခုနှင့် ဆွာချောင်းတံတားတည်ဆောက်ခြင်းတို့ကို ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့် ကြည့်ရှုစစ်ဆေး



နေပြည်တော် ဇူလိုင် ၁၃

ဆောက်လုပ်ရေးဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်သည် ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများလိုက်ပါလျက် ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းမြို့နယ်ရှိဗဟိုသင်တန်းကျောင်းသို့ရောက်ရှိရာ ကျောင်းအုပ်ကြီးက အစည်းအဝေးခန်းမဆောင်၌ သင်တန်းကျောင်းဆိုင်ရာ အချက်အလက်များ၊ သင်တန်းကျောင်း၏ရည်ရွယ်ချက်၊ ဝန်ထမ်းအရည်အသွေးမြှင့်တင်စေရေးနှင့် လုပ်ငန်းကျွမ်းကျင်မှုရှိစေရေးအတွက် သင်တန်းများနှစ်အလိုက် ဖွင့်လှစ်သင်ကြားပေးသည့်အခြေအနေ၊ ဗဟုသုတနှင့် အသိပညာရပ်များ တိုးမြှင့်စေရေးအတွက် စာကြည့်တိုက်ဖွင့်လှစ်ထားရှိမှုအခြေအနေတို့ကို ရှင်းလင်းတင်ပြရာ လမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဗဟိုသင်တန်းကျောင်းအတွင်း ဖွင့်လှစ်ထားသည့် စာကြည့်တိုက်အတွင်းရှိ အင်ဂျင်နီယာဘာသာရပ်နှင့် စီမံခန့်ခွဲမှုဆိုင်ရာ စာအုပ်များခင်းကျင်းထားရှိမှု၊ Library Management System နှင့် e-Book Management System များ အသုံးပြု၍ စာအုပ်စာတမ်းများစီမံခန့်ခွဲခြင်း၊ ထိန်းသိမ်းထားသိုခြင်းနှင့်ငှားရမ်းမှုဆိုင်ရာ စီမံခန့်ခွဲခြင်း၊ e-Book များအား လွယ်ကူစွာဖတ်ရှုနိုင်ရန် စီမံထားရှိမှုအခြေအနေတို့ကိုလည်းကောင်း၊ သင်တန်းသား၊ သင်တန်းသူများ၏ နေထိုင်စားသောက်ရေးအတွက်ဆောင်ရွက်ထားသည့်အခြေအနေတို့ကိုလည်းကောင်း လိုက်လံကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် လမ်းဦးစီးဌာန၏ အရည်အသွေးထိန်းသိမ်းရေးသုတေသနဌာနခွဲသို့ သွားရောက်စစ်ဆေးရာ တာဝန်ရှိသူများက လမ်းဒီဇိုင်းပြုလုပ်ထားသည့် အချိုးအစားအတိုင်း ဓာတ်ခွဲခန်းတွင် နမူနာ Mould ပြုလုပ်ပြီး Marshall Testing Machine စက်ဖြင့် Stability နှင့် Flow အား လက်တွေ့စမ်းသပ်ခြင်း၊ လမ်းဒီဇိုင်းပုံစံများ တွက်ချက်ရေးဆွဲနိုင်ရန် မြေသားဓာတ်ခွဲစမ်းသပ်ခြင်းနှင့် လမ်းတည်ဆောက်ရာတွင်အသုံးပြုသည့်ကတ္တရာ အရည်အသွေး စမ်းသပ်စစ်ဆေးခြင်း၊ လက်တွေ့ပြုလုပ်၍ ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက အသေးစိတ်ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များကို မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် တံတားဦးစီးဌာန၏ အရည်အသွေးထိန်းသိမ်းရေးသုတေသနဌာနခွဲသို့ သွားရောက်၍တံတားတည်ဆောက်ရေးလုပ်ငန်းသုံးပစ္စည်းများ ဓာတ်ခွဲစမ်းသပ်နေမှုအခြေအနေ၊ ဘိုးပိုင်များဆောင်ရွက်ရာတွင် ကြံ့ခိုင်မှုစစ်ဆေးသည့် ကိရိယာများနှင့် ဓာတ်ခွဲခန်းသုံးပစ္စည်းများကိုလည်းကောင်း၊ အဆောက်အဦဦးစီးဌာန၏ သုတေသနနှင့် အရည်အသွေးထိန်းသိမ်းရေးဌာနခွဲသို့ သွားရောက်၍ တည်ဆောက်ရေးလုပ်ငန်းများတွင်အသုံးပြုမည့်သံချောင်း၊ ဘိလပ်မြေ၊ အုတ်၊ သဲနှင့် ကျောက်များ အရည်အသွေးစစ်ဆေးစမ်းသပ်သည့် အခြေအနေများကိုလည်းကောင်း အသေးစိတ်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ရန်ကုန်မှနေပြည်တော်သို့ မော်တော်ယာဉ်ဖြင့် ရန်ကုန်-မန္တလေး အမြန်လမ်းအတိုင်း ထွက်ခွာလာခဲ့ပြီး ရန်ကုန်-နေပြည်တော်လမ်းပိုင်းရှိ လမ်းတစ်လျှောက်ပြုပြင်ထိန်းသိမ်းဆောင်ရွက်နေသည့်အခြေအနေများကို စစ်ဆေး၍ မိုင်တိုင်အမှတ်(၁၆၅/၁)ရှိဆွာချောင်းတံတားသို့ ရောက်ရှိရာ တာဝန်ရှိသူများက လျှပ်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သောတံတားတစ်စင်းအား ပြန်လည်တည်ဆောက်နေသည့်အခြေအနေ၊ ကျန်ရှိသည့် တံတားတစ်စင်းမှ လတ်တလောယာဉ်များ သွားလာနိုင်ရန်အတွက်နှစ်လွှာတစ်ထပ်ဘေလီတံတားထိုး၍ မော်တော်ယာဉ်များသွားလာနိုင်ရေးအတွက် ဆောင်ရွက်ထားရှိမှုအခြေအနေတို့အား ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက ဆွာချောင်းတံတားသည် ငလျင်ဒဏ်ကြောင့် ပျက်စီးခဲ့ရခြင်းဖြစ်၍ အသစ်ပြန်လည်တည်ဆောက်ရာတွင် ငလျင်ဒဏ်ခံနိုင်သော ဒီဇိုင်းဖြင့် စနစ်တကျတွက်ချက်ဆောင်ရွက်သွားရန် မှာကြားခဲ့ကြောင်း သိရသည်။

မြဝတီ

## ပြည်ထောင်စုရာထူးဝန်အဖွဲ့ ငလျင်ဒဏ်သင့် ဝန်ထမ်းမိသားစုများ ယာယီနေအိမ်များတွင် နေရာချထားပြီးစီးခြင်းအထိမ်းအမှတ် ဖျော်ဖြေရေးအခမ်းအနားကျင်းပ

နေပြည်တော် ဇူလိုင် ၁၃

ငလျင်ဒဏ်သင့်ဝန်ထမ်းမိသားစုများအား ယာယီဝန်ထမ်းနေအိမ်များတွင် နေရာချထားပြီးစီးခြင်း အထိမ်းအမှတ်ဖျော်ဖြေရေးအခမ်းအနားကို ဇူလိုင်လ ၁၂ ရက် ညနေပိုင်းတွင်ပြည်ထောင်စု ရာထူးဝန်အဖွဲ့ ရုံးအမှတ်(၁၇)ရှိ ယာယီဝန်ထမ်းအိမ်ရာ ရပ်ကွက် (C) တွင်ကျင်းပရာ အခမ်းအနားသို့ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဦးအောင်သော်နှင့် အဖွဲ့ဝင်များ၊ ဌာနအကြီးအကဲများ၊ ဝန်ထမ်းများနှင့်မိသားစုဝင်များတက်ရောက်ကြသည်။ အခမ်းအနားတွင် မြဝတီရုပ်မြင်သံကြား (နေပြည်တော်) ဖျော်ဖြေရေးအဖွဲ့မှ တေးသံသာများဖြင့်ဖျော်ဖြေခြင်း၊ ဝါသနာရှင်ဝန်ထမ်းမိသားစုဝင်များမှ သီချင်းများ၊ အကအလှများဖြင့် ပါဝင်ဖျော်ဖြေသည်။ အခမ်းအနားအပြီးတွင် မြဝတီရုပ်မြင်သံကြားမှ ဖျော်ဖြေရေးအဖွဲ့သို့ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များမှ ချီးမြှင့်သော ဂုဏ်ပြုဆုငွေကျပ်သိန်း ၂၀ တိတိကို အဖွဲ့ဥက္ကဋ္ဌမှပေးအပ်ရာ ဖျော်ဖြေရေးအဖွဲ့များက လက်ခံရယူသည်။

ပြည်ထောင်စုရာထူးဝန်အဖွဲ့အနေဖြင့် မန္တလေးမြေငလျင်ကြောင့် အိမ်ရာများ ပျက်စီးခဲ့သော ဝန်ထမ်းမိသားစုဝင် ၉၀ စုအား ငလျင်လှုပ်ခတ်ပြီးချိန်တွင် ရုံးအတွင်းယာဉ်ရပ်နားစခန်းတွင် အရေးပေါ်နေရာချထားခဲ့ရာမှ ယခုအခါငလျင်ဘေးသင့်ဝန်ထမ်းမိသားစုအားလုံးကို ဘာရှာတဲ အလုံး ၂၀၊ Container အလုံး ၇၀ တို့တွင် ယာယီနေထိုင်ရန် အပြီးသတ်နေရာချထားပေးနိုင်ခဲ့ပြီဖြစ်ကြောင်း၊ ဝန်ထမ်းများလည်း အဆင်ပြေစိတ်ချမ်းမြေ့စွာ နေထိုင်နေပြီဖြစ်ကြောင်း၊ ငလျင်ဘေးဒဏ်ကြောင့် စိတ်သောကရောက်ခဲ့ရသော ဝန်ထမ်းမိသားစုများအား စိတ်ဓာတ်မြှင့်တင်ရန်နှင့် အပန်းပြေစေရန်အတွက် ရည်ရွယ်ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

မြဝတီ

## မှော်ဘီမြို့နယ်၌ ၂၀၂၅ ခုနှစ် မိုးရာသီ စိုက်ပျိုးစရိတ်ချေးငွေနှင့် ဓာတ်မြေသြဇာပေးအပ်

ရန်ကုန် ဇူလိုင် ၁၃

၂၀၂၅ ခုနှစ် မိုးရာသီ စိုက်ပျိုးစရိတ်ချေးငွေပေးအပ်ခြင်းနှင့် ဓာတ်မြေသြဇာပေးအပ်ခြင်းအခမ်းအနားကို ယမန်နေ့နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး မှော်ဘီခရိုင် မှော်ဘီမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြန်မာ့ဆန်စပါးသုတေသနခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ခရိုင်/မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကျေးရွာအုပ်စု/ကျေးရွာ အုပ်ချုပ်ရေးမှူးများ၊ တောင်သူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ မှော်ဘီခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်တိုင်းဒေသကြီးမန်နေဂျာတို့က လုပ်ငန်းဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် စီးပွားရေးရာဝန်ကြီးတို့က လိုအပ်သည်များကို မှာကြားသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီးဝန်ကြီးများက တောင်သူများအား စိုက်ပျိုးစရိတ်ချေးငွေများနှင့် ဓာတ်မြေသြဇာများကို ပေးအပ်ကြပြီး တောင်သူများ မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေ ထုတ်ချေးနေမှုများကို ကြည့်ရှုအားပေးကြသည်။



ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့က မှော်ဘီမြို့နယ် ညောင်ကုန်းကျေးရွာ တောင်သူ ဒေါ်အေးအေးပိုင်၏ လယ်မြေ ၁၀ ဧကတွင် လယ်ထွန်စက်ကြီးများဖြင့် ထွန်ယက်နေမှု၊ တိုက်ရိုက်အစေ့ချကိရိယာ(Seeder)ဖြင့် သရုပ်ပြစိုက်ပျိုးနေမှု၊ ကောက်စိုက်စက်ဖြင့် စိုက်ပျိုးခြင်း သရုပ်ပြနေမှု၊ လက်ဆွဲကောက်စိုက်စက်ဖြင့် စိုက်ပျိုးခြင်းသရုပ်ပြနေမှုများကို ကြည့်ရှုအားပေးပြီး တိုက်ရိုက်မျိုးစေ့ချကိရိယာ (Seeder) ဖြင့် သရုပ်ပြစိုက်ပျိုးခဲ့သည့် တောင်သူများကို ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်သည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် လှည်းကူးမြို့နယ် မြတ်မင်းကုမ္ပဏီ၏ ကြက်နှင့်ဝက်မွေးမြူရေးခြံသို့ ရောက်ရှိပြီး ရှင်းလင်းဆောင်၌ တာဝန်ရှိသူများက မွေးမြူရေးခြံတွင် မွေးမြူမှုလုပ်ငန်းအဆင့်ဆင့်နှင့်ထုတ်လုပ်မှုအဆင့်ဆင့်တို့ကို ရှင်းလင်းတင်ပြရာတိုင်းဒေသကြီးဝန်ကြီးချုပ်က လိုအပ်သည်များကိုမှာကြားခဲ့ကြောင်း သိရသည်။ **ခွေထက်ကို(ပြန်/ဆက်)**

# မိုးရာသီအခြေခံပညာကျောင်းပေါင်းစုံ ဘောလုံးပြိုင်ပွဲကျင်းပ



**စစ်တွေ ဇူလိုင် ၁၃**

ရခိုင်ပြည်နယ်အစိုးရအဖွဲ့က ကြီးမှူးကျင်းပသည့် ၂၀၂၅ ခုနှစ် မိုးရာသီအခြေခံပညာကျောင်းပေါင်းစုံဘောလုံးပြိုင်ပွဲကို စစ်တွေမြို့ ဧည့ဝတီအားကစားကွင်း၌ ကျင်းပလျက်ရှိရာ ယမန်နေ့ညနေပိုင်းက ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းသည် ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ ဆရာ၊ ဆရာမများ၊ အားကစားအသင်းများ၊ ကျောင်းသား၊ ကျောင်းသူများ၊ အားကစားဝါသနာရှင်များနှင့်အတူ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ဦးစွာ အုပ်စု(က) ပွဲစဉ်အဖြစ် အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်းဘောလုံးအသင်းနှင့် အမှတ်(၆) အခြေခံပညာအထက်တန်းကျောင်းဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ဂိုးမရှိသရေဖြင့် ပြီးဆုံးခဲ့သည်။

ပွဲကစားချိန်ပြီးဆုံးပြီးနောက် ရခိုင်ပြည်နယ်အစိုးရအဖွဲ့က ချီးမြှင့်သည့်ဂုဏ်ပြုချီးမြှင့်ငွေများကို ပြည်နယ်လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးကျော်သူရက နှစ်ဖက်အားကစားသမားများနှင့် ဆေးဘက်ဆိုင်ရာတွင် ဝိုင်းဝန်းကူညီပေးကြသော ကြက်ခြေနီတပ်ဖွဲ့ဝင်များကို ချီးမြှင့်ပေးအပ်သည်။

ကျောင်းပေါင်းစုံဘောလုံးပြိုင်ပွဲကို ဇူလိုင်လ ၇ ရက်မှ ၂၄ ရက်အထိ စစ်တွေမြို့ ဧည့ဝတီအားကစားကွင်း၌ အခြေခံပညာအထက်တန်းကျောင်းနှင့် အထက်တန်းကျောင်းခွဲများမှ ပြိုင်ပွဲဝင်အသင်း ၁၀ သင်းတို့က အုပ်စုပွဲစဉ်များအဖြစ် ယှဉ်ပြိုင်ကစားလျက်ရှိကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**

# တောင်ကြီးမြို့၌ ဒုတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကျင်းပ



**တောင်ကြီး ဇူလိုင် ၁၃**

ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်သာယာလှပရန်၊ သစ်တောသယံဇာတများ ရေရှည်တည်တံ့စေရန်၊ ဂေဟစနစ်ကောင်းမွန်မျှတစေရန်၊ တောတောင်ရေမြေကိုထိန်းသိမ်းပြီး သဘာဝဘေးအန္တရာယ်များမှ တားဆီးကာကွယ်နိုင်ရန်၊ ရာသီဥတုမျှတကောင်းမွန်စေရန်နှင့် သစ်ပင်စိုက်ပျိုးထိန်းသိမ်းရေးလုပ်ငန်းများတွင် ပြည်သူများနိုးကြားတက်ကြွစွာပူးပေါင်းပါဝင်လာစေရန်ရည်ရွယ်၍ ယနေ့နံနက် ၈ နာရီတွင် တောင်ကြီးမြို့ တောင်ကြီးငှက်ဘေးမဲ့တော၌ ဒုတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော်ကို ကျင်းပသည်။

ဦးစွာ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်က တာဝန်ရှိသူများကို ပျိုးပင်များပေးအပ်၍ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများသည် သတ်မှတ်နေရာများတွင် ပျိုးပင်များစိုက်ပျိုးကြပြီး ဌာနဆိုင်ရာများ၊ သူနာပြု သားဖွားသင်တန်းကျောင်းမှသင်တန်းသား၊ သင်တန်းသူများ၊ တိုင်းရင်းသားစာပေယဉ်ကျေးမှုအဖွဲ့များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများက ပျိုးပင်များစိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

အဆိုပါ ၂၀၂၅ ခုနှစ် တောင်ကြီးမြို့ ဒုတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတွင် ထင်းရှူး၊ ချယ်ရီ၊ စိန်ပန်းပြာ၊ စိန်ပန်းနီ၊ စွယ်တော်၊ မာတာကွတ်၊ ပိတောက် စုစုပေါင်း ပျိုးပင် ၁၁၄၄ ပင်စိုက်ပျိုးခဲ့ကြပြီး ယခုနှစ် မိုးရာသီတွင် ရှမ်းပြည်နယ်အတွင်းရှိ ခရိုင်၊ မြို့နယ်များ၌ ပျိုးပင်ပေါင်း ၂ ဒသမ ၄ သန်းစိုက်ပျိုးရန်လျာထားရာ ယနေ့အထိ ပျိုးပင်ပေါင်း ၂ ဒသမ ၃ သန်းကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**မောင်မောင်သန်း(တောင်ကြီး)**

**➤ ရှေ့ဖုံးမှအဆက်**

အဆိုပါမြစ်ရေသည် နောက်သုံးရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

ယနေ့ည ၇ နာရီခွဲအချိန်တိုင်းထွာချက်အရ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် ယင်းမြို့၏စိုးရိမ်ရေမှတ်အထက်သို့ ၂ လက်မခန့်ကျော်လွန်ရောက်ရှိနေပြီး နောက်တစ်ရက်အတွင်း ပေဝက်ခန့်မြင့်တက်လာနိုင်ကာ ယင်းမြို့၏စိုးရိမ်ရေမှတ်အထက်ဆက်လက်တည်ရှိနိုင်သည်။

ယနေ့နံနက် ၆ နာရီခွဲအချိန်တိုင်းထွာချက်အရ ချင်းတွင်းမြစ်ရေသည် မုံရွာမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ၁ ပေခန့် ကျော်လွန်ရောက်ရှိနေပြီး နောက်တစ်ရက်အတွင်း စိုးရိမ်ရေမှတ်အောက်သို့ ပြန်လည်ကျဆင်းနိုင်သည်။

ယနေ့နံနက် ၆ နာရီခွဲအချိန်တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ပေဝက်ကျော် ကျော်လွန်ရောက်ရှိနေပြီး နောက်တစ်ရက်အတွင်း ၃ လက်မခန့် ကျဆင်းလာနိုင်ကာ ယင်းမြို့၏စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့နံနက် ၆ နာရီခွဲအချိန် တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် ညောင်ဦးမြို့တွင် ယင်းမြို့၏စိုးရိမ်ရေမှတ်အောက် ပေဝက်ကျော်တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

ယနေ့နံနက် ၆ နာရီခွဲအချိန် တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် တောင်ငူမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် ၁ ပေကျော်တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ပခုက္ကူမြို့နယ်၊ ချောက်မြို့နယ်၊ ဆိပ်သာမြို့၊ ဘားအံမြို့နယ်၊ မုံရွာမြို့နယ်၊ မဒေါက်မြို့နယ်၊ ညောင်ဦးမြို့နယ်နှင့် တောင်ငူမြို့နယ်အတွင်းရှိမြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့်ကြိုတင်သတိပြုနိုင်ပါရန်နှင့် မြစ်ရေမြင့်တက်လာပါက အချိန်မီရှောင်ရှားနိုင်ပါရန်သတိပေးနှိုးဆော်အပ်ပါသည်။ **(မိုး/ဇလ)**

# မြဝတီမြို့နယ်တွင် ရေကြီးခြင်းသတိပေးချက် သတိပေးနှိုးဆော်

**မြဝတီ ဇူလိုင် ၁၃**

ကရင်ပြည်နယ် မြဝတီခရိုင် မြဝတီမြို့နယ်အတွင်းရှိမြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်ကြသည့် အများပြည်သူများအား ကြိုတင်သတိပြုနိုင်ရန်နှင့် အချိန်မီရှောင်ရှားနိုင်ရန်အတွက် ဇူလိုင်လ ၁၂ ရက် ည ၇ နာရီက မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ ရေကြီးခြင်း သတိပေးထုတ်ပြန်ချက်အား သတိပေးနှိုးဆော်ခဲ့ကြသည်။

ထိုသို့နှိုးဆော်ရာ၌ မြဝတီခရိုင်သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးကောင်းစံလင်း၏ကြီးကြပ်မှုဖြင့် ခရိုင်ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု အတွင်းရေးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးဉာဏ်မြင့်၊ ခရိုင်ဘေးအန္တရာယ်လျော့ပါးရေးနှင့် အရေးပေါ် အမိုးအကာထူထောင်ရေးလုပ်ငန်းကော်မတီအတွင်းရေးမှူး မြို့နယ်စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိဒုတိယညွှန်ကြားရေးမှူး ဦးကျော်ကျော်ဦး၊ ခရိုင်ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီအဖွဲ့ဝင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်မော်အောင်၊ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မာမာရီ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ရာအိမ်မှူးများက မြဝတီမြို့ မြေနိမ့်ပိုင်းများ၌ နေထိုင်သည့် မိဘပြည်သူများအား သောင်ရင်းမြစ်ရေသည် မြဝတီမြို့၏ စိုးရိမ်ရေမှတ်အောက် ၃ ပေခွဲကျော်ရောက်ရှိနေပြီး နောက်တစ်ရက်အတွင်း စိုးရိမ်ရေမှတ်သို့ရောက်ရှိနိုင်၍ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန နေပြည်တော်၏ထုတ်ပြန်ချက်အရ မြစ်ရေကြီးခြင်း သတိပေးချက်နှိုးဆော်မှုအား ရပ်ကွက်အလိုက် လိုက်လံနှိုးဆော်ခဲ့ကြကြောင်း သိရသည်။ (၄ဝ၆)

# ကြို့ပင်ကောက်မြို့၌ မိုးစပါးကေ ၃၀ စုပေါင်းထွန်ယက်ပွဲကျင်းပ

**ကြို့ပင်ကောက် ဇူလိုင် ၁၃**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် ကြို့ပင်ကောက်မြို့ အောင်ပင်သာကျေးရွာအုပ်စု ကျွဲဘိကျေးရွာမှ တောင်သူ ခုနစ်ဦး၏ လယ်ကေ ၃၀ တွင် မိုးစပါးစိုက်ပျိုးရန်အတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနနှင့် စက်မှုလယ်ယာဦးစီးဌာနတို့ပူးပေါင်း၍ ယနေ့နံနက်ပိုင်းတွင် စုပေါင်းထွန်ယက်ပွဲကျင်းပသည်။

တောင်သူ ကိုပေါက်ကလေး၏ လယ်ငါးကေတွင် ယခင်က အောင်နိုင်တိုးနွေစပါးစိုက်ပျိုးရာ တစ်ကေတွင် တင်း ၁၁၅ ထွက်ရှိကြောင်း ယခုမိုးစပါးအား အောင်နိုင်တိုးစပါးမျိုးကိုသာ ပြန်လည်စိုက်ပျိုးမည်ဖြစ်ပြီး အခြားတောင်သူ ၆ ဦးမှာ အောင်နိုင်တိုးစပါးနှင့် ဆင်းသုခစပါးမျိုးကိုစိုက်ပျိုးမည်ဖြစ်သည်။ အဆိုပါမိုးစပါးစုပေါင်းထွန်ယက်ပွဲတွင် မြို့နယ်စက်မှုလယ်ယာဦးစီးဌာနမှ ထွန်စက် ၉ စီး၊ ရိတ်ခြွေစက်တစ်စီး၊ ပုဂ္ဂလိက ရိတ်ခြွေစက်တစ်စီးတို့ဖြင့် တောင်သူများက စက်သုံးဆီသာကျခံ၍ ထွန်စက်များကို အခမဲ့ထွန်ယက်ပေးခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါ မိုးစပါးကေ ၃၀ စုပေါင်းထွန်ယက်ပွဲသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ကျော်ဇေယျနှင့် မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုကော်မတီအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ တောင်သူများ တက်ရောက်ကြကြောင်းသိရသည်။

**ဇေယျာထွန်း(ကြို့ပင်ကောက်)**

| မြို့ | အနိမ့်ဆုံး | / | အမြင့်ဆုံးအပူချိန် |
|---|---|---|---|
| နေပြည်တော် | ၂၅°c | / | ၃၁°c |
| ရန်ကုန် | ၂၄°c | / | ၃၀°c |
| မန္တလေး | ၂၆°c | / | ၃၃°c |

လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

အဖိုးတန်ရေချိုကို ချွေတာကြပါစို့

# ပထဝီဝင်အကြောင်း သိကောင်းစရာ

**သော်တာစိုး**

## ဝိဇ္ဇာ/သိပ္ပံဘာသာရပ် ပထဝီဝင်

ကျွန်ုပ်တို့နေထိုင်ရာကမ္ဘာကြီးသည် ထူးဆန်းအံ့ဩဖွယ်ရာများနှင့် ပြည့်နှက်နေပြီး ကမ္ဘာ့ရေထု၊ လေထု၊ မြေထုအကြောင်းများကို ကျောင်းသင်ခန်းစာများတွင် သင်ကြားခဲ့ရသည်မှာ အလွန်စိတ်ဝင်စားဖွယ်ကောင်းလှပေသည်။

နိုင်ငံတစ်ခု၏လူဦးရေ၊ ယဉ်ကျေးမှု၊ နိုင်ငံရေး၊ စီးပွားရေး စသည့်ပညာရပ်များသာမက စိုက်ပျိုးရေး၊ စက်မှုလုပ်ငန်း၊ မြို့ပြဖွံ့ဖြိုးတိုးတက်မှု၊ ရွှေ့ပြောင်းနေထိုင်ခြင်းများ၊ ပထဝီနိုင်ငံရေး စသည့်အကြောင်းအရာတို့အပေါ် လေ့လာသည့်ဘာသာရပ်ကို လူမှုပထဝီဝင်(Human Geography)ဟု ခေါ်ဆိုပြီး ဝိဇ္ဇာဘာသာရပ်အဖြစ်သတ်မှတ်နိုင်သည်။ ကမ္ဘာ့ကုန်းမြေမျက်နှာပြင်၊ ရေ၊ မြေအမျိုးအစား၊ ရာသီဥတု၊ ဂေဟစနစ်၊ ကျောက်မြေလွှာလှုပ်ရှားမှုများအကြောင်းကို လေ့လာသည့်ပထဝီဝင်ကို ရူပပထဝီဝင်(Physical Geography) အဖြစ် သတ်မှတ်ထားပြီး သဘာဝသိပ္ပံ၊ ဘူမိဗေဒဘာသာရပ်တို့နှင့်လည်း ဆက်နွှယ်လျက်ရှိရာ သိပ္ပံဘာသာရပ်အဖြစ် သတ်မှတ်နိုင်သည်။ မြန်မာနိုင်ငံရှိ ဝိဇ္ဇာ/သိပ္ပံတက္ကသိုလ်များတွင် ပထဝီဝင်ဘာသာရပ်ကို B. A ဘွဲ့၊ M. A ဘွဲ့၊ Ph.D ဘွဲ့လက်မှတ်တို့ ချီးမြှင့်ပေးလျက်ရှိသည်။ ဗြိတိန်၊ အမေရိကန်၊ အိန္ဒိယနှင့် ဩစတြေးလျကဲ့သို့သော နိုင်ငံများတွင် ပထဝီဝင်ဘာသာရပ်ကို မိမိတို့လေ့လာခဲ့သည့် ခေါင်းစဉ်အလိုက် ဝိဇ္ဇာဘွဲ့/မဟာဝိဇ္ဇာဘွဲ့များအဖြစ်လည်းကောင်း၊ သိပ္ပံဘွဲ့/မဟာသိပ္ပံဘွဲ့များအဖြစ်လည်းကောင်း ပေးအပ်ချီးမြှင့်လျက်ရှိသည်။

ပထဝီဝင်ဘာသာရပ်သည် သဘာဝသိပ္ပံဘာသာရပ်(Ecology)နှင့် လေ့လာမှုနယ်ပယ်တူညီမှုများရှိသော်လည်း မတူကွဲပြားခြားနားသည်။ သဘာဝသိပ္ပံပညာရှင် သို့မဟုတ် ဂေဟဗေဒပညာရှင်များက အနာဂတ်ဖြစ်စဉ်များအပေါ် ခန့်မှန်းတွက်ချက်မှုများပြုလုပ်နေစဉ် ပထဝီဝင်ပညာရှင်များက မည်သို့စတင်ကာ မည်သို့ပြောင်းလဲဖြစ်ပေါ်လာကြောင်းကို ဖြေရှင်းနိုင်ရန် စူးစမ်းရှာဖွေကြသည်။ ယေဘုယျအားဖြင့် ပထဝီဝင်ဘာသာရပ်သည် ကမ္ဘာ့မြေမျက်နှာပြင်အကြောင်းကိုအထူးပြု၍ လေ့လာသော သိပ္ပံပညာရပ်ဖြစ်ပေသည်။

## အချိန်ဇုန်သတ်မှတ်ခြင်း

ကမ္ဘာ့တောင်ခြမ်းနှင့်မြောက်ခြမ်းကို အီကွေတာမျဉ်းကပိုင်းခြားထားပြီး အရှေ့နှင့်အနောက်ကို ဂရင်းနစ်မျဉ်းကပိုင်းခြားထားသည်။ ဘရာဇီးနိုင်ငံ မက်ကာဘာမြို့ကို အီကွေတာမျဉ်းတိုက်ရိုက်ဖြတ်သန်းသွားပြီး ဂရင်းနစ်မျဉ်းဖြတ်သန်းရာမြို့သည် ဂါနာနိုင်ငံရှိ တီမာမြို့ဖြစ်ပေသည်။ ကမ္ဘာ့အကြီးဆုံးနိုင်ငံဖြစ်သည့် ရုရှားနိုင်ငံတွင် အချိန်ဇုန် ၁၁ ခုထိ ကျယ်ပြန့်ပြီး မြန်မာနိုင်ငံတွင် အချိန်ဇုန်တစ်ခုသာရှိသည်။ မြန်မာနိုင်ငံသည် (UTC+6:30) တွင်ရှိသဖြင့် အင်္ဂလန်နိုင်ငံ လန်ဒန်မြို့(ဆောင်းရာသီတွင် (UTC+0)ထက် ပျမ်းမျှအားဖြင့် အချိန် ၆ နာရီ ၃၀ မိနစ်ခန့် စောသည်ဟုမှတ်ယူနိုင်သည်။ နေသည် အရှေ့အရပ်မှထွက်၍ အနောက်အရပ်သို့ဝင်သဖြင့် အာရှတိုက်ရှိနိုင်ငံများ နေကိုအရင်မြင်ရပြီးမှ ကမ္ဘာ့အနောက်ခြမ်းရှိ ဥရောပတိုက်၊ အမေရိကတိုက်နိုင်ငံများက နောက်မှမြင်ရသည့်သဘောပင်ဖြစ်သည်။

Coordinated Universal Time UTC ၏အဓိပ္ပာယ်မှာ အချိန်နာရီများကိုပုံမှန်လည်ပတ်ရန် ကမ္ဘာ့စံတော်ချိန်အဖြစ် အချိန်အားလုံးကိုအခြေခံထားပြီး Zero ဟု သတ်မှတ်ထားခြင်းဖြစ်သည်။ ဥပမာ အရှေ့ဘက်ရှိ အိမ်နီးချင်းထိုင်းနိုင်ငံသည် (UTC+7:00) ရှိသဖြင့် မြန်မာစံတော်ချိန်ထက် မိနစ် ၃၀ စောလျက်ရှိပေသည်။ မြန်မာနိုင်ငံတွင် ယခုအချိန်သည် မွန်းတည့် ၁၂ နာရီဖြစ်ပါက ထိုင်းနိုင်ငံတွင် ၁၂ နာရီ ၃၀ မိနစ်ရှိနေမည်ဖြစ်သည်။

## အလုပ်အကိုင်နှင့်အခွင့်အလမ်းများ

မြို့ပြစီမံကိန်း၊ အခြေခံအဆောက်အဦ၊ မြေယာအသုံးပြုမှုစီမံကိန်းများ စသည့်လုပ်ငန်းနယ်ပယ်များပါဝင်သည့် အစိုးရရုံး၊ ဝန်ကြီးဌာနများ၊ အစိုးရမဟုတ်သည့် အခြားအဖွဲ့အစည်းများ(NGO) များတွင် ကျွမ်းကျင်သူ၊ နည်းပညာရှင်များအဖြစ် မိမိတို့လေ့လာခဲ့သည့် ဘာသာရပ်ခွဲ၊ ဒီပလိုမာ၊ ဘွဲ့များအလိုက် အလုပ်အကိုင်အခွင့်အလမ်းများရရှိနိုင်သည်။ ထို့ပြင် ပထဝီနိုင်ငံရေးဆိုင်ရာ ခွဲခြမ်းစိတ်ဖြာသူ၊ သုတေသနပညာရှင်၊ သင်ကြားရေးပုဂ္ဂိုလ်စသည့်လုပ်ငန်းနယ်ပယ်များတွင်လည်း အားထုတ်ကြိုးစားမှုနှင့်ကျွမ်းကျင်မှုတို့အလျောက် လုပ်ကိုင်နိုင်မည်ဖြစ်သည်။ ပထဝီဝင်ဘာသာရပ်သည် အိမ်ထောင်စုလူဦးရေစာရင်းကောက်ယူခြင်းနှင့်လည်း နက်ရှိုင်းစွာဆက်နွှယ်လျက်ရှိသည်။ လူဦးရေစာရင်းကောက်ယူရန်အတွက် GIS (Geographic Information System)ကိုအသုံးပြုရပြီး ကျေးလက်နှင့်မြို့ပြဆိုင်ရာ နယ်နိမိတ်အပိုင်းအခြားကို တိကျစွာရေးဆွဲနိုင်မှသာ အမှန်တကယ်လူဦးရေစာရင်းထက် လျော့နည်းစွာကောက်ယူစာရင်းသွင်းမိခြင်း၊ နှစ်ခါကောက်ယူမိခြင်း စသည့်အန္တရာယ်ကြီးများကို ရှောင်ရှားနိုင်မည်ဖြစ်သည်။

## မြေပုံရေးဆွဲခြင်း

ပထဝီဝင်အကြောင်းကိုပြောလျှင် မြေပုံရေးဆွဲခြင်းကိုလည်း ချန်လှပ်ထား၍မရနိုင်ပေ။ အကွာအဝေး၊ မြေအနိမ့်အမြင့်တို့ကို တိုင်းတာနိုင်သည့် ဂြိုဟ်တု၊ ဒရုန်းကဲ့သို့သော နည်းပညာရပ်ဆိုင်ရာ အီလက်ထရွန်နစ်ပစ္စည်းများကိုအသုံးပြု၍ သိပ္ပံနည်းကျတွက်ချက်ကာ ကမ္ဘာ့မြေမျက်နှာပြင်ကို တိကျစွာမြေပုံထုတ်ရေးဆွဲပါက သိပ္ပံဘာသာရပ်ခွဲတစ်ခုအဖြစ် မြေပုံရေးဆွဲခြင်းကို သတ်မှတ်နိုင်ပေသည်။ သင်္ချာဆိုင်ရာတွက်ချက်မှုများ၊ Geodesy ဟုခေါ်ဆိုသည့် ကမ္ဘာမြေတိမ်းစောင်းမှု ဆွဲငင်အားနယ်ပယ်၊ ပုံပန်းသဏ္ဌာန်တို့ကို သိပ္ပံနည်းကျတိုင်းတာခြင်းများပါဝင်နိုင်သည်။ ကမ္ဘာပေါ်ရှိ နိုင်ငံပေါင်း ၁၉၅ နိုင်ငံအနက် မြန်မာနိုင်ငံသည် ၄၀ ခုမြောက် အကြီးဆုံးနိုင်ငံဖြစ်ပြီး မြောက်လတ္တီကျု ၂၈' ၃၁ "နှင့် ၉' ၃၂" ကြား၊ အရှေ့လောင်ဂျီကျု ၁၀၁' ၁၀"နှင့် ၉၂' ၁၀" မိနစ်ကြားတို့တွင် တည်ရှိသဖြင့် တောင်မြောက်ရှည်လျားသည့်နိုင်ငံဖြစ်သည်။ မြန်မာနိုင်ငံမြေပုံကို UTM(Universal Transverse Mercator) စနစ်ကို အသုံးပြုရေးဆွဲထားခြင်းဖြစ်ပြီး ၁ : ၁ သန်းမှ ၁ : ၅ သန်းအတွင်း ရေးဆွဲလေ့ရှိကြသည်။ ၁ : ၁ သန်းဆိုသည်မှာ မြေပုံတွင် ၁ စင်တီမီတာသည် မြေပြင်တွင် ၁၀ ကီလိုမီတာဖြစ်သည်။ ဥပမာ မြန်မာပြည်မြောက်ဖျားမှ တောင်ဖျားအကွာအဝေးသည် ၂၁၀၀ ကီလိုမီတာဖြစ်သဖြင့် ၁ : ၁ သန်းဖြင့် မြေပုံရေးဆွဲမည်ဆိုပါက အလျား ၂၁၀ စင်တီမီတာ(၇ ပေခန့်) ရှိမည်ဖြစ်သည်။

> ■ ပထဝီဝင်အကြောင်းကိုပြောလျှင် မြေပုံရေးဆွဲခြင်းကိုလည်း ချန်လှပ်ထား၍မရနိုင်ပေ။ အကွာအဝေး၊ မြေအနိမ့်အမြင့်တို့ကို တိုင်းတာနိုင်သည့် ဂြိုဟ်တု၊ ဒရုန်းကဲ့သို့သော နည်းပညာရပ်ဆိုင်ရာ အီလက်ထရွန်နစ်ပစ္စည်းများကိုအသုံးပြု၍ သိပ္ပံနည်းကျတွက်ချက်ကာ ကမ္ဘာ့မြေမျက်နှာပြင်ကို တိကျစွာမြေပုံထုတ်ရေးဆွဲပါက သိပ္ပံဘာသာရပ်ခွဲတစ်ခုအဖြစ် မြေပုံရေးဆွဲခြင်းကို သတ်မှတ်နိုင်ပေသည်။

## မြန်မာ့ပထဝီဝင်

မြန်မာနိုင်ငံ၏ အရှေ့ဘက်အစွန်းဆုံးတွင် မိုင်းယောင်းမြို့၊ အနောက်ဘက်အစွန်းဆုံးတွင် မောင်တောမြို့၊ မြောက်ဘက်အစွန်းဆုံးတွင် ပန်နန်းဒင်မြို့နှင့် တောင်ဘက်အစွန်းဆုံးတွင် ကော့သောင်းမြို့တို့တည်ရှိသည်။ ရှမ်းပြည်နယ်အရှေ့ပိုင်း တရုတ်၊ လာအိုနယ်စပ်မှ ရခိုင်ပြည်နယ်အနောက်ဘက် ဘင်္ဂလားပင်လယ်အော်အထိ ၉၂၅ ကီလိုမီတာ (၅၇၅ မိုင်)ကွာဝေးပြီး ကချင်ပြည်နယ်မြောက်ဖျား ဟိမဝန္တာတောင်တန်းများမှ တနင်္သာရီတိုင်းဒေသကြီး မလေးကျွန်းဆွယ်အထိ ၂၁၀၀ ကီလိုမီတာခန့် (၁၃၀၀ မိုင်) ကွာဝေးသည်။ အကျယ်အဝန်းအားဖြင့် စတုရန်းမိုင် ၂၆၁၂၂၈ ကျယ်ဝန်းသော မြန်မာနိုင်ငံသည် အရှေ့တောင်အာရှနိုင်ငံများတွင် အင်ဒိုနီးရှားနိုင်ငံပြီးလျှင် ဒုတိယအကြီးဆုံးနိုင်ငံဖြစ်သည်။ မြန်မာနိုင်ငံ၏ မြစ်အများစုသည် မြောက်မှတောင်သို့ စီးဆင်းသော်လည်း မြေမျက်နှာသွင်ပြင်အရ သောင်ရင်းမြစ်၊ ဂျိုင်းမြစ်၊ အတ္ထရံမြစ်၊ ဇော်ဂျီမြစ်၊ မြစ်သာမြစ်၊ တနင်္သာရီမြစ်တို့မှာ တောင်မှမြောက်သို့စီးဆင်းလျက်ရှိသည်။

## ပထဝီဝင်ဗဟုသုတတိုးပွားလာပုံ

လူတို့သည် အရပ်တစ်ပါးသို့ စတင်ခရီးထွက်သည့်အချိန်မှစ၍ ပထဝီဝင် ဗဟုသုတတိုးပွားခဲ့ကြသည်။ ရှေးခေတ်က ကမ်းခြေအနီးနေထိုင်ကြသော ယဉ်ကျေးမှုမဖွံ့ဖြိုးသေးသည့်လူများသည် တောင်ပေါ်မုဆိုးများထံသွားရောက်၍ ကုန်ပစ္စည်းချင်းဖလှယ်ခဲ့ကြသည်။ ဤသို့ဖြင့် နေထိုင်ပုံစရိုက်သဘာဝချင်း မတူညီကြသည့်အဖြစ်ကို သိရှိလာကြသည်။ ဂရိလူမျိုးများသည် ပထဝီဝင်ကို ပထမဆုံးစတင်လေ့လာသူများဖြစ်ပြီး မိမိတို့နေထိုင်ရာပတ်ဝန်းကျင်တောတောင်ရေမြေတို့ကို မြေပုံများရေးဆွဲမှတ်သားခဲ့ကြသည်။ ခရစ်တော်မပေါ်မီ ဘီစီ ၂၀၀ ခန့်ကပင် ကမ္ဘာ့အချင်း၊ ဧရိယာတို့ကို တွက်ချက်ခြင်းများရှိခဲ့ပြီဖြစ်သည်။ တစ်နည်း ပထဝီဝင်ဘာသာရပ်သည် လူအများ နယ်ပယ်ဒေသအသစ်များသို့ ခရီးသွားရာမှ ဖြစ်ပေါ်လာသည်ဟု ဆိုနိုင်ပေသည်။

## ပထဝီဝင်ဘာသာရပ်၏အရေးပါပုံ

နိုင်ငံတစ်နိုင်ငံဖွံ့ဖြိုးတိုးတက်ဖို့အတွက် ပထဝီဆိုင်ရာအသိအမြင်လိုအပ်သည့်အပြင် လူမှုစီးပွားဘဝနှင့်ဆက်စပ်လျက်ရှိသည့် သဘာဝအရင်းအမြစ်၊ ဒေသန္တရကွာခြားမှုနှင့် လူသားအရင်းအမြစ်အခန်းကဏ္ဍများအပေါ် စူးစိုက်စွာသုတေသနပြုသင့်ပြီး အောက်ပါအချက်များအပေါ် ယေဘုယျအားဖြင့် အခြေခံသင့်လှပေသည်-

( ၁ ) နိုင်ငံအတွင်းရှိ မြစ်များ၊ ကမ်းရိုးတန်းဒေသများ၊ တောတောင်၊ လွင်ပြင်များအလိုက်သက်ရောက်နိုင်သည့်သယ်ယူပို့ဆောင်ရေးနှင့်အခြေပြုလုပ်ငန်းများ။

( ၂ ) ရာသီဥတုအခြေအနေ(မိုးခေါင်ခြင်း၊ ရေကြီးခြင်း စသည်)၊ သီးနှံအထွက်နှုန်းရေရရှိနိုင်မှုအခြေအနေများ။

( ၃ ) သီးနှံအထွက်တိုးစေရေး မြေဆီဩဇာနှင့် စိုက်ပျိုးမြေအသုံးချနိုင်မှုအခြေအနေများ။

( ၄ ) အစိုးရရုံးဌာနများ၊ လူနေတိုက်တာများစသည့် အခြေခံအဆောက်အဦများ မဆောက်လုပ်ခင် မြေပုံရေးဆွဲခြင်း၊ ငလျင်ဖြစ်လေ့ဖြစ်ထရှိနိုင်သော ဒေသများကိုပါ ထည့်သွင်းတွက်ချက်ခြင်း။

( ၅ ) ဒေသအလိုက် သဘာဝတွင်းထွက်ပစ္စည်းထွက်ရှိမှုအခြေအနေ၊ ဆည်မြောင်း၊ အလုပ်ရုံ၊ စက်ရုံများအတွက် ရေပေးဝေနိုင်မှုအခြေအနေ၊ သောက်သုံးရေရရှိနိုင်မှုအခြေအနေ။

( ၆ ) သစ်တောနှင့်ဇီဝမျိုးကွဲများကို ထိန်းသိမ်းစောင့်ရှောက်နိုင်မှု၊ ခရီးသွားလုပ်ငန်းနှင့် မြေယာစီမံခန့်ခွဲမှုကိစ္စရပ်များ။

( ၇ ) လူဦးရေတိုးပွားလာခြင်းကြောင့် မြို့ပြလူနေထိုင်မှုသိပ်သည်းလာခြင်းအပေါ် အိမ်ရာချထားပေးနိုင်မှု၊ သယ်ယူပို့ဆောင်ရေးနှင့် အလုပ်အကိုင်ဖန်တီးပေးနိုင်မှုအခြေအနေများ။

( ၈ ) စိုက်ပျိုးရေးဇုန်၊ စက်မှုကုန်ထုတ်လုပ်ငန်းများအခြေချရာနေရာ၊ သယ်ယူပို့ဆောင်ရေးလမ်းကြောင်းများ(ကုန်း၊ ရေ၊ လေ) နှင့် နိုင်ငံတကာဈေးကွက်အခြေအနေများ။

( ၉ ) ဆက်သွယ်မှုကွန်ရက်အခြေအနေ၊ လျှပ်စစ်မီးပေးဝေနိုင်မှု၊ ပင်လယ်ရေမြင့်တက်မှု၊ မိုးခေါင်ခြင်းနှင့် အကျိုးသက်ရောက်မှုများ။


ထို့ပြင် ကမ္ဘာ့လှည့်ခရီးသွားများကို ဆွဲဆောင်နိုင်သည့် ရိုးရာယဉ်ကျေးမှု၊ တောတောင်ရေမြေများသည်လည်း ခရီးသွားလုပ်ငန်းအောင်မြင်မှုအလားအလာကို ထောက်ပံ့ပေးလျက်ရှိသည့်အတွက် ထိန်းသိမ်းစောင့်ရှောက်ခြင်း၊ UNESCO အသိအမှတ်ပြုဒြပ်ရှိ/ဒြပ်မဲ့ယဉ်ကျေးမှုများ ဖြစ်ပေါ်လာစေရန် အားပေးဆောင်ရွက်လျက်ရှိကြောင်း တွေ့ရသည်။

## တိုးတက်ခြင်းလမ်းစ

ပညာရပ်တစ်ခု အစဉ်ဖွံ့ဖြိုးရှင်သန်နိုင်ရန် တစ်ခုတည်းသောလမ်းကြောင်းမှာ သုတေသနပြုခြင်းသည် အဓိကဖြစ်သည်။ ၎င်းပညာရပ်များကို ထိရောက်စွာအသုံးချနိုင်မည့် လူသားအရင်းအမြစ်များ ကြွယ်ဝပေါများစေခြင်းသည် နိုင်ငံတော်ဖွံ့ဖြိုးရေးအတွက် တိုးတက်ခြင်းလမ်းစပင်ဖြစ်သည်။ မည်သည့်ပညာရပ်မဆို မှန်ကန်သောနည်းလမ်းဖြင့် အကျိုးရှိစွာအသုံးပြုနိုင်မည်ဆိုပါက နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အပံ့ကောင်းများရရှိစေနိုင်မည်ဖြစ်သဖြင့် ပထဝီဝင်အကြောင်းသိကောင်းစရာ အဖုံဖုံအား ရေးသားတင်ပြလိုက်ရပါသည်။ ။


ကျန်းမာရေးဝန်ကြီးဌာန
ပြည်သူ့ကျန်းမာရေးဦးစီးဌာန

## ရာသီတုပ်ကွေးနှင့် ကိုဗစ် - ၁၉ ရောဂါ စသည့် လတ်တလော အသက်ရှူလမ်းကြောင်း ဆိုင်ရာရောဂါများ မိမိကစ၍ ကာကွယ်ပါ။



ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ဗဟိုကူးစက်ရောဂါတိုက်ဖျက်ရေးဌာနခွဲနှင့် ကျန်းမာရေးအသိပညာမြှင့်တင်ရေးဌာနခွဲတို့ ပူးပေါင်းပြုစုသည်။
(၂၀၂၅ခုနှစ် ၊ ဇွန်လ)

## ရာသီတုပ်ကွေးနှင့် ကိုဗစ် - ၁၉ ရောဂါ စသည့် လတ်တလော အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါများ မိမိကစ၍ ကာကွယ်ပါ။




- မိုးရာသီတွင် ရာသီတုပ်ကွေးရောဂါနှင့် ကိုဗစ်- ၁၉ ရောဂါစသည့် အသက်ရှူလမ်းကြောင်းဆိုင်ရာ ကူးစက်ရောဂါများ ပိုမိုကူးစက်ဖြစ်ပွားနိုင်ပါသည်။
- ကိုဗစ်-၁၉ ရောဂါအား ကမ္ဘာ့ကပ်ရောဂါအဖြစ် သတ်မှတ်ထားခြင်း မရှိတော့ဘဲ ရာသီတုပ်ကွေး ရောဂါကဲ့သို့ ဒေသတွင်း ပုံမှန်ကူးစက် ဖြစ်ပွားတတ်သည့် ရောဂါအဖြစ်သာ သတ်မှတ်ထားပါသည်။
- အဆိုပါရောဂါများ ကူးစက်ဖြစ်ပွား/သေဆုံးမှုများမှ ကြိုတင်ကာကွယ်နိုင်ရန် ပြည်သူလူထုအနေဖြင့် ပူးတွဲပါအချက်များကိုသတိပြုလိုက်နာဆောင်ရွက်ကြရန်လိုအပ်ပါသည်။

### စနစ်ကျစွာ ပါးစပ်နှင့်နှာခေါင်းစည်း (Mask) တပ်နည်း



ပါးစပ်နှင့်နှာခေါင်းကို လုံခြုံစွာဖုံးအုပ်ပါ။



အဖုံးပါသော အမှိုက်ပုံးထဲတွင်သာ စွန့်ပစ်ပါ။



စနစ်တကျ လက်ဆေးပါ။

### သတိပြုလိုက်နာရမည့် အချက်များ

(၁) လတ်တလောအသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါလက္ခဏာများဖြစ်သော ဖျားခြင်း၊ နှာစေးခြင်း၊ နှာချေခြင်း၊ ချောင်းဆိုးခြင်း၊ လည်ပင်းနာခြင်းစသည့် လက္ခဏာများရှိသူများအနေဖြင့် မိမိမှ အခြားသူများသို့ ကူးစက်မှုမရှိစေရေးအတွက် –


**ရောဂါကာကွယ်ရေးနည်းလမ်းများကို ကိုယ်တိုင်လိုက်နာဆောင်ရွက်ပါ၊ အခြားသူများကိုလိုက်နာရန်တိုက်တွန်းပြောကြားပေးပါ။**

## ရာသီတုပ်ကွေးနှင့် ကိုဗစ် - ၁၉ ရောဂါ စသည့် လတ်တလော အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါများ မိမိကစ၍ ကာကွယ်ပါ။

(က) လူထူထပ်သောနေရာများသို့သွားခြင်းမှရှောင်ကြဉ်ခြင်းနှင့် မဖြစ်မနေသွားရောက်ရန်ရှိပါက ပါးစပ်နှင့်နှာခေါင်းစည်း (Mask) အား စနစ်တကျ ဝတ်ဆင်ခြင်း၊



(ခ) ပါးစပ်နှင့်နှာခေါင်းစည်း ဝတ်ဆင်ထားခြင်း မရှိချိန်၌ နှာချေ၊ ချောင်းဆိုးပါက လက်ကိုင်ပဝါ/ တံတောင်ကွေးဖြင့် လုံအောင်အုပ်၍ နှာချေ၊ ချောင်းဆိုးခြင်း၊



(ဂ) ရောဂါလက္ခဏာပြင်းထန်ပါကနီးစပ်ရာဆေးရုံ၊ ကျန်းမာရေးဌာနသို့ ချက်ချင်းပြသ၍ ဆေးကုသမှုခံယူခြင်း။



(၂) တစ်ကိုယ်ရေကာကွယ်ရေးနည်းလမ်းများဖြစ်သည့် လက်ကိုရေနှင့်ဆပ်ပြာ သို့မဟုတ် ရေမလိုလက်သန့်စင် ဆေးရည် (Hand sanitizer) ဖြင့် မကြာခဏ စနစ်တကျ ဆေးကြောခြင်း၊




(၃) ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများသည် ကိုဗစ်-၁၉ ရောဂါ မျိုးရိုးဗီဇကွဲများ ကူးစက်ဖြစ်ပွားခြင်းနှင့် ရောဂါလက္ခဏာပြင်းထန်မှုနှင့် အသက်ဆုံးရှုံးမှုတို့မှ ထိရောက်စွာကာကွယ်ပေးသည့်အတွက် ကိုဗစ်-၁၉ ရောဂါ ထပ်ဆောင်း ကာကွယ်ဆေး ထိုးနှံမှုခံယူခြင်း။





ရောဂါကူးစက်ခံရပါက ရောဂါပြင်းထန်နိုင်ခြေနှင့် အသက်ဆုံးရှုံးနိုင်ခြေမြင့်မားသည့်

- အသက် ၆၀နှစ် နှင့် အထက် အသက်အရွယ်ကြီးသူများ၊
- ဆီးချိုရောဂါ၊ နှာတာရှည်အဆုတ်ရောဂါ၊ ကင်ဆာရောဂါရှိသူများ၊
- ကိုယ်ဝန်ဆောင်ကာလ ၃ လနှင့်အထက် ကိုယ်ဝန်ဆောင်မိခင်များအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံမှုကို မဖြစ်မနေခံယူပါ။




**ရောဂါကာကွယ်ရေးနည်းလမ်းများကို ကိုယ်တိုင်လိုက်နာဆောင်ရွက်ပါ၊ အခြားသူများကိုလိုက်နာရန်တိုက်တွန်းပြောကြားပေးပါ။**

# ဆုံးရှုံးနိုင်ခြေစီမံခန့်ခွဲမှုဆိုင်ရာ ဆွေးနွေးပွဲကျင်းပ





နေပြည်တော်  ဇူလိုင်  ၁၃

ဆုံးရှုံးနိုင်ခြေစီမံခန့်ခွဲမှုဆိုင်ရာဆွေးနွေးပွဲကို ယနေ့နံနက် ၁၀ နာရီတွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ် အစည်းအဝေးခန်းမ ၌ကျင်းပရာ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥက္ကဋ္ဌ ဒေါ်သန်းသန်းဆွေ၊ ဒုတိယဥက္ကဋ္ဌ ဒေါက်တာလင်းအောင်၊ ဗဟိုဘဏ်ဌာန အသီးသီးမှ ညွှန်ကြားရေးမှူးချုပ်များနှင့် အရာထမ်းများ၊ နိုင်ငံပိုင်ဘဏ်များ၊ ပုဂ္ဂလိကဘဏ်များနှင့် နိုင်ငံခြားဘဏ်များမှ ဒါရိုက်တာအဖွဲ့ဝင်များနှင့် အဆင့်မြင့်စီမံခန့်ခွဲသူများတက်ရောက်ကြသည်။

ဆွေးနွေးပွဲတွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌက ဘဏ်များအားလုံးသည် မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ထုတ်ပြန်ထားသည့် ဘဏ်များ၏ဆုံးရှုံးနိုင်ခြေစီမံခန့်ခွဲမှုဆိုင်ရာ လုပ်ငန်းစဉ်များအပေါ် လမ်းညွှန်ချက်များ၊ နိုင်ငံတကာစံသတ်မှတ်ချက်များနှင့်အညီ တိကျစွာလိုက်နာသွားရန်လိုအပ်ကြောင်း၊ ဘဏ်၏ဒါရိုက်တာအဖွဲ့ဝင်များနှင့် အဆင့်မြင့်စီမံခန့်ခွဲသူများအနေဖြင့် ချေးငွေဆုံးရှုံးနိုင်ခြေ (Credit Risk) နှင့် လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာ ဆုံးရှုံးနိုင်ခြေ (Operational Risk) များကို ကောင်းစွာသိရှိပြီး တာဝန်ရှိမှု၊ တာဝန်ခံမှုရှိရမည်ဖြစ်ကြောင်း၊ ထိရောက်စွာ စီမံခန့်ခွဲရန်လိုအပ်ကြောင်းနှင့် ၂၀၂၅ ခုနှစ် Basel ကော်မတီမှ ထပ်မံဖြည့်စွက်ချက်များကို ပြင်ဆင်ထုတ်ပြန်ပေးမည်ဖြစ်ကြောင်း၊ ဆွေးနွေးပွဲမှရရှိသည့် ဆွေးနွေးချက်ရလဒ်များအပေါ်မူတည်၍ မိမိဘဏ်နှင့်ကိုက်ညီသည့် ဆုံးရှုံးနိုင်ခြေမူဝါဒနှင့် လုပ်ထုံးလုပ်နည်းများကိုပြန်လည်သုံးသပ်ပြီး ပြင်ဆင်ဆောင်ရွက်သွားကြရန် မှာကြားသည်။

ယင်းနောက် ဘဏ်လုပ်ငန်းစည်းမျဉ်းနှင့် ကြီးကြပ်စစ်ဆေးရေးဌာနကြီးမှ ညွှန်ကြားရေးမှူးများက ဆုံးရှုံးနိုင်ခြေစီမံခန့်ခွဲမှုဆိုင်ရာ ဥပဒေမူဘောင်များ၊ ဘဏ်များ၏ ဆုံးရှုံးနိုင်ခြေစီမံခန့်ခွဲမှုဆိုင်ရာ လုပ်ငန်းစဉ်များအပေါ် လမ်းညွှန်ချက်ပါ Credit Risk နှင့် Operational Risk Management ဆိုင်ရာ စံသတ်မှတ်ချက်များ၊ ၂၀၂၅ ခုနှစ်တွင် Basel ကော်မတီမှ Credit Risk Management နှင့်ပတ်သက်၍ ပြင်ဆင်ပြောင်းလဲထုတ်ပြန်ရသည့် အကြောင်းရင်းများနှင့် ပြင်ဆင်ဖြည့်စွက်ထားသည့်အချက်များ၊ ဗဟိုဘဏ်မှထုတ်ပြန်ထားသည့် Risk Management Guideline တွင် Credit Risk အား Basel ကော်မတီသတ်မှတ်ချက်နှင့်အညီ ပြင်ဆင်ဖြည့်စွက်သွားမည့်အချက်များ၊ ဗဟိုဘဏ်မှ Onsite ကြီးကြပ်စစ်ဆေးရာတွင် တွေ့ရှိချက်များ၊ Risk Management လုပ်ငန်းစဉ်များနှင့် Offsite ကြီးကြပ်စစ်ဆေးရာတွင်တွေ့ရှိချက်များ၊ ဘဏ်များကဖြည့်စွက်ပြင်ဆင်ပြောင်းလဲရန်လိုအပ်သည့်အချက်များ၊ Fraud Risk, AML, Compliance နှင့်စပ်လျဉ်း၍ Case Study များဖြင့် ရှင်းလင်းတင်ပြဆွေးနွေးသည်။

ထို့နောက် ဆွေးနွေးပွဲသို့တက်ရောက်လာသူများက သိရှိလိုသည်များနှင့် မရှင်းလင်းသည့် အချက်များမေးမြန်းကြပြီး တာဝန်ရှိသူများက အသေးစိတ်ပြန်လည်ဖြေကြားခဲ့ကြောင်းသိရသည်။ **မြဝတီ**

# စားအုန်းဆီအခြေခံလက်ကားရည်ညွှန်းဈေးနှုန်း တစ်ပိဿာ ငွေကျပ် ၆၀၃၀ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ

နေပြည်တော်  ဇူလိုင်  ၁၃

စားသုံးသူပြည်သူများ စားသုံးဆီဝယ်ယူစားသုံးရာတွင် ဘေးအန္တရာယ်ကင်းရှင်းသောစားသုံးဆီများကို သင့်တင့်သောဈေးနှုန်းဖြင့် ဝယ်ယူစားသုံးနိုင်စေရန်နှင့် ပြည်တွင်းလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်း လုပ်ငန်းကြီးကြပ်ရေးကော်မတီက ဆောင်ရွက်ပေးလျက်ရှိကြောင်းသိရသည်။

ပြည်တွင်းလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရေး စားအုန်းဆီကို ပြည်ပမှဝယ်ယူတင်သွင်းရာတွင် စားအုန်းဆီတင်ပို့သည့် နိုင်ငံများ၏ ဈေးနှုန်းအတက်အကျပေါ်မူတည်၍ ပြည်တွင်း၌ ဖြစ်သင့်ဖြစ်ထိုက်သည့် ဈေးနှုန်းများဖြစ်ပေါ်စေရေးကိုထိန်းကျောင်းဆောင်ရွက်လျက်ရှိသည်။

ပြည်ပမှစားအုန်းဆီထုတ်လုပ်တင်ပို့သည့်နိုင်ငံများတွင် ဈေးကွက်နှင့် ဈေးနှုန်းဖြစ်ပေါ်မှုများအရ ဇူလိုင်လ ၁၄ ရက်မှ ၂၀ ရက်အထိ ရန်ကုန်အထိုင်ဈေး အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီ တစ်ပိဿာလျှင် ငွေကျပ် ၆၀၃၀ ဖြစ်ကြောင်း စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်း လုပ်ငန်းကြီးကြပ်ရေးကော်မတီက အသိပေးထုတ်ပြန်ကြေညာထားကြောင်း သိရှိရသည်။

ပြည်တွင်းဈေးကွက်အတွင်း အဆိုပါထုတ်ပြန်ကြေညာထားသည့် ဈေးနှုန်းထက် ဈေးနှုန်းမြှင့်တင်ရောင်းချခြင်း၊ ဈေးကစားရန် ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်း အပါအဝင် မသမာသည့် လုပ်ဆောင်မှုများ ပြုလုပ်ပါက အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ကြောင်း သိရှိရသည်။

စားအုန်းဆီ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းကို အပတ်စဉ်တနင်္လာနေ့တိုင်း ထုတ်ပြန်ကြေညာလျက်ရှိပြီး စားသုံးသူပြည်သူများအနေဖြင့် စားသုံးသူရေးရာဦးစီးဌာန၏ Website: www.doca.gov.mm၊ Facebook Page နှင့် မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၏ Facebook Page တို့တွင် ဝင်ရောက် ကြည့်ရှုလေ့လာနိုင်ကြောင်း သိရသည်။ **မြဝတီ**

# မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေ

နေပြည်တော်  ဇူလိုင်  ၁၃

မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် မိုးတိမ်တောင်များဖြစ်ထွန်းလျက်ရှိပြီး အဆိုပါမိုးတိမ်တောင်များရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့်မိုးသီးကြွေခြင်း စသည့်မိုးလေဝသဖြစ်စဉ်များဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။

(မိုး/ဇလ)

# ဒြပ်ပစ္စည်း သိပ္ပံသုတေသနဌာန(အေလာ)၌ သတ္တုသန့်စင်ခြင်းဆိုင်ရာနည်းပညာ သုတေသနလုပ်ငန်းများနှင့် နည်းပညာပံ့ပိုးပေးသည့်ဝန်ဆောင်မှုများဆောင်ရွက်နေ

နေပြည်တော်  ဇူလိုင်  ၁၃

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျသည် ယနေ့တွင် နည်းပညာမြှင့်တင်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန ဒြပ်ပစ္စည်း သိပ္ပံသုတေသနဌာန(အေလာ)၌ ရွှေတိဂုံစေတီတော်မြတ်ကြီးကို လုံးတော်ပြည့်ရွှေသင်္ကန်းကပ်လှူသည့် ရွှေစင်ပြားများ၏ အရည်အသွေးကို တိုင်းတာစစ်ဆေးခြင်း၊ Electric Vehicle (EV) သုံး ဘက်ထရီဆိုင်ရာ ဒြပ်ပေါင်းများစမ်းသပ်ထုတ်လုပ်ခြင်း၊ စွန့်ပစ်ဘက်ထရီများစီမံခန့်ခွဲခြင်း၊ လျှပ်စစ် စွန့်ပစ်ပစ္စည်းများမှ အဖိုးတန်အသုံးဝင်သောသတ္တုများ စမ်းသပ်ထုတ်လုပ်ခြင်း၊ သတ္တုသန့်စင်ခြင်းတို့ဆိုင်ရာ နည်းပညာသုတေသနလုပ်ငန်းများနှင့် နည်းပညာပံ့ပိုးပေးသည့် ဝန်ဆောင်မှုများ ဆောင်ရွက်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ တာဝန်ရှိသူများက မြန်မာနိုင်ငံအင်ဂျင်နီယာပညာရေး နှစ်(၁၀၀)ပြည့် ရာပြည့်သဘင်တွင် နိုင်ငံတော်အကြီးအကဲ လမ်းညွှန်ခဲ့သည့် ခေတ်မီနောက်ဆုံးပေါ် EV ဘက်ထရီအမျိုးအစား သုတေသနပြုစမ်းသပ်နေမှုနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက နိုင်ငံတော်အကြီးအကဲ၏လမ်းညွှန်ချက်များကို အလေးထားလိုက်နာပြီး နိုင်ငံတော်ဖွံ့ဖြိုးရေးအတွက် အမှန်တကယ်အကျိုးပြုမည့်နည်းပညာသုတေသနများ ဆက်လက်မြှင့်တင်ဆောင်ရွက်သွားရန် ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် ဝန်ထမ်းများ၏ လုပ်ငန်းလိုအပ်ချက်တင်ပြမှုများအပေါ် ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးပြီး ဝန်ထမ်းများအား သုတေသနဂုဏ်ပြုဆုများ၊ လုပ်သက်ရင့်သက်ကြီး ဝန်ထမ်းများနှင့်ဝန်ထမ်းမိသားစုများအား ဂုဏ်ပြုငွေများကို ပေးအပ်သည်။

ယင်းနောက် ဇလသတ္တုဗေဒဌာနရှိ EV ဘက်ထရီဆိုင်ရာ သုတေသနလုပ်ငန်းများ၊ အဂ္ဂိသတ္တုဗေဒဌာနစုရှိသုတေသနလုပ်ငန်းများ၊ သံ၊ သံမဏိနှင့် သတ္တုစပ်ထုတ်လုပ်ရေးဌာနရှိ Ferro Manganese Alloy ထုတ်လုပ်ခြင်း၊ ဆိုလာပြားထုတ်လုပ်ရေးအထောက်အကူပြု အရည်အသွေးမြင့်ဆီလီကွန်သတ္တု (Metallurgical Grade Silicon) စမ်းသပ်ထုတ်လုပ်ခြင်းနှင့် Ferro Silicon စမ်းသပ်ထုတ်လုပ်ခြင်း သုတေသနလုပ်ငန်းများ၊ တွင်းထွက်ဗေဒဌာနရှိ သတ္တုရိုင်းများရှာဖွေမှုဆိုင်ရာ သုတေသနပြုခြင်း စသည့်လုပ်ငန်းများမှ သုတေသနပြု ရလဒ်များကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ မှာကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် ဝန်ထမ်းအိမ်ရာများသို့ သွားရောက်၍ ငလျင်သင့်ဝန်ထမ်းအိမ်ရာများ ပြုပြင်ပြီးစီးမှုကိုကြည့်ရှုစစ်ဆေးပြီး ဝန်ထမ်းများ၊ မိသားစုဝင်များနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်ကာ လိုအပ်ချက်များကို ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**မြဝတီ**

### ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး / ပြည်နယ်မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၄-၇-၂၀၂၅ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၉၆၀ | ၃၀၇၀ | ၃၀၄၀ | ၂၉၇၀ | ၃၀၈၀ | ၃၀၉၅ | ၃၁၁၀ | ၃၀၃၀ | ၄၅၀၅ | ၃၃၂၀ | ၃၀၄၅ | ၃၀၅၀ | ၃၁၁၅ | ၃၀၈၀ | ၃၁၀၅ | ၃၃၆၀ |
| 95 Ron | ၃၁၁၀ | ၃၁၂၅ | ၃၀၉၀ | ၃၀၂၅ | ၃၁၃၀ | ၃၁၄၅ | ၃၁၆၅ | ၃၀၈၅ | ၄၅၆၀ | ၃၃၇၅ | ၃၁၀၀ | ၃၁၀၀ | ၃၁၇၀ | ၃၁၃၅ | ၃၁၆၀ | ၃၄၁၅ |
| HSD (500 ppm) | ၂၆၁၅ | ၂၇၅၀ | ၂၇၁၅ | ၂၆၅၀ | ၂၇၅၅ | ၂၇၇၀ | ၂၇၈၅ | ၂၇၀၅ | - | ၃၀၀၀ | ၂၇၂၀ | ၂၇၂၅ | ၂၇၈၅ | ၂၇၆၀ | ၂၇၈၀ | ၃၀၁၅ |
| HSD (50 ppm) | ၃၂၆၅ | ၃၃၈၀ | ၃၃၄၅ | ၃၂၈၀ | ၃၃၈၅ | ၃၄၀၀ | ၃၄၂၀ | ၃၃၄၀ | ၄၈၃၀ | ၃၆၃၀ | ၃၃၅၅ | ၃၃၅၅ | ၃၄၂၅ | ၃၃၉၀ | ၃၄၁၅ | ၃၆၇၀ |
| HSD (10 ppm) | ၃၂၆၅ | ၃၃၈၀ | ၃၃၄၅ | ၃၂၈၀ | ၃၃၈၅ | ၃၄၀၀ | ၃၄၂၀ | ၃၃၄၀ | - | ၃၆၃၀ | ၃၃၅၅ | ၃၃၅၅ | ၃၄၂၅ | ၃၃၉၀ | ၃၄၁၅ | ၃၆၇၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၇၉၀ | ၂၈၇၉ |
| 95 Ron | ၂၈၄၂ | ၂၉၃၃ |
| HSD (500 ppm) | ၂၄၇၆ | ၂၅၅၅ |
| HSD (50 ppm) | ၃၀၉၀ | ၃၁၈၁ |
| HSD (10 ppm) | ၃၀၉၀ | ၃၁၈၁ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇-၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇-၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

# ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့၏ ဒုတိယအကြိမ်မြောက် ဒစ်ဂျစ်တယ်စီးပွားရေးဖိုရမ်သို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့တက်ရောက်




**နေပြည်တော် ဇူလိုင် ၁၃**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် တရုတ်နိုင်ငံ ထျန်းကျင်းမြို့၌ကျင်းပသော ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (Shanghai Cooperation Organization) ၏ ဒုတိယအကြိမ်မြောက် ဒစ်ဂျစ်တယ်စီးပွားရေးဖိုရမ် တက်ရောက်ရန် တရုတ်နိုင်ငံသို့ ဇူလိုင်လ ၉ ရက်မှ ၁၂ ရက်အထိ သွားရောက်ခဲ့သည်။

အဆိုပါဖိုရမ်ကို ဒုတိယအကြိမ် ကျင်းပခြင်းဖြစ်ပြီး ဖိုရမ်အတွင်း ဝန်ကြီးအဆင့် တံခါးပိတ်အစည်းအဝေး၊ Open Forum နှင့် ခေါင်းစဉ်အလိုက် သီးခြားဆွေးနွေးမှုများအပြင် ထျန်းကျင်းတက္ကသိုလ်များမှ ကျွမ်းကျင်ပညာရှင်များ၏ ဟောပြောပို့ချဆွေးနွေးမှုများပါ ပါဝင်သည်။

ဇူလိုင်လ ၁၀ ရက်တွင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးသည် ထျန်းကျင်းဧည့်ဂေဟာ၌ပြုလုပ်သည့် နိုင်ငံတကာမှ ဝန်ကြီးအဆင့် ကိုယ်စားလှယ်များအတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ National Data Administration ၏ ဝန်ကြီးဖြစ်သူ H.E. Liu Liehong က တည်ခင်းသည့် ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်သည်။

ညစာစားပွဲတွင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးသည် SCO အဖွဲ့ဝင်နိုင်ငံများ၊ လေ့လာဖက်နိုင်ငံများနှင့်ဆွေးနွေးဖက်နိုင်ငံများကိုယ်စား ကျေးဇူးတင်စကားပြောကြားခဲ့ရာတွင် ဒစ်ဂျစ်တယ်စီးပွားရေးအကောင်အထည်ဖော်ခြင်းနှင့် ဒစ်ဂျစ်တယ်အသွင်ကူးပြောင်းခြင်း ဆောင်ရွက်ရာတွင် ကောင်းသည်များရှိသကဲ့သို့ စိန်ခေါ်မှုများလည်းရှိကြောင်း၊ စိန်ခေါ်မှုများကို နိုင်ငံတကာပူးပေါင်းဖြေရှင်းမှသာ အောင်မြင်နိုင်မည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် SCO အဖွဲ့ဝင်နိုင်ငံများနှင့်အတူ ဒစ်ဂျစ်တယ်စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ထည့်သွင်းဆွေးနွေးပြောကြားသည်။

ထို့ပြင် ဒုတိယဝန်ကြီးချုပ်နှင့်ပြည်ထောင်စုဝန်ကြီးပါဝင်သော ကိုယ်စားလှယ်ဝန်ကြီးများသည် ထျန်းကျင်းမြူနီစီပယ်အဖွဲ့ အထွေထွေအတွင်းရေးမှူးနှင့် ထျန်းကျင်းမြို့တော်ဝန်တို့နှင့် ညစာစားပွဲမတိုင်မီ သီးသန့်ဧည့်ခန်းမဆောင်၌ ရင်းနှီးစွာတွေ့ဆုံဆွေးနွေးမှုများကိုလည်း ဆောင်ရွက်ခဲ့ကြသည်။

ဖိုရမ်ဖွင့်ပွဲကို ဇူလိုင်လ ၁၁ ရက် နံနက် ၁၀ နာရီတွင် Renaissance Tianjin Lakeview ဟိုတယ်၌ကျင်းပရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဗဟိုကော်မတီ အမြဲတမ်းကော်မတီအဖွဲ့ဝင်နှင့် နိုင်ငံတော်ကောင်စီ ဒုတိယဝန်ကြီးချုပ် H.E. Ding Xuexiang၊ National Data Administration ၏ ဝန်ကြီး၊ ထျန်းကျင်းမြူနီစီပယ်အဖွဲ့ အထွေထွေအတွင်းရေးမှူးနှင့် ထျန်းကျင်းမြို့တော်ဝန်တို့ တက်ရောက်အမှာစကားပြောကြားကြသည်။

ထို့အတူ ဖိုရမ်ဖွင့်ပွဲ၌ ဒုတိယဝန်ကြီးချုပ်နှင့်ပြည်ထောင်စုဝန်ကြီးက နှုတ်ခွန်းဆက်စကားပြောကြားရာတွင် ယနေ့ ဒစ်ဂျစ်တယ်စီးပွားရေးသည် လူ့အဖွဲ့အစည်းများ၊ စီးပွားရေးလုပ်ငန်းများနှင့် နေထိုင်မှုပုံစံများကို များစွာပြောင်းလဲပေးနေသည့် စွမ်းအားတစ်ခုဖြစ်လာကြောင်း၊ အနာဂတ်ဖွံ့ဖြိုးတိုးတက်မှုများအတွက် အသက်သွေးကြောဖြစ်ကြောင်း၊ ဒစ်ဂျစ်တယ်စီးပွားရေးသည် မြန်မာနိုင်ငံအတွက် ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန်နှင့် ကြံ့ခိုင်မှုရှိစေနိုင်သည့် ဗျူဟာမြောက် အင်အားအဖြစ်ရှုမြင်ကြောင်း။

နိုင်ငံတော်နှင့် ပြည်သူ/ ပြည်သားများအတွက် အကျိုးရှိစေမည့် ယုံကြည်စိတ်ချရပြီး အားလုံးပါဝင်နိုင်သည့် ဒစ်ဂျစ်တယ်စီးပွားရေးကို တည်ဆောက်မြှင့်တင်သွားရန် ဆုံးဖြတ်ဆောင်ရွက်လျက်ရှိကြောင်း၊ ဒစ်ဂျစ်တယ်နည်းပညာများသည် နိုင်ငံနယ်နိမိတ်များကို လိုက်နာခြင်းမရှိသည့်အတွက် ဒစ်ဂျစ်တယ်စီးပွားရေး၏ စိန်ခေါ်မှုများကိုဖြေရှင်းသည့်အခါ နိုင်ငံတကာပူးပေါင်းမှုလိုအပ်ကြောင်း၊ SCO အဖွဲ့ဝင်နိုင်ငံများအတွင်း အလေ့အကျင့်ကောင်းများနှင့် အရင်းအမြစ်များကို မျှဝေပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ဒေသတွင်းတွင်သာမက ကမ္ဘာတစ်ဝန်း ဒစ်ဂျစ်တယ်စီးပွားရေး၏ အကျိုးကျေးဇူးများကို အပြည့်အဝခံစားနိုင်မည်ဖြစ်ကြောင်း။

မြန်မာနိုင်ငံအနေဖြင့် SCO အဖွဲ့ဝင်အားလုံးနှင့် ဒစ်ဂျစ်တယ်စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရေး လက်တွဲဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အဖွဲ့ဝင်နိုင်ငံများအနေဖြင့် ယုံကြည်စိတ်ချရပြီး အားလုံးပါဝင်နိုင်သည့် ကြံ့ခိုင်မှုပြည့်ဝသော ဒစ်ဂျစ်တယ်အနာဂတ်ကိုတည်ဆောက်ရာတွင် လက်တွဲပူးပေါင်းကြရန် တိုက်တွန်းကြောင်းပြောကြားသည်။

ထို့နောက် ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့၏ အထွေထွေအတွင်းရေးမှူးနှင့် အဖွဲ့ဝင်နိုင်ငံများမှ ဝန်ကြီးများက ၎င်းတို့၏ နိုင်ငံအသီးသီးတွင် ဒစ်ဂျစ်တယ်စီးပွားရေးနှင့် ဒစ်ဂျစ်တယ်ပြုပြင်ပြောင်းလဲမှုဆောင်ရွက်နေသည့်အခြေအနေကို ဆွေးနွေးတင်ပြကြသည်။

ယခုနှစ် ဖိုရမ်သို့ အဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်စုစုပေါင်း ၆၀၀ ခန့် ပါဝင်တက်ရောက်ကြသည်။

ဖိုရမ်အတွင်း ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးဆောင်သော အဖွဲ့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ National Data Administration နှင့် ထျန်းကျင်းပြည်နယ်အစိုးရတို့၏ အစီအစဉ်ဖြင့် ဇူလိုင်လ ၉ ရက်တွင် ထျန်းကျင်းဆိပ်ကမ်းရှိ Smart Zero-Carbon Container Terminal နှင့် Binhai မြို့သစ်စီမံကိန်းပြတိုက်တို့သို့လည်းကောင်း၊ ဇူလိုင်လ ၁၀ ရက်တွင် ထျန်းကျင်းမြို့ပြစီမံကိန်းပြခန်းသို့လည်းကောင်း၊ ဇူလိုင်လ ၁၁ ရက်တွင် G7 Connect ကုမ္ပဏီသို့လည်းကောင်း၊ ဇူလိုင်လ ၁၂ ရက်တွင် Fit Testing Technology သို့လည်းကောင်း သွားရောက်၍ Artificial Intelligence, Big Data နှင့် IoT နည်းပညာအပါအဝင် ဒစ်ဂျစ်တယ်နည်းပညာများကို နိုင်ငံတော်နှင့် စီးပွားရေးလုပ်ငန်းများအတွက် အကျိုးရှိစွာ အသုံးပြုနေမှုကို သွားရောက်လေ့လာခဲ့ကြသည်။

ဖိုရမ်အပြီး ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ထျန်းကျင်းမြို့မှ ပြန်လည်ထွက်ခွာခဲ့ပြီး ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့သို့ လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိကြကြောင်းသိရသည်။

မြဝတီ

# အသက် ၁၈ နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲ အုပ်စုပတ်လည်ပွဲစဉ်များ ဆက်လက်ယှဉ်ပြိုင်



**နေပြည်တော် ဇူလိုင် ၁၃**

ဘောလုံးအားကစားအဆင့်အတန်း ပိုမိုတိုးတက်မြင့်မားလာစေရန်နှင့် မျိုးဆက်သစ်ဘောလုံးအားကစားသမားများစွာ ပေါ်ထွက်လာစေရန် ရည်ရွယ်ပြီး အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနက ကြီးမှူး၍ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့နှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသည့် ၂၀၂၅ ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ် အသက် ၁၈ နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲကို ဇူလိုင်လ ၁၁ ရက်မှ ၁၈ ရက်အထိ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ဇုန်လေးခုခွဲ၍ အုပ်စုပတ်လည်ပြိုင်ပွဲ ပွဲစဉ်များကို ကျင်းပလျက်ရှိပြီး ရှုံးထွက်ပွဲစဉ်များနှင့် ဗိုလ်လုပွဲ ပွဲစဉ်များကို ရန်ကုန်မြို့ရှိ အားကစားကွင်းများတွင် ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။

ဘောလုံးပြိုင်ပွဲ အုပ်စု(ဃ)၏ အုပ်စုပတ်လည်ပြိုင်ပွဲ ပွဲစဉ်ကို ယနေ့ညနေ၃ နာရီတွင် ရှမ်းပြည်နယ်(တောင်ပိုင်း)တောင်ကြီးမြို့ ပြည်နယ်အားကစားကွင်း၌ ဆက်လက်ကျင်းပရာ အိမ်ရှင်ရှမ်းပြည်နယ်အသင်းသည် ဒုတိယပွဲစဉ်အဖြစ် မကွေးတိုင်းဒေသကြီးအသင်းနှင့်ယှဉ်ပြိုင်ကစားကြသည်။

ထိုသို့ ယှဉ်ပြိုင်ကစားစဉ် ပွဲကစားချိန် ၂၄ မိနစ်၌ ရှမ်းပြည်နယ်အသင်းမှ ကျောနံပါတ်(၉) ခွန်ဟိန်းသူအောင်က ပထမဦးဆောင်ဂိုးကို သွင်းယူခဲ့ပြီး မကွေးတိုင်းဒေသကြီးအသင်းကလည်း ပြန်လည်ချေပဂိုးရရှိရေးအတွက် အသင်းနှစ်သင်းသည် ပွဲစဉ်တစ်လျှောက် အကြိတ်အနယ် ဆက်လက်ယှဉ်ပြိုင်ကစားခဲ့ကြကာ ပြိုင်ပွဲအပြီးတွင် ရှမ်းပြည်နယ်အသင်းက မကွေးတိုင်းဒေသကြီးအသင်းကို ၁ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

အဆိုပါပြိုင်ပွဲသို့ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနမှ ပြိုင်ပွဲကျင်းပရေးဆိုင်ရာ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများအပါအဝင် ဘောလုံးအားကစားဝါသနာရှင် ပွဲကြည့်ပရိသတ် ၂၀၀၀ ခန့် တစ်ခဲနက်လာရောက်ကြည့်ရှုအားပေးကြသည်။

ဘောလုံးပြိုင်ပွဲ အုပ်စုပတ်လည်ပွဲစဉ်များအဖြစ် ဇူလိုင်လ ၁၄ ရက် **(ယနေ့)**ညနေ ၃ နာရီမှစတင်၍ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ အားကစားဥယျာဉ်ကွင်းတွင် ပဲခူးတိုင်းဒေသကြီးအသင်းနှင့် မန္တလေးတိုင်းဒေသကြီးအသင်းတို့သည်လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ကိုးသိန်းအားကစားကွင်းတွင် ဧရာဝတီတိုင်းဒေသကြီးအသင်းနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းတို့သည်လည်းကောင်း၊ ကရင်ပြည်နယ် ဘားအံမြို့ ဇွဲကပင်အားကစားကွင်းတွင် ကရင်ပြည်နယ်အသင်းနှင့် တနင်္သာရီတိုင်းဒေသကြီးအသင်းတို့သည်လည်းကောင်း ဆက်လက်ယှဉ်ပြိုင်သွားကြမည်ဖြစ်သဖြင့် အားကစားဝါသနာရှင် မိဘပြည်သူများအနေဖြင့် အခမဲ့လာရောက်ကြည့်ရှုအားပေးနိုင်ကြောင်းသိရသည်။

မြဝတီ

# မိုးရာသီသစ်ပင်စိုက်ပျိုးပွဲနှင့် တောင်သူပူးပေါင်းပါဝင်သော သားဆက်လိုင်းများ မျိုးရွေးချယ်ခြင်းအခမ်းအနားကျင်းပ



နေပြည်တော် ဇူလိုင် ၁၃

နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးသည် ယမန်နေ့ ညနေပိုင်းက ဥတ္တရသီရိမြို့နယ် ရာဇသင်္ဂဟလမ်းမကြီးနှင့် မြတ်လေးလမ်းသို့သွားရောက်ပြီး ငလျင်ဘေးကြောင့် ထိခိုက်ပျက်စီးခဲ့သောလမ်းပိုင်းများ ပြန်လည်ပြုပြင်နေမှုအခြေအနေ၊ နိုင်လွန်ကတ္တရာလမ်း (AC) ခင်းကျင်းနေမှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းများအမြန်ပြီးစီးအောင်ဆောင်ရွက်ရေး၊ ရေရှည်ခိုင်ခံ့မှုရှိအောင် စံချိန်၊ စံညွှန်းနှင့်အညီ ဆောင်ရွက်ရေး၊ လုပ်ငန်းသုံးကျောက်များသတ်မှတ်အရွယ်အစားအတိုင်း အသုံးပြုရေးတို့ကို မှာကြားကာ လုပ်ငန်းဆောင်ရွက်နေသူများကို စားသောက်ဖွယ်ရာများပေးအပ်သည်။

ယင်းနောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် ဥတ္တရသီရိရေလှောင်တမံသို့ သွားရောက်၍ ယာယီရေတားတမံတည်ဆောက်ထားရှိပြီး ရေထုတ်ပြွန် ပြန်လည်ပြင်ဆင်နေမှုအခြေအနေများ၊ ရေပိုလွှဲဆောင်ရွက်ထားရှိမှုနှင့် ရေလွှဲမြောင်းဖောက်လုပ်ထားရှိမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ယနေ့နံနက်ပိုင်းတွင် နေပြည်တော် အပြည်ပြည်ဆိုင်ရာ လေဆိပ်ဝန်းကျင်စိမ်းလန်းစိုပြည်စေရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းနိုင်ရေးအတွက် လယ်ဝေးမြို့နယ် ကြို့တန်း-ညိုပင်-ကွေ့ကြီးကျေးရွာချင်းဆက်လမ်း၌ နေပြည်တော်ကောင်စီမှ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ကျင်းပရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက ပိတောက်ပင်ကို စတင်စိုက်ပျိုးပေးပြီး တက်ရောက်လာကြသူများက သတ်မှတ်နေရာများတွင် တမာ၊ ပိတောက်၊ ကုက္ကို၊ မန်ကျည်း စုစုပေါင်းပျိုးပင် ၅၀၀ စိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှုအားပေး၍ ညိုပင်ကျေးရွာအဝင်လမ်း ပြုပြင်ရန်အတွက် မတည်ရန်ပုံငွေများပေးအပ်သည်။

ထို့နောက် ဇမ္ဗူသီရိမြို့နယ် တဲကြီးကုန်းကျေးရွာကွင်းအမှတ် (၁၆၅၉)၊ တောင်သူဦးမျိုးနိုင်ဦး၏ လယ်ယာမြေတွင်ကျင်းပသည့် တောင်သူပူးပေါင်းပါဝင်သော သားဆက်လိုင်းများမျိုးရွေးချယ်ခြင်းအခမ်းအနားသို့တက်ရောက်၍ ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်း၊ မျိုးသန့်များ ရွေးချယ်စိုက်ပျိုးနိုင်ရေး၊ တစ်နှစ်သုံးသီးစိုက်ပျိုးနိုင်ရေးနှင့် သီးထပ်စွမ်းအားမြှင့်တင်နိုင်ရေး၊ သီးနှံများပန်းတိုင်အထွက်နှုန်းရရှိရေး၊ မျိုး၊ မြေ၊ ရေ၊ နည်း နည်းလမ်းများနှင့်အညီ စနစ်တကျစိုက်ပျိုးနိုင်ရေး၊ တောင်သူများကိုယ်တိုင်သဘာဝမြေဩဇာကို ကိုယ်တိုင်ပြုလုပ်သုံးစွဲရေးတို့ကိုမှာကြားပြီး စိုက်ပျိုးရေးသုတေသနဦးစီးဌာနမှ စိုက်ပျိုးထားသော မျိုးစပါးစမ်းသပ်စိုက်ခင်းများကိုကြည့်ရှုအားပေးသည်။

မွန်းလွဲပိုင်းတွင် နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် တာဝန်ရှိသူများနှင့်အတူ ဥတ္တရသီရိမြို့နယ် အင်ကြင်းပန်းအဝိုင်းအနီး ငလျင်ဘေးကြောင့်ထိခိုက်ပျက်စီးခဲ့သော လမ်းဘေးပလက်ဖောင်းများ ပြန်လည်ပြုပြင်နေမှု၊ ရာဇသင်္ဂဟလမ်းနှင့် ရာဇဌာနီလမ်းများ ငလျင်ဘေးကြောင့်ထိခိုက်ပျက်စီးခဲ့သော လမ်းပိုင်းများ ပြန်လည်ပြုပြင်နေမှုနှင့် နိုင်လွန်ကတ္တရာလမ်း (AC) ခင်းကျင်းနေမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်းသိရသည်။ **အောင်သူရဦး(ပြန်/ဆက်)**

# ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုဗိုစီဗစ်မြို့တွင် ကျင်းပသော အစားအစာနှင့် ခရီးသွားပြပွဲတွင် မြန်မာနိုင်ငံကိုယ်စားပြု ခရီးသွားမြှင့်တင်ရေးပြခန်းပါဝင်ပြသ

နေပြည်တော် ဇူလိုင် ၁၃

ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုဗိုစီဗစ်မြို့တွင် အစားအစာနှင့် ခရီးသွားပြပွဲကို "In Siberia–THERE is!" ခေါင်းစဉ်ဖြင့် ဇူလိုင်လ ၁၁ ရက်မှ ၁၃ ရက်ထိ ကျင်းပခဲ့ရာ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန၏ စီစဉ်ကြီးကြပ်မှုဖြင့် မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ်နှင့် ညီနောင်အသင်းများမှ မြန်မာနိုင်ငံကိုယ်စားပြု ခရီးသွားမြှင့်တင်ရေးပြခန်းကို ပါဝင်ပြသခဲ့သည်။




အဆိုပါပြပွဲကို ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုဗိုစီဗစ်ဒေသရှိ စက်မှု၊ ကုန်သွယ်ရေးနှင့် စွန့်ဦးတီထွင်မှုဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာနနှင့် ဆိုက်ဗေးရီးယားရှိစားသောက်ဆိုင်နှင့် ဟိုတယ်လုပ်ငန်းရှင်များဖက်ဒရေးရှင်းတို့၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် ကျင်းပပြုလုပ်ခြင်းဖြစ်ပြီး ပြပွဲကာလအတွင်း ကုန်စည်ပြပွဲများ၊ ခရီးသွားမြှင့်တင်ရေးအစီအစဉ်များ၊ စကားဝိုင်းဆွေးနွေးပွဲများ၊ အစားအစာအချက်အပြုတ်ပြိုင်ပွဲများ၊ ဝိုင်နှင့်ချိစ်ပြိုင်ပွဲများပါဝင်၍ ယဉ်ကျေးမှုအကများ၊ တေးသံသာများဖြင့် ဖျော်ဖြေခဲ့ကြသည်။

ပြပွဲသို့ နိုင်ငံတကာမှ ခရီးသွားလုပ်ငန်းအဖွဲ့အစည်းများ၊ စားသောက်ဆိုင်နှင့် ဟိုတယ်လုပ်ငန်းရှင်များ၊ ချိစ်နှင့်ဝိုင်အပါအဝင် အစားအစာထုတ်လုပ်ရောင်းချသူများ၊ ကုန်ပစ္စည်းထုတ်လုပ်ရောင်းချသူများ၊ ဂီတနှင့်အနုပညာရှင်များ၊ ဧည့်လမ်းညွှန်များ၊ ရင်းနှီးမြှုပ်နှံသူများနှင့် မီဒီယာများ ပါဝင်တက်ရောက်ခဲ့ကြသည်။

ဇူလိုင်လ ၁၁ ရက်တွင် ကျင်းပသည့် ဖွင့်ပွဲအခမ်းအနားသို့ ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုဗိုစီဗစ်ဒေသ စက်မှု၊ ကုန်သွယ်ရေးနှင့် စွန့်ဦးတီထွင်မှုဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးက တက်ရောက်အမှာစကားပြောကြားကာ ပြပွဲကိုဖွင့်လှစ်ပေးခဲ့ပြီး နိုဗိုစီဗစ်ဒေသရှိ မြန်မာနိုင်ငံကောင်စစ်ဝန်ချုပ်နှင့် မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးနောင်နောင်းဟန် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်သည်။

ထို့ပြင် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန၏ မြန်မာနိုင်ငံကိုယ်စားပြု ခရီးသွားမြှင့်တင်ရေးပြခန်းတွင်လည်း ရုရှားဖက်ဒရေးရှင်းနိုင်ငံတွင် ပညာတော်သင်ရောက်ရှိနေသည့် သင်တန်းသားများနှင့် မြန်မာမိသားစုများက အစားအစာပြင်ဆင်ချက်ပြုတ်ခြင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုအကအလှများဖြင့် ဖျော်ဖြေခြင်းတို့တွင် ဝိုင်းဝန်းကူညီပါဝင်ဆောင်ရွက်ပေးကြသည်။

မြန်မာခရီးသွားပြခန်းတွင် မြန်မာ့ရိုးရာအစားအစာများဖြစ်သော မုန့်ဟင်းခါး၊ လက်ဖက်၊ မြန်မာဝိုင် အစရှိသည်တို့ကို နမူနာပြင်ဆင်ချက်ပြုတ်ပြသကာ ပြခန်းသို့လာရောက်သူများကို ဧည့်ခံကျွေးမွေးခြင်း၊ မြန်မာနိုင်ငံ၏ ခရီးစဉ်ဒေသများနှင့် ခရီးသွားဆွဲဆောင်မှုများအကြောင်း ရှင်းလင်းမိတ်ဆက်ပြောကြားခြင်းနှင့် ရုရှား-မြန်မာနှစ်နိုင်ငံမှဟိုတယ်၊ ခရီးသွားနှင့် အစားအသောက်လုပ်ငန်းဆောင်ရွက်သူများအချင်းချင်းအပြန်အလှန် ပူးပေါင်းဆောင်ရွက်နိုင်ရန်ချိတ်ဆက်ခြင်းများကိုဆောင်ရွက်ခဲ့ကြသည်။ ထို့ပြင် မြန်မာ့ရှေးခေတ် စစ်သူကြီးဝတ်စုံများ၊ မှူးမတ်ဝတ်စုံများ၊ သူငယ်တော်ဝတ်စုံများဖြင့် တွဲဖက်ကာ ဓာတ်ပုံရိုက်ခြင်း၊ မြန်မာ့ရုပ်သေးအက၊ မြန်မာ့ရိုးရာစောင်း၊ ဦးရွှေရိုးဒေါ်မိုးအကတို့ဖြင့် ဖျော်ဖြေခြင်းတို့ကိုဆောင်ရွက်ရာ ပြခန်းသို့လာရောက်သူများ အထူးစိတ်ဝင်စားကြကြောင်း သိရသည်။

အဆိုပါပြပွဲသို့ ပါဝင်ပြသခြင်းဖြင့် မြန်မာ့ရိုးရာအစားအစာများ၊ မြန်မာ့ယဉ်ကျေးမှုအနုပညာများနှင့် မြန်မာနိုင်ငံ၏ အထင်ကရခရီးစဉ်ဒေသများအကြောင်းကို ပြပွဲသို့လာရောက်သူများထံ တိုက်ရိုက်ဖြန့်ဝေဆောင်ရွက်နိုင်ခြင်း၊ ရုရှားခရီးသွားများ မြန်မာနိုင်ငံအကြောင်းကို ပိုမိုသိရှိကာ လာရောက်လည်ပတ်ရန် ဖိတ်ခေါ်ခြင်းတို့ကို ဆောင်ရွက်နိုင်ခဲ့ရာ ရုရှားခရီးသွားဈေးကွက်မြှင့်တင်နိုင်ရန်အတွက် အထောက်အကူဖြစ်စေသည့်အစီအစဉ်တစ်ရပ်အဖြစ်ဆောင်ရွက်နိုင်ခဲ့ကြောင်း သိရသည်။ **မြဝတီ**

# ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၁၅)သို့ တက်ရောက်မည့် နိုင်ငံ့သားကောင်းရတနာများအားကြိုဆို

နေပြည်တော် ဇူလိုင် ၁၃

ရှမ်းပြည်နယ်အတွင်းရှိ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၁၅)သို့ တက်ရောက်ကြမည့် နိုင်ငံ့သားကောင်းရတနာများကြိုဆိုပွဲကို ယနေ့နံနက်ပိုင်းတွင် ကျိုင်းတုံမြို့ရှိ နယ်မြေခံသင်တန်းကျောင်း၌ ပြုလုပ်ရာ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးလှိုင်နှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ တိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့များနှင့် ဒေသခံတိုင်းရင်းသားပြည်သူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၁၅)သို့ တက်ရောက်ကြမည့် နိုင်ငံ့သားကောင်းရတနာများအား ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီးစားသောက်ဖွယ်ရာများပေးဝေကာ သောင်းသောင်းဖြဖြကြိုဆိုနှုတ်ဆက်ကြသည်။ ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက သင်တန်းတက်ရောက်မည့် နိုင်ငံ့သားကောင်းရတနာများအတွက် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)



တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးလှိုင် ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၁၅)သို့ တက်ရောက်ကြမည့် နိုင်ငံ့သားကောင်းရတနာများအား ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားစဉ်။

MYAWADY IN ENGLISH
www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

# Kawlin District complete cultivation of more than 6,000 acres of monsoon paddy this year



KAWLIN July 13

According to the statistics from the Department of Agriculture in Kawlin District, Sagaing Region, over 6,000 acres of monsoon paddy have already been cultivated during this year's monsoon cropping season.

For the 2025-2026 monsoon season, local authorities of Kawlin District earmarked cultivation of 199,850 acres of monsoon paddy. Planting began in June this year, and as of now, cultivation has been completed on 6,763 acres in Kawlin Township, 124 acres in Wuntho Township, and 30 acres in Pinlebu Township, totalling 6,917 acres.

"The cultivation target for monsoon paddy in Kawlin District this year is over 190,000 acres. More than 6,000 acres have already been cultivated. We are working to ensure the full target is met. We will provide necessary technologies and seed varieties. Field-level assistance is also being provided to ensure farmers can plant on time," said U Win Thein, Head of the Kawlin District Department of Agriculture.

By township, the cultivation targets for monsoon paddy in Kawlin District for the 2025–2026 monsoon season are: 99,637 acres in Kawlin Township, 38,989 acres in Wuntho Township, and 61,224 acres in Pinlebu Township, making a total of 199,850 acres.

Efforts are being made jointly by the respective township agriculture departments and local farmers to ensure systematic cultivation without any difficulties during this monsoon season.

Farmers in Kawlin District are also receiving technical assistance on cultivation methods, pest and disease prevention education, crop loss prevention, and post-harvest storage to ensure that harvested paddy is kept safely and on time.

Additionally, township agricultural staff are carrying out field-level technical support to ensure successful crop yields. This includes using quality and pure seed varieties, pest prevention, proper weeding and thinning, rogueing of off-type varieties, and systematic use of fertilizers.

SK

# Farmers plant over 13,000 acres of monsoon sesame in Wetlet Township



WETLET July 13

Wetlet Township Agriculture Department stated that local farmers have so far planted more than 13,000 acres of monsoon sesame in the township of Sagaing Region this year.

Local authorities earmarked cultivation of 16,075 acres of monsoon sesame in Wetlet Township but farmers have so far planted 13,559 acres of crops against the target cultivation.

"This year, during the monsoon crop season, over 16,000 acres of monsoon sesame have been designated for cultivation in Wetlet Township. As of today, more than 13,000 acres have already been cultivated. Efforts are underway to fully meet the targeted acreage. Measures are also being taken to expand sesame cultivation, improve yield, and encourage cultivation using GAP (Good Agricultural Practices) methods," said Daw Kyin San, Head of the Wetlet Township Department of Agriculture.

It is reported that, this year, the Wetlet Township Department of Agriculture is providing awareness and knowledge to local sesame farmers on expanding cultivation areas, adopting proper cultivation techniques, implementing GAP methods, using quality and pure seeds, and planting high-yield varieties.

Crops produced under the GAP system are of higher quality compared to those grown with conventional methods. They fetch better prices and have market access not only domestically but also internationally. Therefore, farmers who adopt the GAP system can enjoy better economic benefits, which in turn can improve their socio-economic status.

SMK

# Htigyaing Township plans over 1,000 acres of vegetable cultivation this rainy season

HTIGYAING July 13

More than 1,000 acres of vegetables are set to be planted in Htigyaing Township, Katha District, Sagaing Region during this year's rainy season, according to the Department of Agriculture for Htigyaing Township.

Htigyaing Township is set to plant 1,256 acres of vegetables during the 2025-2026 rainy season, and the vegetable crops will be planted starting from the third week of May this year.

Htigyaing Township grows a variety of vegetables according to the season every year. The vegetables they grow are successful and generate family income. The Township Agriculture Department will provide farmers with training on proper planting methods, pest control, and education on the use of natural fertilizers, natural pesticides and insecticides.

SMK

# Labutta Township ships over 60,000 visses of baigai shells to Yangon

PYAPON July 13

Labutta Township sold 66,000 visses of baigai shells to Yangon market said Daw Aye Moe, an owner of fishery products trading business in Labutta Township, Ayeyawady Region.

Labutta Township transported 66,000 visses of baigai shells to Yangon.

"Currently, the Yangon market is buying seafood products from here. The price changes depending on the freshness and cleanliness of the baigai shells. The recent increase in exports of baigai shells is due to the fact that shops selling seafood are buying them. The main beneficiaries of the increase in exports are fishery products business owners and traders," she said.

The price of one viss of baigai shells sold from Labutta Township is up to Ks-21,000, and the good sales and export of other seafood products in the area, in addition to baigai shells, are creating good job opportunities for fishermen, independent traders, market operators, traders, and truck rental operators.

SK

# State Administration Council
# Press Release
## Re-invitation to Myanmar citizens who reside in various regions for many reasons

1. Some student youths, State service personnel and citizens evaded to areas of EAOs and foreign countries with worries because of incitements and intimidation of NLD members, extremist followers, unlawful associations and terrorist groups such as CRPH and NUG, incitement of CDM, and the persons and organizations at home and abroad not wishing to restore the peace and stability of the State since after 1 February 2021 when the Tatmadaw assumed the State responsibility.

2. They are further worried about the dictatorship statement and speeches of unlawful association and terrorist group CRPH and NUG, and some relevant persons. As they face no security guarantee and difficulties in socio-economic life in their areas, they wish to return to their native lands.

**3. The State Administration Council will specially ease the restrictions for service personnel, intellectuals and intelligentsia, and the persons from various arenas and citizens who evaded from the country with worries, except the persons who committed murders, robbery, setting fire, mine explosions and intentional attacks on security troops, those who crowded to attack public service personnel and some people, those who destroyed government owned buildings and private owned buildings and those who deeply participated in the CDM activities with providing monetary assistance and other ways.**

4. As those who evaded from their native areas are also citizens, the State Administration Council will arrange their returns from the evaded areas to various parts of Myanmar.

5. As such, the information was released that if those who evaded to various areas, except the persons who committed any kinds of crime, wish to return to their native lands in Myanmar of their own accord due to various worries, the citizens abroad are to contact nearby ward, village, township and district administration bodies and relevant embassies, military attaché offices and consulates in accord with the easing restrictions under the law.

**Information Team**
**State Administration Council**

# More than 5,000 acres of vegetables planted in Yinmabin District

YINMABIN July 13

According to Yinmabin District Agriculture Department of Sagaing Region, local farmers have planted more than 5,000 acres of vegetables as monsoon crops this year.

During the 2025-2026 monsoon crop season, a total of 19,698 acres of vegetables are planned to be cultivated in Yinmabin District. Since the start of this year's planting in May, a total of 5,355 acres have already been cultivated as of today. This includes 1,085 acres in Yinmabin Township, 2,990 acres in Kani Township, 525 acres in Salingyi Township, and 755 acres in Pale Township.

"This year, over 19,000 acres of vegetables are targeted for cultivation in Yinmabin District during the monsoon planting season. So far, over 5,000 acres have already been cultivated. Efforts are ongoing to meet the planned acreage," said Daw Myat Moe Win, head of the Yinmabin District Agriculture Department.

According to the township-wise allocation for vegetable cultivation in Yinmabin District during the 2025–2026 monsoon season, Yinmabin Township earmarked 6,027 acres, Kani Township 6,550 acres, Salingyi Township 5,567 acres, and Pale Township 1,554 acres, totalling 19,698 acres.

This year, the respective Township Agriculture Departments are providing training on GAP cultivation methods, sharing techniques to ensure crops meet health and safety standards, and supporting farmers to expand their vegetable cultivation.

Each year, seasonal vegetables of various kinds are grown in Yinmabin District. These vegetable crops have proven successful and have contributed to increased family income. Additionally, Township Agriculture Departments are educating farmers on proper cultivation techniques, pest prevention, and the use of natural fertilizers, organic pesticides, and repellents. **SK**

# Farmers plant more than 4,000 acres of pigeon peas in Kyaukmyaung Sub-Township

KYAUKMYAUNG July 13

Local farmers from Kyaukmyaung Sub-Township of Shwebo District in Sagaing Region have planted more than 4,000 acres of pigeon peas as monsoon crops this year, according to the Sub-Township Agriculture Department.

During the 2025-2026 monsoon crop season, it is planned to cultivate 5,850 acres of pigeon peas in the Kyaukmyaung Sub-township. Cultivation began in June this year, and as of today, 4,296 acres have already been planted.

"This year, more than 5,000 acres of pigeon peas are planned for cultivation in Kyaukmyaung Sub-township during the monsoon season. As of today, over 4,000 acres have been planted. Efforts are ongoing to meet the target acreage. Measures are also being taken to ensure good yields in pigeon pea cultivation. Farmers grow pigeon peas both as a sole crop and as an intercropped or relay crop," said Daw Khin Win, Head of the Kyaukmyaung Township Department of Agriculture.

This year, the Kyaukmyaung Township Department of Agriculture is providing support to farmers cultivating pigeon peas by offering field-level training on selecting high-quality, pure seeds, proper planting methods, pest prevention, and maximizing yield.

Furthermore, the department is disseminating techniques involving the use of mixed fertilizers to help reduce the cost of folio fertilizers for pigeon pea farmers. This method not only lowers cultivation expenses but also helps keep the crops pest-free and promotes healthy plant growth. **SK**

# Myinmu Township exceeds cultivation of summer paddy rather than the target

MYINMU July 13

Statistics of Sagaing District Agriculture Department stated that a total of 1,953 acres of summer paddy has been planted in Myinmu Township of Sagaing Region this year.

In the 2024-2025 summer crop cultivation season, Myinmu Township had a target of cultivating 1,950 acres of summer paddy. From January of this year until now, 1,953 acres have already been cultivated, exceeding the target.

The Department of Agriculture for Sagaing District reported that Myinmu Township had planned to cultivate 1,950 acres of summer paddy for this season, and as of now, all targeted acres—1,953 in total—have been fully cultivated. At present, 100 percent of the planned acreage has been planted.

Efforts have been made to support farmers by providing agricultural techniques, raising awareness on pest and disease prevention, minimizing crop losses, and ensuring timely harvest and proper storage of the harvested paddy under shelter.

According to the report, to help farmers in Myinmu Township increase yield per acre and achieve targeted production rates, actions have been taken including distribution of quality seeds, distribution of technical pamphlets, conducting farmer training sessions and educational discussions, and ensuring timely provision of necessary agricultural inputs.

Farmers have also been encouraged to prepare in advance by following the Department of Agriculture's guidelines on pest and disease prevention, soil nutrient replenishment practices, and advance collection of quality seeds. These efforts aim to ensure timely planting of summer paddy and other crops following the harvest of monsoon paddy and other monsoon-season crops. **SMK**

# Putin says UK, France still blame Russia for collapse of their colonial empires



MOSCOW July 13

The United Kingdom and France blame Russia for the dissolution of their colonial empires and have retained this historical resentment to this day, Russian President Vladimir Putin said.

"Some former colonial empires – Great Britain, France – hold us responsible for the collapse of their colonial empires. And this historical memory, this historical negativity still remain, I can see it, oddly enough," Putin told Russian journalist Pavel Zarubin in an interview published on Sunday.

The Russian president said that he could see it in certain small things that sometimes are amusing to observe.

"But the thing is that after World War 2, the United States, alongside the Soviet Union by the way, worked to some extent to dismantle these empires. They worked to assist colonies in gaining their independence and sovereignty," Putin said.

**Sputnik**

# US-led drills pose threat to peace in Asia – Lavrov

WASHINGTON July 13

The military activities of the US and its allies around the Korean Peninsula threaten the stability of the entire region, Russian Foreign Minister Sergey Lavrov has said during a visit to North Korea.

The US, South Korea, and Japan are increasing the number of joint military drills, some of which involve "a nuclear component," Lavrov told reporters at a press conference in Wonsan on Saturday.

"This does not contribute to peace and stability, not only on the Korean Peninsula but throughout Northeast Asia," he said, expressing skepticism about Seoul's intentions to normalize relations with Pyongyang.

Lavrov condemned what he described as "dangerous attempts by actors outside the Indo-Pacific to form exclusive alliances and expand NATO infrastructure in the region."

He stressed that countries should not build alliances at the expense of others, adding that both Russia and North Korea are committed to "equal and indivisible security" for all nations in Eurasia.

The US, South Korea, and Japan conducted joint exercises this week involving the deployment of America's nuclear-capable B-52H strategic bombers. In a joint statement, the allies accused Pyongyang of "unlawful activities" that "destabilize the Korean Peninsula."

Russia and North Korea signed a defence pact in June 2024, after which Pyongyang dispatched troops to help expel Ukrainian forces from Russia's Kursk Region later that year. The cooperation is a testament to the "invincible brotherhood" between the two countries, Lavrov said.

**RT**

# Israel launches communications satellite into space

JERUSALEM July 13

Israel on Sunday launched into space communications satellite Dror-1, developed and built by the state-run company Israel Aerospace Industries, according to separate statements issued by the IAI and the Israel Space Agency (ISA).

The satellite was successfully launched from the Cape Canaveral Space Launch Complex in the U.S. state of Florida aboard a SpaceX Falcon 9 rocket.

It was designed to meet Israel's communication needs for the next 15 years, both during routine operations and emergencies, and will also support missions for the country's defence system, according to the ISA.

The satellite will broadcast from a fixed point in space at an altitude of 36,000 kilometers. It weighs about 4.5 tonnes, has a wingspan of 17.8 meters, and carries an antenna with a diameter of 2.8 meters, which is the largest antenna ever built for use by Israeli communications satellites.

The ISA noted that the project, with an investment of 200 million U.S. dollars, marks a significant step toward communication independence for Israel, ending its reliance on private companies. To support this goal, Israel plans to launch nine more satellites of the same type in the future.

**Xinhua**

# Violence erupts in Spain after migrants attacked elderly man

MADRID July 13

Fierce scuffles broke out among local residents, far-right groups, and North African migrants in the southeastern Spanish town of Torre-Pacheco late on Saturday. The unrest erupted following an attack earlier in the week on an elderly man allegedly carried out by a Moroccan native.

Footage circulating online shows groups of loudly shouting men confronting each other in the town streets, with some throwing stones and bottles. Riot police and Civil Guard units intervened to prevent the violence from escalating further, as seen in several clips.

One video shows two groups of men hurling a chair apparently taken from a nearby café at each other. Another clip shows a man sitting in a car and trying to negotiate while being attacked with stones by several young men speaking Arabic.



A local government official told Reuters that at least five people were injured during the clashes and one person was arrested. The authorities have announced that further arrests related to the violence and incitement of hatred are expected in the coming days. Despite the weekend violence, the town was largely calm by Sunday. The authorities also said they are opening an investigation into the incidents, emphasizing that they firmly oppose all forms of racial violence.

The clashes mark another episode of violent unrest in Spain in recent weeks as tensions rise around immigration and security in Spain. Earlier this month, police confronted demonstrators outside an asylum center near Madrid following the rape of a young woman allegedly committed by a man of Malian origin.**RT**

# 5 U.S. states in talks for building migrant detention centers: homeland security chief

NEW YORK July 13

U.S. Department of Homeland Security (DHS) Secretary Kristi Noem said Saturday she is engaged in ongoing discussions with five states to establish migrant detention facilities modeled after Florida's "Alligator Alcatraz."

At a press conference, Noem said that these five states are led by Republican governors, but did not disclose their names.

She also praised Florida Governor Ron DeSantis for his collaboration with the DHS in successfully launching the "Alligator Alcatraz" detention center.

The 39-square-mile (100 square km) facility was constructed in just eight days on the site of the Dade-Collier Training and Transition Airport, located within the Florida Everglades. The first group of immigrant detainees was transferred there in early July.

This center is part of the current U.S. administration's intensified efforts to crack down on illegal immigration.

**Xinhua**

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# This common nutrient could be the secret weapon against dementia-and you can add it to your diet for just 24p



We've all heard that 'an apple a day keeps the doctor away'—and now a new study has found that the same can be said of potatoes, too.

Researchers found that eating a diet rich in copper can help the body stave off dementia, and the mineral is naturally found in the patchy light brown skins of the pantry stalwart, which you can pick up for just pennies at a local greengrocer.

A new study published in medical journal Scientific Reports found that people who added copper to their daily diet experienced better cognitive function than those who ate relatively low levels.



The researchers, from the Fourth Hospital of Hebei Medical University, China, found that 1.22mg of copper per day—approximately two medium sized potatoes—significantly boosted brain health and helped ward off disease.

Speaking of the findings, lead author Professor Weiai Jia urged those who have a history of stroke in particular to add copper to their daily diet—and it can be in the form of potatoes, or other foods naturally packed with it, like wholegrains and beans.

'Dietary copper is crucial for brain health', he said.

This is because copper—a naturally occurring trace element—triggers the release of iron which helps carry oxygen around the body—and protects the brain against cognitive decline.

According to the NHS, the essential nutrient is also thought to be important for infant growth, brain development, the immune system and bone health, and recommends adults aged 19 to 64 try to consume 1.2mg of it a day.

The scientists believe that copper-rich foods may help regulate the release of neurotransmitters in the brain that are closely related to learning and memory.

Dementia affects an estimated one million people in the UK and has a variety of causes, such as Alzheimer's disease and reduced blood flow to the brain following a stroke, known as vascular dementia.

The team said that the links between dietary copper intake and cognitive function are complex, but highlighted energy metabolism and neurotransmission as potential reasons why copper can help protect brain function.

It is thought that a lack of copper may accelerate the cognitive collapse that is associated with dementia—for instance memory loss, language difficulties and problems with thinking and reasoning.

However, the researchers warned that whilst copper is essential for optimal brain functioning, too much copper can be toxic.

In the longitudinal study, using data from the National Health and Nutrition Examination Survey, 2420 American adults were analysed to see how dietary copper intake affected cognitive function, especially in participants with a history of stroke. According to the American Heart Association, having a stroke may triple someone's risk for developing dementia within the following year. Participants' were tracked for for four years and dietary copper intake was determined by averaging two 24 hour dietary recalls.

Researchers concluded that those who consumed the most copper had the highest cognitive scores—after accounting for various confounding factors such as age, sex, alcohol intake and heart disease.

The researchers concluded: 'Our findings indicate a potential association between dietary copper intake and enhanced cognitive function in American older adults, particularly among those with a history of stroke.'

However, the researchers noted that further research is needed to confirm these findings, with a major drawback of the study being that they used self-reported dietary reviews.

Alzheimer's Research UK analysis found 74,261 people died from dementia in 2022 compared with 69,178 a year earlier, making it the country's biggest killer.

It comes as new research warns that millions of people could be up to a third more likely to develop the memory robbing disease because of their tap water.

A groundbreaking study suggested earlier this year that people who live in 'softer water' areas of the UK may be at an increased risk of dementia because their water contains lower levels of minerals such as calcium, magnesium and copper.

Scientists suggest that these minerals may have a protective effect on the brain with low levels of magnesium linked with a 25 percent higher risk of Alzheimer's.

**Foods naturally rich in copper**

- Shellfish: Oysters, crab, and lobster
- Nuts and seeds: Cashews, sunflower seeds, almonds, and sesame seeds
- Organ meats: Beef liver and kidneys
- Whole grains: Quinoa, brown rice, oats, bulgur wheat
- Dark chocolate: Look for a high cacao percentage
- Legumes: Lentils and beans
- Vegetables: Potatoes, mushrooms, dark leafy greens—like spinach and kale
- Dried fruits: Prunes, apricots and raisins

**Mail Online**

# တောင်ပေါ်ဒေသမှာပါ မြင့်မားတဲ့စွမ်းဆောင်ရည်ကိုပြသနိုင်ခဲ့တဲ့ ယာဉ်တင်အမြောက်



စစ်ဆင်ရေးဆိုတာ တောင်ပေါ်ဒေသဖြစ်စေ၊ မြေပြန့်ဒေသဖြစ်စေ ဘယ်လိုနေရာမျိုးမှာမဆို ဆင်နွှဲရနိုင်ပါတယ်။ ဒီလိုဆင်နွှဲရတဲ့အခါ စစ်လက်နက်ပစ္စည်းများကို စွမ်းရည်အပြည့်အသုံးချနိုင်ဖို့ အင်မတန်မှလိုအပ်ပါတယ်။ အထူးသဖြင့်တောင်ပေါ်ဒေသတွေမှာဆိုရင် ပစ်ကူပေးလက်နက်ကြီးများရဲ့ထိရောက်မှုက တော်တော်လေးကိုအရေးပါပါတယ်။ ဆိုလိုတာက ပစ်ကူပေးလက်နက်ကြီးများကို ထိရောက်စွာအသုံးပြုနိုင်တယ်ဆိုရင် စစ်ဆင်ရေးကိုအလွယ်တကူအောင်မြင်နိုင်စေမှာဖြစ်ပြီး ထိရောက်စွာအသုံးမပြုနိုင်ရင်တော့ အရှုံးနဲ့သာရင်ဆိုင်ရဖို့များပါတယ်။

ဒီနေရာမှာ ထိရောက်မှုရှိလှတဲ့ ပစ်ကူပေးလက်နက်ကြီးတစ်မျိုးဖြစ်တဲ့ အမြောက်ကြီးတွေရဲ့စွမ်းဆောင်ရည်က အင်မတန်မှအရေးပါပါတယ်။ အဲဒီအမြောက်ကြီးတွေထဲမှာမှ တောင်ပေါ်ဒေသတွေမှာအသုံးပြုနိုင်တဲ့ ယာဉ်တင်အမြောက်ကြီးတွေရဲ့အခန်းကဏ္ဍက အဓိကကျပါတယ်။ ဒါကြောင့်လည်း တရုတ်နိုင်ငံက သူတို့ရဲ့ယာဉ်တင်အမြောက်စွမ်းဆောင်ရည်များကိုစမ်းသပ်ဖို့အတွက် လက်တွေ့ပစ်ခတ်မှုတွေလုပ်ဆောင်ခဲ့ပါတယ်။ နေရာက တိဗက်ဒေသလိုမျိုးတောင်ပေါ်ဒေသနဲ့ဆင်တူတဲ့နေရာတစ်ခုမှာပါ။

သူတို့အသုံးပြုခဲ့တဲ့ ယာဉ်တင်အမြောက်အမျိုးအစားက PCL-181 ဖြစ်ပြီး ၁၅၅ မီလီမီတာအမြောက်ဖြစ်ပါတယ်။ လက်တွေ့ပစ်ခတ်မှုလုပ်တဲ့နေရာရှိရာသီဥတုအခြေအနေက လေထုကပါးလွှာတယ်။ အပူချိန်ကအေးမြတယ်။ တောင်ကုန်းတွေက မတ်စောက်တယ်။ နယ်မြေကကြမ်းတမ်းတယ်။ ဒီအခြေအနေမျိုးတွေဆိုတာ တောင်ပေါ်ဒေသတော်တော်များများမှာ မြင်တွေ့ရလေ့ရှိတဲ့အခြေအနေမျိုးတွေဖြစ်ပါတယ်။

PCL-181 ဆိုတာ တရုတ်တပ်မတော်က ၂၀၁၉ ခုနှစ်မှာမိတ်ဆက်ခဲ့တဲ့ ခေတ်မီယာဉ်တင်အမြောက်စနစ်တစ်ခုဖြစ်ပြီး ခြောက်ဘီးယာဉ်ပေါ်မှာတင်ဆောင်ထားတာဖြစ်ပါတယ်။ ဒီအတွက်သူက တင့်တွေလိုမဟုတ်ဘဲ ပေါ့ပါးမြန်ဆန်စွာရွေ့လျားနိုင်စွမ်းရှိနေတာပါ။ ဒါ့အပြင် တစ်နာရီကို ကီလိုမီတာ ၉၀ နှုန်းနဲ့ရွေ့လျားနိုင်ပြီး စစ်ဆင်ရေးဝင်နိုင်တဲ့အကွာအဝေးက ကီလိုမီတာ ၆၀၀ ကျော်အထိရှိပါတယ်။ အမြောက်ဆန် ၂၇ လုံးအထိတင်ဆောင်ပြီး အလိုအလျောက်ကျည်ထိုးပစ်ခတ်နိုင်တဲ့ အဲဒီယာဉ်တင်အမြောက်ရဲ့ ပစ်ခတ်နိုင်မှုအကွာအဝေးက ကီလိုမီတာ ၄၀ အထိရှိပါတယ်။ ပစ်အားကတော့ တစ်မိနစ်ကိုအမြောက်ဆန်လေးလုံးကနေခြောက်လုံးအထိဖြစ်ပါတယ်။

PCL-181 ရဲ့ထူးခြားတဲ့စွမ်းဆောင်ရည်များက အဆင့်မြင့်ပစ်မှတ်ချိန်ရွယ်ခြင်းစနစ်၊ ဂြိုဟ်တုလမ်းညွှန်စနစ်၊ ဒစ်ဂျစ်တယ်ဆက်သွယ်ရေးစနစ်၊ အလိုအလျောက်ကျည်ဖြည့်စနစ်တို့ဖြစ်ပြီး ဒီစနစ်တွေကြောင့်ပဲ လူအင်အားလိုအပ်ချက်ကိုလျှော့ချနိုင်ကာ တိကျမှုမြင့်မားတဲ့ထိရောက်မှုကို ပေးစွမ်းနိုင်တာဖြစ်ပါတယ်။ သူ့ရဲ့ရွှေ့ပြောင်းပြီးပြန်လည်ပစ်ခတ်နိုင်စွမ်းက သုံးမိနစ်ဖြစ်ပါတယ်။ ဒီအတွက်ကြောင့် ရန်သူတွေအနေနဲ့ PCL-181 ကို ရှာဖွေနိုင်ဖို့နဲ့ ဖျက်ဆီးနိုင်ဖို့ အင်မတန်ခက်ခဲမှာပါ။

တောင်ပေါ်ဒေသမှာ အမြောက်တွေကိုအသုံးပြုတဲ့အခါ အောက်ဆီဂျင်နည်းပါးမှုကလည်း အရေးတကြီးထည့်သွင်းတွက်ချက်သင့်တဲ့ အကြောင်းအရာဖြစ်ပါတယ်။ ဒီလိုမျိုးအောက်ဆီဂျင်နည်းပါးမှုဆိုတာက ယာဉ်များကိုသာမက အမြောက်ဆန်များအပေါ်ကိုပါ သက်ရောက်မှုရှိစေလို့ပါ။ ဒါကြောင့်လည်း တောင်ပေါ်ဒေသမှာ ပစ်ကူပေးအမြောက်တွေကို အသုံးပြုနိုင်ဖို့ဆိုတာ စိန်ခေါ်မှုကြီးတစ်ခုလည်းဖြစ်ပါတယ်။

ဒါပေမဲ့ အခုစမ်းသပ်မှုလုပ်လိုက်တဲ့ PCL-181 ကတော့ တောင်ပေါ်ဒေသကနေ ပစ်မှတ်တွေကိုတိကျမှုရှိစွာပစ်ခတ်နိုင်ရုံသာမက ရွေ့လျားမှုကိုလည်း လျင်မြန်စွာလုပ်ဆောင်နိုင်စွမ်းရှိတာတွေ့ရပါတယ်။ ဒီလိုမျိုးအောင်မြင်မှုက တရုတ်နိုင်ငံအတွက်သာမက ယာဉ်တင်အမြောက်ကိုအသုံးပြုနေတဲ့ ကျန်ရှိတဲ့ကမ္ဘာ့နိုင်ငံအသီးသီးရဲ့ အောင်မြင်မှုကိုပါမြင်တွေ့ရတာဖြစ်တယ်လို့ ဆိုနိုင်ပါတယ်။

**Ref: IE**

**ကိုထက်**

# တိုက်လေယာဉ်များအတွက် အဆင့်မြင့်နည်းပညာဖြစ်မယ့် ပုံသဏ္ဍာန်မှတ်သားသတ္တုစပ်များ



သိပ္ပံပညာရှင်များက ဉာဏ်ရည်တု(AI)ရဲ့အကူအညီနဲ့ ပုံသဏ္ဍာန်မှတ်သားသတ္တုစပ်များအကြောင်းကို လေ့လာမှုတွေပြုနေပါတယ်။ တကယ်လို့များ ဒီနည်းပညာကိုလက်တွေ့အသုံးပြုနိုင်မယ်ဆိုရင် တိုက်လေယာဉ်များက စွမ်းဆောင်နိုင်စွမ်းနဲ့အတူ စွမ်းဆောင်ရည်လည်း မြင့်မားလာမှာအမှန်ပါပဲ။ ဒီနည်းပညာကိုလေ့လာနေတဲ့သူတွေကတော့ အမေရိကန်နိုင်ငံမှပညာရှင်များဖြစ်ပါတယ်။

ပုံသဏ္ဍာန်မှတ်သားသတ္တုစပ်များနည်းပညာကို အသုံးပြုလိုက်ပါက တိုက်လေယာဉ်များရဲ့တောင်ပံများကို ခေါက်ခြင်း၊ ဖြန့်ခြင်းတို့ အလွယ်တကူလုပ်ဆောင်နိုင်စေမှာဖြစ်ပါတယ်။ အီလက်ထရွန်နစ်နည်းအရ အပူပေးခြင်းနဲ့အအေးပေးခြင်းနည်းနဲ့ပါ။ ဒါဆိုရင် အမေရိကန်အနေနဲ့ သူတို့ရဲ့ F/A-18 လိုမျိုးတိုက်လေယာဉ်တွေကို ပြည့်ကျပ်နေတဲ့လေယာဉ်တင်သင်္ဘောပေါ်တင်ပြီး စစ်ဆင်ရေးလုပ်ငန်းများကို ထမ်းဆောင်နိုင်စေမှာဖြစ်ပါတယ်။


ဒီကနေ့အချိန်အထိ ပုံသဏ္ဍာန်မှတ်သားသတ္တုစပ်များနည်းပညာအတွက် ရင်ဆိုင်နေရတဲ့ပြဿနာကြီးတစ်ခုရှိပါတယ်။ အဲဒီပြဿနာကတော့ ကုန်ကျစရိတ်အလွန်ကြီးမားခြင်းပါပဲ။ ဒါကြောင့် ပညာရှင်များက AI နဲ့အတူ မြင့်မားတဲ့စမ်းသပ်လေ့လာမှုရလဒ်များကိုပေါင်းစပ်လိုက်ခြင်းအားဖြင့် လိုအပ်တဲ့ကုန်ကြမ်းပစ္စည်းများကို ရှာဖွေတွေ့ရှိမှု၊ ထုတ်လုပ်မှုစရိတ်ကိုလျှော့ချမှုတို့အတွက် အဆင်ပြေစေမယ်လို့ ဆိုထားပါတယ်။

လက်ရှိအချိန်မှာတော့ ပညာရှင်များအနေနဲ့ အခုပြောတဲ့နည်းပညာကို အပြည့်အဝအသုံးချနိုင်စွမ်းမရှိသေးပါဘူး။ အဓိကကတော့ ကုန်ကြမ်းပစ္စည်းရွေးချယ်မှုကြောင့်ပါ။ မှန်ကန်တဲ့ကုန်ကြမ်းပစ္စည်းကို ရွေးချယ်နိုင်တယ်ဆိုမှပဲ သတ္တုစပ်များကလိုအပ်တဲ့ပုံပန်းသဏ္ဍာန်ကို အလွယ်တကူပြောင်းလဲနိုင်မှာဖြစ်တယ်လို့ ပညာရှင်များကပြောထားပါတယ်။

**Ref: IE**

**ကိုထက်**

# ပေကျင်း-ရှန်ဟိုင်းခရီးစဉ်ကို အချိန် ၂ နာရီခွဲအတွင်းသွားနိုင်မည့် နိုင်ငံအတွက်အမြန်ဆုံးရထားကို တရုတ်ထုတ်ဖော်ပြသ



ဆိုး၊ ရာသီဥတု

တရုတ်နိုင်ငံက ပေကျင်းမြို့မှ ရှန်ဟိုင်းမြို့သို့ ပုံမှန်အမြန်ရထားဖြင့်သွားလျှင် အချိန် ၅ နာရီခွဲကြာမြင့်မည့်ခရီးကို အချိန် ၂ နာရီခွဲအတွင်းသွားနိုင်မည့် နိုင်ငံအတွက် အမြန်ဆုံးဖြစ်သော ရထားတစ်စင်းကို မကြာသေးမီက ထုတ်ဖော်ပြသလိုက်ပြီဖြစ်သည်။

တစ်နာရီလျှင် ကီလိုမီတာ ၆၀၀ အမြန်နှုန်းဖြင့်သွားနိုင်မည့် အဆိုပါရထားသည် သံလိုက်အားသုံးရထားတစ်စင်းဖြစ်ပြီး ကမ္ဘာ့အမြန်ဆုံးသော မီးရထားကွန်ရက်ကိုပိုင်ဆိုင်ထားသည့် တရုတ်နိုင်ငံ၏ ဂုဏ်သတင်းကို ဆက်လက်ထိန်းသိမ်းပေးထားနိုင်စေမည်ဖြစ်သည်။

China Railway Rolling Stock Corporation (CRRC) ကထုတ်လုပ်ထားသော အဆိုပါသံလိုက်အားသုံးရထား၏ ပုံစံမှာ ကျစ်ကျစ်လျစ်လျစ်နှင့်ကြော့မော့မှုရှိပြီး ဦးခေါင်းပိုင်းမှာလည်း လေခွင်းအားကိုအကောင်းဆုံးဖြစ်အောင် တည်ဆောက်ထားသည့်အပြင် အတွင်းပိုင်း၌ ခေတ်ရှေ့ပြေးသော ဗီဒီယိုဖန်သားပြင်တစ်ခုပါဝင်သည်ကိုတွေ့ရသည်။

ထို့ပြင် CRRC မှအင်ဂျင်နီယာများက ၎င်းတို့သည် မြန်နှုန်းမြင့်မီးရထားသွားလာမှုနှင့် လေကြောင်းခရီးအတွက် လေယာဉ်ပျံသန်းမှုတို့ကြားရှိအမြန်နှုန်းကွာဟချက်ကိုလျှော့ချရန် သံလိုက်အားသုံးရထား၏အမြန်နှုန်းကို ယခုထက်ပိုတိုးမြှင့်သွားနိုင်ရန် ရည်ရွယ်ထားကြောင်းပြောသည်။ ယခုအသုံးပြုသည့် သံလိုက်အားသုံးရထားက သမားရိုးကျရထားများထက် ပတ်ဝန်းကျင်ပေါ်သက်ရောက်မှုအပါအဝင် အားသာချက်များစွာရှိကြောင်းသိရသည်။

Ref: SCMP

# ထိုင်းတပ်မတော်အကြီးအကဲက ကမ္ဘောဒီးယားနှင့်နယ်စပ်အရေး တင်းမာမှုပြေလျော့စေရန် နည်းလမ်းများကိုအဆိုပြု

ဘန်ကောက်၊ ဆက်ဆံရေး

ထိုင်းနိုင်ငံ၏တပ်မတော်အကြီးအကဲသည် ကမ္ဘောဒီးယားနိုင်ငံနှင့်ဖြစ်ပွားလျက်ရှိသော နယ်စပ်အရေးတင်းမာမှုပြေလျော့စေရန် နည်းလမ်းများကိုအဆိုပြုကြောင်း သိရသည်။ ထိုနည်းလမ်းများတွင် နှစ်နိုင်ငံကြားနယ်စပ်ရေးရာ ကိစ္စရပ်များတွင် ပူးပေါင်းဆောင်ရွက်ရန်နှင့် တာဝေးပစ်လက်နက်များကိုဖယ်ရှားရန်တို့ပါဝင်သည်။



ထို့ပြင် နှစ်နိုင်ငံအနေဖြင့် နယ်စပ်ဖြတ်ကျော်ကုန်သွယ်မှုချောမွေ့စေရေးနှင့် ပြည်သူများ ပိုမိုလွတ်လပ်စွာသွားနိုင်စေရေးတို့အတွက် နယ်စပ်စစ်ဆေးရေးဂိတ်များဖွင့်လှစ်မှုကို တစ်ပြိုင်နက်လုပ်ဆောင်သွားရန် အကြံပြုကြောင်း၊ တာဝေးပစ်လက်နက်များကို ၂၀၂၄ ခုနှစ်တွင် ချထားသည့်နေရာသို့ရွှေ့ပြောင်းရန်တောင်းဆိုကြောင်း ထိုင်းတပ်မတော်အကြီးအကဲဖြစ်သည့်ဗိုလ်ချုပ်ကြီး ဆောင်ဝစ်နွန်ပက်ဒီးက ပြောသည်။

အလားတူ နှစ်နိုင်ငံစစ်ဘက်ဆိုင်ရာ ဆွေးနွေးမှုများအရ ပူးပေါင်းဆောင်ရွက်ရေးတွင်တိုးတက်မှုများရရှိထားပြီး သီတင်းပတ်တစ်ပတ်လျှင် နယ်စပ်တွင်ပူးတွဲကင်းလှည့်မှုသုံးကြိမ်လုပ်ဆောင်ရန် သဘောတူထားကြောင်း ဗိုလ်ချုပ်ကြီးဆောင်ဝစ်နွန်ပက်ဒီးက ပြောထားကြောင်းသိရသည်။

Ref: BP

# အကြမ်းဖက်သမားများ၏တိုက်ခိုက်မှုကြောင့် ကွန်ဂို၌လူ ၆၆ ဦးသေဆုံး

ကင်ရှာဆာ၊ အကြမ်းဖက်မှု

ကွန်ဂိုနိုင်ငံအရှေ့ပိုင်း၌ IS စစ်သွေးကြွအဖွဲ့နှင့်ဆက်နွှယ်နေသော ADF အကြမ်းဖက်သမားများ၏ တိုက်ခိုက်မှုကြောင့် အနည်းဆုံးလူ ၆၆ ဦးသေဆုံးကြောင်း တာဝန်ရှိသူများက ဇူလိုင်လ ၁၂ ရက်တွင် ပြောသည်။

အဆိုပါအကြမ်းဖက်သမားများသည် ယူဂန်ဒါနိုင်ငံနှင့်နယ်စပ်ဖြစ်သော အီတူရီပြည်နယ်ရှိ အီရူမူဒေသတွင်နေထိုင်သည့် ပြည်သူများကို အကြောင်းမဲ့တိုက်ခိုက်ခြင်းဖြစ်ကြောင်း တာဝန်ရှိသူများကပြောထားသည်။

ကွန်ဂိုနိုင်ငံအရှေ့ပိုင်း၌ M23 သောင်းကျန်းသူအဖွဲ့နှင့် အစိုးရအဖွဲ့တို့ကြား ရဝမ်ဒါနိုင်ငံ၏ ကမကထပြုမှုကြောင့် ငြိမ်းချမ်းရေးရရှိပြီး စစ်ပွဲများပြီးဆုံးခါနီးအချိန်တွင် ယခုကဲ့သို့ ADF အကြမ်းဖက်အဖွဲ့ကတိုက်ခိုက်မှုများလုပ်ဆောင်လာခြင်းဖြစ်သည်ဟု တာဝန်ရှိသူများကပြောထားကြောင်းသိရသည်။

Ref: TOI

## သတင်းတိုကဏ္ဍ

# မြောက်ကိုရီးယားက ရုရှား၏လုပ်ဆောင်ချက်တိုင်းကို အားပေးထောက်ခံသွားမည်ဟု ကင်ဂျုံအွန်ပြော

မြောက်ကိုရီးယားနိုင်ငံအနေဖြင့် ရုရှားနိုင်ငံ၏လုပ်ဆောင်ချက်တိုင်းကို အားပေးထောက်ခံသွားမည်ဖြစ်ကြောင်း မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအွန်က ပြောသည်။ ကင်ဂျုံအွန်သည် မြောက်ကိုရီးယားနိုင်ငံသို့ရောက်ရှိနေသည့် ရုရှားနိုင်ငံခြားရေးဝန်ကြီး ဆာဂျီလက်ရော့နှင့် တွေ့ဆုံစဉ် ယခုကဲ့သို့ပြောခြင်းဖြစ်သည်ဟု မြောက်ကိုရီးယား၏ KCNA သတင်းဌာနကဖော်ပြထားသည်။

ထို့ပြင် မြောက်ကိုရီးယားနှင့်ရုရှားနိုင်ငံတို့သည် မဟာဗျူဟာမြောက်နှင့်နည်းဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုခိုင်မာအောင်လုပ်ဆောင်သွားမည်ဖြစ်ပြီး အပြည်ပြည်ဆိုင်ရာကိစ္စရပ်များတွင် ညီညီညွတ်ညွတ်ဖြင့်ပူးပေါင်းသွားမည်ဖြစ်ကြောင်း ရုရှားနိုင်ငံခြားရေးဝန်ကြီး ဆာဂျီလက်ရော့ကပြောသည်။

အလားတူ မြောက်ကိုရီးယားနိုင်ငံကို ပစ်မှတ်ထား၍ အမေရိကန်၊ တောင်ကိုရီးယားနှင့်ဂျပန်တို့၏ မဟာဗျူဟာမြောက်လုံခြုံရေးမိတ်ဖက်အဖွဲ့ တည်ထောင်နေမှုနှင့်ပတ်သက်၍လည်း လက်ရော့က သတိပေးထားသည်။

Ref: TOI

# ဩစတြေးလျက ပဋိပက္ခဖြစ်ရာနေရာသို့စစ်သည်များ စေလွှတ်မှုကို ပဋိပက္ခဖြစ်သည့်အချိန်မှသာဆုံးဖြတ်မည်

ဩစတြေးလျနိုင်ငံအနေဖြင့် ပဋိပက္ခဖြစ်ပွားရာနေရာသို့ စစ်သည်များစေလွှတ်မှုကို ပဋိပက္ခဖြစ်ပွားသည့်အချိန်မှသာ ဆုံးဖြတ်မည်ဖြစ်ကြောင်း ကာကွယ်ရေးစက်မှုလုပ်ငန်းဝန်ကြီး ပတ်ကွန်ရွိုင်းက ဇူလိုင်လ ၁၃ ရက်တွင်ပြောသည်။

အမေရိကန်နိုင်ငံက အခြားသောနိုင်ငံနှင့်ပဋိပက္ခဖြစ်လျှင် ဩစတြေးလျနိုင်ငံက မည်သည့်အခန်းကဏ္ဍမှပါဝင်မည်နှင့် ပတ်သက်၍ ရှင်းရှင်းလင်းလင်းပြောပေးရန် အမေရိကန်ကဖိအားပေးနေသည်ဟူသော သတင်းများ ထွက်ပေါ်နေခြင်းအပေါ် ပတ်ကွန်ရွိုင်းက ယခုကဲ့သို့ပြောလာခြင်းဖြစ်သည်။

ဩစတြေးလျနိုင်ငံအနေဖြင့် နိုင်ငံ၏အချုပ်အခြာအာဏာကိုသာ အဓိကဦးစားပေးကြောင်း၊ စိတ်ကူးသက်သက်သာဖြစ်သောအယူအဆများနှင့်ပတ်သက်၍ ဆွေးနွေးသွားမည်မဟုတ်ကြောင်း၊ ပဋိပက္ခဖြစ်ချိန်တွင်တာဝန်ယူသည့် အစိုးရအဖွဲ့ကသာ စစ်သည်များစေလွှတ်၊မလွှတ်ကို ဆုံးဖြတ်သွားမည်ဖြစ်ကြောင်း ABC သတင်းဌာနနှင့်တွေ့ဆုံမေးမြန်းခန်းတွင် ပတ်ကွန်ရွိုင်းကပြောထားသည်။

Ref: BP

# ဆေးကျောင်းသားများ ကျောင်းပြန်တက်ခြင်းက တိုးတက်မှုကြီးတစ်ခုဖြစ်ဟု တောင်ကိုရီးယားပြော

တောင်ကိုရီးယားနိုင်ငံ၌ ဆေးကျောင်းမတက်ဘဲ သပိတ်မှောက်နေသည့် ဆေးကျောင်းသားများအနေဖြင့် ကျောင်းပြန်တက်ခြင်းသည် တိုးတက်မှုကြီးတစ်ခုဖြစ်ကြောင်း တောင်ကိုရီးယားဝန်ကြီးချုပ် ကင်မင်ဆုတ်က ဇူလိုင်လ ၁၃ ရက်တွင် ပြောသည်။

ဆေးကျောင်းသားများသည် ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီလတွင် အစိုးရအဖွဲ့က ချမှတ်သော ဆေးကျောင်းသားများ ပိုမိုတိုးမြှင့်ခေါ်ယူရေးဆုံးဖြတ်ချက်နှင့် ပတ်သက်၍ အစိုးရကိုဆန္ဒပြကာ ဆေးကျောင်းဆက်မတက်ဘဲ သပိတ်မှောက်ခဲ့ခြင်းဖြစ်သည်။

ဇူလိုင်လ ၁၂ ရက်တွင်မှ အဆိုပါဆေးကျောင်းသားများက ၎င်းတို့အနေဖြင့်ဆေးကျောင်းသို့ပြန်တက်မည်ဖြစ်ကြောင်း၊ တာဝန်ရှိသူများအနေဖြင့် ဆေးကျောင်းများ၏အချိန်ဇယားများကို ပုံမှန်အတိုင်း ပြန်လုပ်ပေးရန်တောင်းဆိုကြောင်းကြေညာခဲ့ခြင်းဖြစ်သည်။ လက်ရှိအစိုးရအနေဖြင့် ထိုကိစ္စကိုဖြေရှင်းနိုင်မည့်နည်းလမ်းများကို ဖော်ထုတ်သွားမည်ဖြစ်ကြောင်း သိရသည်။

Ref: ST

# ယခုနှစ်အတွင်း ထိုင်းနိုင်ငံ၌ မျောက်ကျောက်ရောဂါဖြစ်ပွားသူ အယောက် ၄၀ ရှိလာ

ယခုနှစ်အတွင်း ထိုင်းနိုင်ငံ၌ မျောက်ကျောက်ရောဂါဖြစ်ပွားသူအယောက် ၄၀ ရှိလာကြောင်း၊ ပြည်သူများအနေဖြင့်သတိဝီရိယဖြင့်နေထိုင်ရန် တိုက်တွန်းကြောင်း တာဝန်ရှိသူများကပြောသည်။

၂၀၂၅ ခုနှစ်အတွင်း မျောက်ကျောက်ရောဂါဖြစ်ပွားသူအရေအတွက်က ၂၀၂၄ ခုနှစ်နှင့် ၂၀၂၃ ခုနှစ်တို့တွင်ဖြစ်ပွားသော အရေအတွက်ထက်နည်းပါးသော်လည်း ထိုရောဂါသည် အရှင်းကွယ်ပျောက်သွားခြင်းမရှိသေးကြောင်း အစိုးရအဖွဲ့မှဒုတိယပြောရေးဆိုခွင့်ရှိသူက ဇူလိုင်လ ၁၂ ရက်တွင်ပြောထားသည်။

ထိုင်းနိုင်ငံ၌ မျောက်ကျောက်ရောဂါဖြစ်ပွားမှုကို ၂၀၂၂ ခုနှစ်ကတည်းကစတင်တွေ့ရှိခဲ့ခြင်းဖြစ်ပြီး ယခုအချိန်အထိ ထိုရောဂါကြောင့်သေဆုံးသူ ၁၃ ဦးရှိကြောင်း၊ ရောဂါထိန်းချုပ်ရေးဌာနအနေဖြင့် ပြည်ပမှဆိုက်ရောက်လာသူများကို စောင့်ကြည့်စစ်ဆေးမှုများ ပိုမိုပြုလုပ်သွားမည်ဖြစ်ကြောင်း အဆိုပါပြောရေးဆိုခွင့်ရှိသူက ပြောသည်။

Ref: BP

# ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်ဖလား (၁၄)ခရိုင် ကာယဗလနှင့် ကာယကြံ့ခိုင်မှု မောင်/မယ်ရွေးချယ်ပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ

ရန်ကုန် ဇူလိုင် ၁၃

ရန်ကုန်တိုင်းဒေသကြီး ကာယဗလနှင့်ကာယကြံ့ခိုင်မှုဆပ်ကော်မတီ၊ ၂၀၂၅ ခုနှစ် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်ဖလား (၁၄) ခရိုင် ကာယဗလနှင့်ကာယကြံ့ခိုင်မှု မောင်/မယ်ရွေးချယ်ပွဲနှင့် ဆုချီးမြှင့်ပွဲကို ဇူလိုင်လ ၁၂ ရက်က ရန်ကုန်မြို့ မင်းဓမ္မလမ်းရှိ Myanmar Convention Centre (MCC) ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းက ယခုကျင်းပသည့် ၂၀၂၅ ခုနှစ် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်ဖလား (၁၄) ခရိုင် ကာယဗလနှင့်ကာယကြံ့ခိုင်မှု မောင်/မယ်ရွေးချယ်ပွဲတွင် အမျိုးသား/အမျိုးသမီးပြိုင်ပွဲအနေဖြင့် အတန်း (၁၆)တန်းပါဝင်မည်ဖြစ်ကြောင်း၊ အားကစားမောင်/မယ်များအနေဖြင့်လည်း နိုင်ငံကိုယ်စားပြု နိုင်ငံ့ဂုဏ်ဆောင်အားကစားသမားများအဖြစ် ကြိုးစားကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် လူရွေးချယ်ပွဲကျင်းပရာ အသက် ၂၁ နှစ်အောက် အမျိုးသားကာယဗလမောင် ၅၅ ကီလိုတန်း၊ အမျိုးသားကာယဗလမောင် ၆၀ ကီလိုတန်း၊ အမျိုးသားကာယဗလမောင် ၆၅ ကီလိုတန်း၊ အမျိုးသားကာယဗလမောင် ၇၀ ကီလိုတန်း၊ အမျိုးသားကာယဗလမောင် ၇၅ ကီလိုတန်းများ ယှဉ်ပြိုင်ကြသည်။

ဆက်လက်၍ အမျိုးသား Athletic Physique up to 170 cm၊ Athletic Physique over 170 cm၊ အမျိုးသား Sport Physique up to 170 cm၊ အမျိုးသား Sport Physique over 170 cm၊ အမျိုးသား Fitness Physique၊ အမျိုးသမီး Model Physique up to 160 cm၊ အမျိုးသမီး Model Physique over 160 cm၊ အမျိုးသမီး Athletic Physique၊ အမျိုးသမီး Fitness Physique ပြိုင်ပွဲများကို ဆက်လက်ယှဉ်ပြိုင်ကြသည်။

ယင်းနောက် လူရွေးချယ်ပွဲတွင် ဆုရရှိသူများအား ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ဆုများအသီးသီးချီးမြှင့်ပေးအပ်ကြသည်။

အဆိုပါလူရွေးချယ်ပွဲကို တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များတွင် လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ်ပါဝင်ရေး၊ ဗလငါးတန်နှင့်ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး စသည့်ရည်ရွယ်ချက်များဖြင့် ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

**ခင်မောင်တင်**

## မိသားစုဝင်ငွေတိုးစီမံကိန်းဖြင့် တန်ဖိုးမြှင့်စားသောက်ကုန်ထုတ်လုပ်မှု နည်းပညာသင်တန်းဆင်း



မင်းဘူး ဇူလိုင် ၁၃

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် မင်းဘူး(စကု)မြို့နယ်၌ ဒေသတွင်း အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေမိသားစု ဝင်ငွေတိုးရေးစီမံကိန်းဖြင့်ဖွင့်လှစ်ခဲ့သည့် တန်ဖိုးမြှင့်စားသောက်ကုန်ထုတ်လုပ်မှု နည်းပညာသင်တန်း (Bakery & Snack) သင်တန်းဆင်းပွဲကို ဇူလိုင်လ ၁၂ ရက်က ရွှေရောင်တော်ကျေးရွာဓမ္မာရုံ၌ ကျင်းပသည်။

ရှေးဦးစွာ မင်းဘူးခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအေးလွင်က သင်တန်းဆင်းအမှာစကားပြောကြားပြီး မကွေးတိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်စုစုခိုင်က အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေမိသားစု ဝင်ငွေတိုးရေးစီမံကိန်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြကာ တာဝန်ရှိသူများက ထူးချွန်သင်တန်းသူငါးဦးအား သင်တန်းထွက်ကုန်ချောပစ္စည်းများ ပေးအပ်သည်။

ဆက်လက်၍ မင်းဘူးခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်စိုးစိုးစံက သင်တန်းသူ ၁၅ ဦးအား သင်တန်းဆင်းလက်မှတ်များ ချီးမြှင့်ပေးအပ်ပြီး သင်တန်းသူတစ်ဦးက သင်တန်းဖွင့်လှစ်ပေးမှုအပေါ် ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

မင်းဘူးခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှကြီးမှူး၍ အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေမိသားစု ဝင်ငွေတိုးရေးစီမံကိန်းဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည့် တန်ဖိုးမြှင့်စားသောက်ကုန်ထုတ်လုပ်မှုနည်းပညာသင်တန်း (Bakery & Snack) တွင် သင်တန်းသူ ၁၅ ဦးအား အခြေခံနှင့်မွမ်းမံသင်တန်းအဖြစ် လုပ်ငန်းခွင်၌ အထောက်အကူပြုစေမည့် မုန့်မျိုးစုံပြုလုပ်နည်း အမျိုးအစားပေါင်း ၂၀ ကျော်ကို ၁၄ ရက်ကြာ စာတွေ့လက်တွေ့စနစ်တကျ သင်ကြားပို့ချပေးခဲ့သည်။ အဆိုပါသင်တန်းမှ ကိုယ်ပိုင်လုပ်ငန်းထူထောင်မည့် ထူးချွန်သင်တန်းသူငါးဦးအား ကုန်ကြမ်းဖိုးအဖြစ် ငွေကျပ်နှစ်သိန်းထည့်ဝင်စေပြီး ကိုယ်ပိုင်လုပ်ငန်းများထူထောင်နိုင်ရန် ဌာနမှ တစ်ဦးလျှင် ငွေကျပ် ၁၈ သိန်းနှင့်ညီမျှသော ဒေသဖွံ့ဖြိုးရေးလုပ်ငန်းသုံး စက်ပစ္စည်းများကို ရာသက်ပန်သုံးစွဲခွင့်ပြု၍ အသေးစားလုပ်ငန်းရှင်များဖြစ်အောင် လုပ်ငန်းမှတ်ပုံတင်များ ပြုလုပ်ပေးမည်ဖြစ်ကြောင်း၊ အလားတူ မင်းဘူးခရိုင်၌ အဆိုပါစီမံကိန်းလုပ်ငန်းများဖြင့် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် လုပ်ငန်းရှင် ၁၅ ဦး၊ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် လုပ်ငန်းရှင် ၂၀ ဦးနှင့် ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် လုပ်ငန်းရှင် ၂၅ ဦး စုစုပေါင်းလုပ်ငန်းရှင် ၆၀ ဦးအား အသေးစားလုပ်ငန်းရှင်များဖြစ်အောင် မွေးထုတ်ပေးနိုင်ခဲ့ကြောင်း သိရသည်။

**မောင်မောင်(မင်းဘူး)**

## (၇၈)နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ်အကြို အသိပညာပေး ဟောပြောပွဲ နံရံကပ်စာစောင်နှင့် စာအုပ်စာစောင်ပြပွဲများဆောင်ရွက်

**ရန်ကုန် ဇူလိုင် ၁၃**

ရန်ကုန်တိုင်းဒေသကြီး ဗိုလ်တထောင်ခရိုင် ပုဇွန်တောင်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဇူလိုင်လ ၁၉ ရက်တွင် ကျရောက်မည့် (၇၈)နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ်အကြို အသိပညာပေးဟောပြောပွဲ၊ နံရံကပ်စာစောင်နှင့် စာအုပ်စာစောင်ပြပွဲကို ဇူလိုင်လ ၁၂ ရက်က အမှတ်(၄)အခြေခံပညာအထက်တန်းကျောင်း၌ ဆောင်ရွက်သည်။

ရှေးဦးစွာ အသိပညာပေးဟောပြောပွဲတွင် အမှတ်(၄)အခြေခံပညာအထက်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်မို့မို့ခင်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်မြတ်သီရိခိုင်က အာဇာနည်နေ့ဟောပြောပွဲနှင့် နံရံကပ်စာစောင်ပြသရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားကာ အာဇာနည်နေ့ ဖြစ်ပေါ်လာပုံနှင့် အာဇာနည်ခေါင်းဆောင်ကြီးများ၏ အတ္ထုပ္ပတ္တိများကို ဟောပြောသည်။

ထို့နောက် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများက လူငယ်များ အသိပညာတိုးပွားစေမည့် အာဇာနည်နေ့အကြောင်း အသိပညာပေးနံရံကပ်စာစောင်နှင့် စာအုပ်စာစောင်များကို ခင်းကျင်းပြသရာ ကျောင်းသား၊ ကျောင်းသူများက စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာကြကြောင်း သိရသည်။

**ဟန်စုယဉ်**



## ဝါးခယ်မမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့်ဇွန်လအတွင်း ငါးရှဉ့်ပိဿာအများအပြားတင်ပို့ရောင်းချနိုင်ခဲ့

**ဝါးခယ်မ ဇူလိုင် ၁၃**

ဧရာဝတီတိုင်းဒေသကြီး ဝါးခယ်မမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် ဇွန်လအတွင်း ငါးရှဉ့်ပိဿာအများအပြား တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဝါးခယ်မမြို့နယ်၌ ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေးလုပ်ငန်းလုပ်ကိုင်သူ ဒေါ်ဝင်းလဲ့၏ပြောပြချက်အရ သိရသည်။

ဝါးခယ်မမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့်မေလက ငါးရှဉ့်ပိဿာ ၆၀၀၀၀ ခန့်သာ တင်ပို့ရောင်းချခဲ့ရပြီး ဇွန်လ ၁ ရက်မှ ၃၀ ရက်အထိ တစ်လတာကာလအတွင်း ငါးရှဉ့်ပိဿာ ၇၅၀၀၀ ခန့် တင်ပို့ရောင်းချနိုင်ခဲ့ကြောင်းနှင့် ငါးရှဉ့်များတင်ပို့ရောင်းချအားကောင်းလာခြင်းမှာ ရန်ကုန်ဈေးကွက်မှ အဝယ်လိုက်နေခြင်းကြောင့်ဖြစ်ကြောင်း သိရသည်။



"ပြီးခဲ့တဲ့ဇွန်လမှာ ငါးရှဉ့်တွေ သိသိသာသာ တင်ပို့အားကောင်းခဲ့ပါတယ်။ ဒါကလည်း ပြည်တွင်းငါးရှဉ့်လုပ်ငန်းတွေ ပြန်လည် လည်ပတ်လုပ်ကိုင်လာတာကြောင့်လို့ သိရပါတယ်။ ဒေသထွက် ငါးရှဉ့်တွေကို ရန်ကုန်ဈေးကွက်ကိုပဲ အဓိကတင်ပို့ပါတယ်။ အခုလိုဝယ်လိုအားကောင်းလာတော့ ငါးရှဉ့်မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူတွေ၊ လုပ်သားတွေနဲ့ ငါးရှဉ့်ရှာဖွေဖမ်းဆီးသူတွေ အဆင်ပြေလာတာတွေ့ရပါတယ်"ဟု ဒေါ်ဝင်းလဲ့က ပြောသည်။

ဝါးခယ်မမြို့နယ်၌ ဒေသထွက်ငါးရှဉ့်များကို ပြည်တွင်းဈေးကွက်ဖြစ်သည့် ရန်ကုန်ဈေးကွက်သို့ အဓိကတင်ပို့ရောင်းချပြီး ရန်ကုန်မြို့မှတစ်ဆင့် တခြားဒေသများသို့ ဆက်လက်ဖြန့်ဖြူးရောင်းချလျက်ရှိကြောင်း သိရသည်။ **သုတကျော်**

# မိုးရာသီကာလတွင် အဖြစ်များနိုင်သည့် သွေးလွန်တုပ်ကွေးရောဂါအကြောင်းသိကောင်းစရာ

## သွေးလွန်တုပ်ကွေးရောဂါကာကွယ်ရေး အားလုံးပါဝင်ဆောင်ရွက်ပေး



**ကလေးများများလျှင် သွေးလွန်တုပ်ကွေးရောဂါ ဖြစ်နိုင်၍ ဂရုပြုသတိထားစောင့်ကြည့်ပါ။**

ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ သွေးလွန်တုပ်ကွေးရောဂါ
ကာကွယ်နှိမ်နင်းရေးစီမံချက်နှင့်
ကျန်းမာရေးအသိပညာမြှင့်တင်ရေးဌာနခွဲတို့
ပူးပေါင်း ထုတ်ဝေသည်။ ၂၀၂၅ ခုနှစ်၊ မေလ

၁

### သွေးလွန်တုပ်ကွေးရောဂါ

- သွေးလွန်တုပ်ကွေးရောဂါပိုး သယ်ဆောင်သော ခြင်ကျား (*Aedes*)အကိုက်ခံရခြင်းမှ တစ်ဆင့်ကူးစက်သည်။
- အသက်အရွယ်မရွေးဖြစ်နိုင်ပြီး အသက်(၁၅)နှစ်အောက်ကလေးများ အထူးသဖြင့်အသက်(၅)နှစ်မှ (၉)နှစ်အရွယ်ကလေးများတွင် အများဆုံးဖြစ်ပွားသည်။
- အသက်(၁၅)နှစ်အထက်လူကြီးများတွင် ဖြစ်ပွားပါက သေဆုံးမှုနှုန်းမြင့်မားသည်ကို တွေ့ရသည်။
- တစ်နှစ်ပတ်လုံးကူးစက်နိုင်ပြီး မိုးရာသီတွင်အများဆုံးဖြစ်ပွားသည်။ တောရောမြို့ပါဖြစ်ပွားသည်။



- ခြင်ကျားသည် နေ့အချိန်တွင် ပိုကိုက်သည်။
- ခြင်ကျားလောက်လမ်းသည် ရေကြည်ရေသန့်နှင့် မိုးရေတင်ကျန်နိုင်သည့်ဘူး၊ ခွက်၊ တာယာဟောင်းများထဲတွင် ပေါက်ပွားပါသည်။

၂

### သွေးလွန်တုပ်ကွေးရောဂါလက္ခဏာများ

- လတ်တလော ဖျားနာခြင်း(၂-ရက် မှ ၇-ရက်ခန့်)
- ဗိုက်နာခြင်း၊ ပျို့အန်ခြင်း၊ ကိုယ်ခန္ဓာတွင် အနီစက်များ ထွက်ခြင်းတို့ ဖြစ်တတ်သည်။
- စတင်ဖျားသည့်အချိန်မှစ၍(၃)ရက်မှ(၅)ရက်အတွင်း သွေးလန့်သည့် လက္ခဏာများပေါ်၍ အသက်အန္တရာယ်ရှိနိုင်သည်။

### သွေးလန့်သည့်လက္ခဏာများ

- (၃)ရက်မှ(၅)ရက်အတွင်း အဖျားကြီးရာမှ ရုတ်တရက်အဖျားကျကာ ခြေဖျား၊ လက်ဖျားများ အေးစက်ခြင်း၊ နလုံးခုန်မြန်ခြင်း
- မကြာခဏအော့အန်ခြင်း၊ အညိုရောင်အရည်များအန်ခြင်း။
- အစားမဝင်ခြင်း၊ ကလေးမှိန်းလွန်းခြင်း။
- ကတ္တရာစေးရောင် ဝမ်းအမည်းများသွားခြင်း။
- သွားဖုံး အသားနများမှ သွေးထွက်ခြင်း



**အထက်ပါသွေးလန့်သည့်လက္ခဏာများရှိလျှင် နီးစပ်ရာ ဆေးရုံသို့ အမြန်ဆုံးသွားရောက်၍ ကုသမှုခံယူပါ။**

၃

### ခြင်ကျားလောက်လမ်းပေါက်ပွားရာနေရာများ

- အဓိကရေသိုလှောင်ပစ္စည်းများဖြစ်သည့် ရေစည်၊ ရေအိုး၊ ရေကန်များ
- ဘုရားပန်းအိုး၊ နတ်ပန်းအိုး၊ အလှပန်းအိုးများ၊ ရေတင်ကျန်နိုင်သည့် ဘူးခွံ၊ ခွက်ခွံ၊ တာယာဟောင်းများ
- သဘာဝအလျောက် မိုးရေတင်ကျန်လေ့ရှိသော သစ်ပင်အခေါင်း၊ အုန်းလက်၊ ငှက်ပျောလက်များ ခုတ်ပြီး အငုတ်ကျန်ခဲ့သော ဝါးဆစ်များ

### ကျောင်းများတွင် ဆောင်ရွက်ရမည့်လုပ်ငန်းများ

- သွေးလွန်တုပ်ကွေးရောဂါအကြောင်းပောပြောပို့ချပါ။
- ကျောင်းသား၊ ကျောင်းသူများ ဖုံး၊ သွန်၊ လဲ၊ စစ်၊ အိုးအတွင်းပိုင်းတိုက်ချွတ်သည့်လုပ်ငန်းများ ဆောင်ရွက်တတ်စေရန် လေ့ကျင့်သင်ကြားပေးပါ။
- မိုးရာသီတွင် ကျောင်းသား၊ ကျောင်းသူများ ဖျားနာပါက ကျန်းမာရေးဌာနသို့ အလျင်အမြန်ပြသပါ။




၄

### သွေးလွန်တုပ်ကွေးရောဂါကာကွယ်နှိမ်နင်းရေး လုပ်ငန်းများ




၅




၆

## အသိပေးနှိုးဆော်ချက်

၁။ ၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၁၉ ရက်နေ့တွင် (၇၈)နှစ်မြောက် အာဇာနည်နေ့အခမ်းအနားကို ဗဟန်းမြို့နယ်ရှိ အာဇာနည်ဗိမာန်တွင် ကျင်းပပြုလုပ်မည်ဖြစ်ရာ အခမ်းအနားကျင်းပမည့် နံနက် ၀၄၀၀ အချိန်မှ အခမ်းအနားပြီးစီးချိန်အထိ အနောက်ရွှေဂုံတိုင်လမ်းအား ရေတာရှည်လမ်းဟောင်းမှလည်းကောင်း၊ ရွှေဂုံလမ်းအား ဓမ္မစေတီ-ရွှေဂုံလမ်းဆုံမှလည်းကောင်း၊ အာဇာနည်လမ်းအား အနောက်ရွှေဂုံတိုင်လမ်းမှ ဦးထောင်ဘိုလမ်းအထိလည်းကောင်း၊ ဦးဝိစာရလမ်းအား ဦးဝိစာရအဝိုင်းမှ ဦးဝိစာရ-ဓမ္မစေတီလမ်းဆုံအထိလည်းကောင်း လမ်းပိတ်/လမ်းလွှဲဆောင်ရွက်သွားပါမည်။

၂။ ဗိုလ်ချုပ်အောင်ဆန်းနေအိမ်ပြတိုက် ဖွင့်လှစ်ပြသမည့် ၁၉.၇.၂၀၂၅ ရက်နေ့ ၀၅၀၀ အချိန်မှ ၁၈၀၀ အချိန်အထိ နတ်မောက်လမ်းအား ဝင်္ကဘာလမ်းဆုံမှ ဖိုးစိန်လမ်းဆုံအထိလည်းကောင်း၊ ဗိုလ်ချုပ်ပြတိုက်လမ်းအား ငါးထပ်ကြီးဘုရားလမ်းဆုံနှင့် စောမဟာလမ်းဆုံမှလည်းကောင်း၊ ဗိုလ်ချိုလမ်းအား ရွှေကြက်ယက်လမ်းဆုံမှလည်းကောင်း လမ်းပိတ်/လမ်းလွှဲဆောင်ရွက်သွားပါမည်။

၃။ အတွင်းဝန်ရုံးတွင် အလံတင်အခမ်းအနားကျင်းပမည့် ၁၉.၇.၂၀၂၅ ရက်နေ့ ၀၅၀၀ အချိန်မှ ၁၈၀၀ အချိန်အထိ သိမ်ဖြူလမ်းအား ဗိုလ်ချုပ်လမ်းဆုံမှ ကုန်သည်လမ်းဆုံအထိလည်းကောင်း၊ အနော်ရထာလမ်းအားဗိုလ်မြတ်ထွန်းလမ်းဆုံမှလည်းကောင်း၊ မဟာဗန္ဓုလလမ်းအား ပန်းဆိုးတန်းလမ်းဆုံမှလည်းကောင်း၊ ဗိုလ်အောင်ကျော်လမ်းအား ကုန်သည်လမ်းဆုံမှလည်းကောင်း လမ်းပိတ်/လမ်းလွှဲဆောင်ရွက်သွားပါမည်။

၄။ သို့ဖြစ်ပါ၍ ယာဉ်မောင်းသူပြည်သူများအနေဖြင့်အခမ်းအနားကျင်းပစဉ် လမ်းပိတ်/လမ်းလွှဲဆောင်ရွက်နေသည့်အချိန်များတွင် အခြားသင့်လျော်သောလမ်းများမှ မောင်းနှင်သွားလာကြပါရန် ကြိုတင်အသိပေးနှိုးဆော်အပ်ပါသည်။

**ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့**

## အာဇာနည်ဗိမာန်သို့လာရောက်မည့် မိဘပြည်သူများလိုက်နာဆောင်ရွက်နိုင်ပါရန် မေတ္တာရပ်ခံပန်ကြားခြင်း

(၁) ဖျားခြင်း၊ ချောင်းဆိုးခြင်း၊ အသက်ရှူရခက်ခဲခြင်း၊ အားအင်ကုန်ခန်းခြင်း စသည့် လက္ခဏာများဖြစ်ပွားနေပါက အခမ်းအနားသို့လာရောက်ခြင်းမပြုရန်၊

(၂) အာဇာနည်နေ့အခမ်းအနားကျင်းပနေစဉ်တွင် ဖျားခြင်း၊ ချောင်းဆိုးခြင်း အစရှိသော ကိုဗစ်-၁၉ ရောဂါအပါအဝင် အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါလက္ခဏာများခံစားရပါက ပါးစပ်နှင့် နှာခေါင်းစည်းတပ်ဆင်ရန်၊

(၃) အာဇာနည်ဗိမာန်တွင် တာဝန်ထမ်းဆောင်နေကြသူများ၏ စီစဉ်ဆောင်ရွက်ပေးမှုနှင့်အညီ လိုက်နာဆောင်ရွက်ရန်၊

(၄) ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားရှိသော ကျန်းမာရေးဆိုင်ရာ အသိပေးချက်၊ သတိပေးချက်များအား လိုက်နာရန်။

**(၇၈)နှစ်မြောက် အာဇာနည်နေ့အခမ်းအနားကျင်းပရေးဗဟိုကော်မတီ**

## မင်းဘူး(စကု)မြို့နယ် မြေနိမ့်ပိုင်းရပ်ကွက်နှင့်ကျေးရွာများတွင် ရေဝတီမြစ်ရေများ စတင်ဝင်ရောက်လျက်ရှိ

မင်းဘူး ဇူလိုင် ၁၃

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် မင်းဘူး(စကု)မြို့နယ်တွင် မိုးများအဆက်မပြတ်ရွာသွန်းနေသဖြင့် ဧရာဝတီမြစ်ရေများ တဖြည်းဖြည်းမြင့်တက်လျက်ရှိပြီး မြေနိမ့်ပိုင်းရပ်ကွက်များနှင့် ကျေးရွာများတွင် မြစ်ရေများစတင်ဝင်ရောက်လျက်ရှိကြောင်း မင်းဘူးခရိုင် ဘေးအန္တရာယ်စီမံခန့်ခွဲမှုဦးစီးဌာနမှ သိရသည်။

"ကျွန်မတို့ မင်းဘူး(စကု) မြို့နယ်မှာ မိုးတွင်းကာလရောက်ရင် ရေဘေး၊ လေဘေး၊ မြေပြိုသည့်ဘေးအန္တရာယ်တွေဖြစ်ပေါ်လေ့ရှိပြီး ဒီနှစ်မှာ မုတ်သုံမိုးနှင့် မုန်တိုင်းမိုးတွေကြောင့် ဧရာဝတီမြစ်ရေတွေမြင့်တက်ကာ မင်းဘူးမြို့ အမှတ်(၃) ကမ်းနားရပ်ကွက်တွေ၊ ငွေသောင်ကျေးရွာနှင့်ထုံးမကြီးကျေးရွာတွေမှာ မြစ်ရေတွေ စတင်ဝင်ရောက်နေပါတယ်။ မြစ်ရေသတိပေးချက်နဲ့ပတ်သက်၍ ပြီးခဲ့တဲ့ဇွန်လက သတိပေးနှိုးဆော်ခဲ့ပါတယ်။ အခုအချိန်မှာ မင်းဘူးမြို့၏ စိုးရိမ်ရေအမှတ်ဟာ ၁၇၀၀ စင်တီမီတာဖြစ်ပြီး ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန် မိုးလေဝသနှင့် ဇလဗေဒဦးစီးဌာန၏တိုင်းထွာချက်တွေအရ ၁၅၁၂ စင်တီမီတာ၊ နောက် ၂၄ နာရီတွင် ၁၅၃၂ စင်တီမီတာသို့ရောက်ရှိမည်ဖြစ်၍ ကျွန်မတို့ဌာနအနေနဲ့ ဆောင်ရန်ရှောင်ရန်နှင့် ကြိုတင်သတိပေးချက်တွေကို ပြည်သူတွေသတိပြု လိုက်နာဆောင်ရွက်နိုင်စေရန် မြစ်ရေတွေဝင်ရောက်နိုင်တဲ့ မြေနိမ့်ပိုင်းဒေသတွေရှိ ရပ်ကွက်နဲ့ကျေးရွာတွေကို အချိန်နှင့်တစ်ပြေးညီ နှိုးဆော်ဆောင်ရွက်သွားမှာပါ" ဟု မင်းဘူးခရိုင် ဘေးအန္တရာယ်စီမံခန့်ခွဲမှုဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါ်အင်ကြင်းစုအောင်က ပြောသည်။

**ဇေယျာနိုင်(ရွှေကန်မြေ)**

## ညောင်ဦးမြို့တွင် ဧရာဝတီမြစ်ရေဝင်ရောက်မှုကြောင့် ယာယီရေဘေးရှောင်စခန်းများသို့ပြောင်းရွှေ့နိုင်ရေး တာဝန်ရှိသူများကွင်းဆင်းကြည့်ရှု

ညောင်ဦး ဇူလိုင် ၁၃

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့နယ်တွင် ဧရာဝတီမြစ်ရေဝင်ရောက်ခြင်းကြောင့် ရေဘေးရှောင်စခန်းများသို့ ပြောင်းရွှေ့နိုင်ရေးနှင့်ပြောင်းရွှေ့နေထိုင်ကြသူများ အဆင်ပြေချောမွေ့စေရေး ယနေ့နံနက် ၉ နာရီခွဲတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများသွားရောက်ကြည့်ရှုစစ်ဆေးသည်။




ညောင်ဦးမြို့နယ်တွင် ဧရာဝတီမြစ်စိုးရိမ်ရေမှတ်သို့ရောက်ရှိရန်တဖြည်းဖြည်းနီးကပ်လာနေပြီဖြစ်ရာ မြစ်ကမ်းဘေးနေအိမ်များနှင့် မြစ်ရေဝင်ရောက်မည့် မြေနိမ့်ပိုင်းရပ်ကွက်များသို့ ညောင်ဦးမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဝင်းလှိုင်တင့်၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိဦးခင်မောင်ခနှင့်တာဝန်ရှိသူများက ယာယီရေဘေးရှောင်စခန်းများ ဖွင့်လှစ်ပေးထားကြောင်းသိရသည်။

အဆိုပါယာယီရေဘေးရှောင်စခန်းများဖွင့်လှစ်ထားရှိသည့် အမှတ်(၁)ရုံး ညောင်ပင်ရပ်၊ အမှတ်(၂)ရပ်၊ ယွန်းတန်းဓမ္မာရုံ၊ အမှတ်(၄)ရပ်ကွက်၊ ဆင်ဆယ်မေဓမ္မာရုံတို့တွင် ယာယီရေဘေးရှောင်စခန်းဖွင့်လှစ်ထားရှိမှုနှင့် ရေဘေးကြောင့် ယာယီပြောင်းရွှေ့ကြမည့် မြေနိမ့်ပိုင်းရပ်ကွက်များရှိ ရေဘေးရှောင်ပြည်သူများ အဆင်ပြေချောမွေ့စေရေးတို့အတွက် လိုက်လံကြည့်ရှုစစ်ဆေးခြင်းနှင့် ရေဝင်ရောက်သည့် မြေနိမ့်ပိုင်းရပ်ကွက်များအား ကြည့်ရှုစစ်ဆေးခဲ့ပြီး သဘာဝဘေးအန္တရာယ်ဖြစ်ပေါ်လာပါက အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်နိုင်ရေး ကြိုတင်ပြင်ဆင်ထားရှိသည့် ညောင်ဦးမြို့နယ် မီးသတ်ဦးစီးဌာနမှ မီးသတ်ဝန်ထမ်းများက ကူညီပြောင်းရွှေ့နေမှုများအား ကြည့်ရှုစစ်ဆေးခဲ့ကြောင်းသိရသည်။

**ဒီပါလင်း**

## ပြည်ထောင်စုရာထူးဝန်အဖွဲ့မှ ပြန်တမ်းဝင်အရာရှိအဆင့်စတင်ခန့် လစ်လပ်ရာထူးများအား ကြော်ငြာခေါ်ယူခြင်းအတွက် အသိပေးကြေညာချက်

ပြည်ထောင်စုရာထူးဝန်အဖွဲ့မှ ပြည်ထောင်စုဝန်ကြီးဌာနနှင့် အဖွဲ့အစည်း(၁၈)ခုတွင် လစ်လပ်လျက်ရှိသော ပြန်တမ်းဝင်အရာရှိအဆင့် စတင်ခန့်လစ်လပ်ရာထူး (၆၀၉)နေရာ **[ကြော်ငြာစာအမှတ်၊ (၁/၂၀၂၅)]**နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန၊ စီမံကိန်းနှင့်စီမံရေးရာဦးစီးဌာန၊ ဌာနစုမှူး(၂)/ တတိယအတွင်းဝန်**(အမျိုးသား/ အမျိုးသမီး)**ရာထူး(၂၀)နေရာ **[ကြော်ငြာစာအမှတ်၊(၂/၂၀၂၅)]** တို့အတွက် ၁၂-၇-၂၀၂၅ နှင့် ၁၃-၇-၂၀၂၅ ရက်နေ့တို့တွင် မြန်မာ့အလင်း၊ ကြေးမုံနှင့် မြဝတီသတင်းစာတို့၌ ကြော်ငြာခေါ်ယူထားရှိပြီး လျှောက်လွှာပိတ်ရက်ကို ၁-၈-၂၀၂၅ ရက်နေ့ အဖြစ် သတ်မှတ်ထားပါသည်။

ကြော်ငြာပါရာထူးအတွက်လျှောက်ထားရာတွင် **e-Recruitment and Selection System [ UCSB e-RSS Mobile Application နှင့် UCSB e-RSS Web Based]** တို့ကို အသုံးပြု၍ **Android Devices, I Phone and Web Browser** မှတစ်ဆင့် အချိန်မီဝင်ရောက်လျှောက်ထားရမည်ဖြစ်ပြီး လျှောက်လွှာပိတ်ရက် **၁-၈-၂၀၂၅** ရက်နေ့ထက် ကျော်လွန်လျှောက်ထားလာသည့် လျှောက်လွှာများကို **System** မှ အလိုအလျောက် ပယ်ဖျက်သွားမည်ဖြစ်ပါသည်။

လျှောက်ထားသူများအနေဖြင့် **e-Recruitment and Selection System [ UCSB e- RSS Mobile Application ]** ကို **Google Play Store , Apple Store တို့မှတစ်ဆင့် Download** ရယူ၍ အသုံးပြုရမည်ဖြစ်ပြီး စနစ်အတွင်းသို့ဝင်ရောက်ရမည့်လုပ်ငန်းစဉ်အဆင့်ဆင့်ဖြစ်သည့် **User Guide** နှင့် အသုံးပြုခြင်းဆိုင်ရာအချက်အလက်တို့ကို ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ Website ဖြစ်သည့် **www.ucsb.gov.mm** နှင့် **Myanmar National Web Portal** ဖြစ်သော www. myanmar.gov.mm တို့တွင် ဝင်ရောက်ကြည့်ရှုလေ့လာနိုင်ပြီး အခြားစုံစမ်းမေးမြန်းလိုချက်ရှိပါက ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ရုံးအမှတ်(၁၇)၊ နေပြည်တော် (ဖုန်း၊ ၀၆၇-၃၄၀၉၀၅၂၊ ၀၆၇-၃၄၀၉၄၃၀၊ ၀၉-၄၂၄၄၀၈၉၅၄ ၊ ၀၉-၄၂၀၇၀၆၆၀၅၊ ၀၉-၇၉၇၇၂၇၆၉၆၊ ၀၉-၄၄၁၉၃၇၃၄၃၊ ၀၉-၂၆၂၅၀၂၉၈၈) သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**ပြည်ထောင်စုရာထူးဝန်အဖွဲ့**

# GYM ပေါင်းစုံ မြန်မာ့ရိုးရာလက်ဝှေ့မျိုးဆက်သစ်ပြိုင်ပွဲများကျင်းပ

နေပြည်တော်  ဇူလိုင်  ၁၃

မြန်မာ့ရိုးရာလက်ဝှေ့ မျိုးဆက်သစ်ကစားသမားများပေါ်ထွန်းရေးနှင့် ရိုးရာလက်ဝှေ့အား ပိုမိုစိတ်ဝင်စားမှုမြင့်မားစေရန် မြန်မာနိုင်ငံ ရိုးရာလက်ဝှေ့အဖွဲ့ချုပ်မှ ကြီးမှူးကျင်းပသည့် GYM ပေါင်းစုံ မြန်မာ့ရိုးရာလက်ဝှေ့မျိုးဆက်သစ်ပြိုင်ပွဲကို ယနေ့ နေ့လယ်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ် သိမ်ဖြူလမ်းရှိ သိမ်ဖြူအားကစားခန်းမ၌ ကျင်းပသည်။



အဆိုပါပြိုင်ပွဲတွင် သုံးချီတွဲဆိုင်း ၁၀ တွဲ ပါဝင်ယှဉ်ပြိုင်ထိုးသတ်ခဲ့ကြပြီး ရှိုင်းထက်ဦး (Warrior) နှင့် ကောင်းမြတ်ကျော်(Mahoragar)တို့ပွဲတွင် ရှိုင်းထက်ဦးက ကောင်းမြတ်ကျော်ကို ပထမအချီတွင်လည်းကောင်း၊ နေလှိုင်း(ရိုးရာ)နေပြည်တော်နှင့် အောင်အောင်ဟိန်း(SMART Fight)တို့ပွဲတွင် နေလှိုင်းက အောင်အောင်ဟိန်းကို ဒုတိယအချီတွင်လည်းကောင်း၊ ချမ်းအေး(555 Mix Sport Gym)နှင့် ဖွဲ့မာန်(MKI)တို့ပွဲတွင် ချမ်းအေးက ဖွဲ့မာန်ကိုဒုတိယအချီတွင်လည်းကောင်း၊ မျိုးဂျက်ခေါင်(ဝမ်းဝမ်း) နှင့် အောင်မင်းခန့်(Mahoragar)တို့ပွဲတွင် မျိုးဂျက်ခေါင်က အောင်မင်းခန့်ကို ပထမအချီတွင်လည်းကောင်း၊ ဆန်းမြတ်ဦး (Ray)နှင့် ဖွဲ့ရန်နိုင်လင်း(STL)တို့ပွဲတွင် ဆန်းမြတ်ဦးက ဖွဲ့ရန်နိုင်လင်းကို တတိယအချီတွင်လည်းကောင်း လူငယ်များပီပီ သွက်လက်ဖျတ်လတ်စွာယှဉ်ပြိုင်ထိုးသတ်၍ပြိုင်ဘက်ကစားသမားများကို အနိုင်ယူခဲ့ကြသည်။

အခြားပွဲစဉ်များဖြစ်သည့် ရဲရင့်(ကျားဘုရင်)နှင့် မင်းထက်(ရိုးရာ)နေပြည်တော်၊ ထွန်းမြင့်မြတ် (YMA)နှင့် ဇံဇံမင်းထက်(ခနုဖြူ)၊ သဲမောင်(လုံးချော)နှင့် မင်းထက်ကျော်(အဖြူရောင်သွေးသစ်)၊ ကျားမာန်ဟိန်း (SMART Fight)နှင့် အောင်ကောင်းခန့်(STL)၊ အာကာ(ဝမ်းဝမ်း)နှင့် စိုင်းကြယ်စင်(လုံးချော) တို့ပွဲစဉ်များတွင် တစ်ဦးနှင့်တစ်ဦးအကြိတ်အနယ်ယှဉ်ပြိုင်ထိုးသတ်ခဲ့ကြသော်လည်း အနိုင်အရှုံးမပေါ်သည့်အတွက် အလူးအလဲပူးတွဲသရေဖြင့်သာ ပြီးဆုံးခဲ့ကြောင်း သိရသည်။

**ဝန်းရံခ**

## ⇨ ကမ္ဘောဒီးယားနိုင်ငံမှ

ယင်းဆုတံဆိပ်များကို မြန်မာကြက်တောင်လက်ရွေးစင်အားကစားသမားများက U-15၊ U-17 နှင့် U-23 အသင်းလိုက်ပြိုင်ပွဲများတွင် ရွှေတံဆိပ်တစ်ခုစီ၊ အမျိုးသားတစ်ဦးချင်းပြိုင်ပွဲ၊ အမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲ၊ အမျိုးသားနှစ်ယောက်တွဲပြိုင်ပွဲ၊ အမျိုးသမီးနှစ်ယောက်တွဲပြိုင်ပွဲ၊ အမျိုးသား+အမျိုးသမီးပြိုင်ပွဲတို့တွင် ရွှေတံဆိပ်ကိုးခု၊ ငွေတံဆိပ်သုံးခု၊ ကြေးတံဆိပ်ရှစ်ခု စုစုပေါင်းဆုတံဆိပ် ၂၃ ခုရရှိခဲ့သည်။

အဆိုပါပြိုင်ပွဲသို့ လာအို၊ တီမော၊ မြန်မာ၊ ဘရူနိုင်းနှင့် အိမ်ရှင်ကမ္ဘောဒီးယားနိုင်ငံမှ လက်ရွေးစင် ကြက်တောင်အားကစားသမားများ ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး မြန်မာကြက်တောင်လက်ရွေးစင်အားကစားအဖွဲ့တွင် မြန်မာနိုင်ငံကြက်တောင်အဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးအောင်ပိုင်၊ အုပ်ချုပ်၊ နည်းပြနှင့် လူငယ်လက်ရွေးစင်ကစားသမား အမျိုးသားခြောက်ဦး၊ အမျိုးသမီးခြောက်ဦး စုစုပေါင်း ၁၅ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရသည်။

**ဝန်းရံခ**

## ❍ ကျောဖုံးမှအဆက်

ထွဋ်ခေါင်ဇော်က ရွှေတံဆိပ်တစ်ခု၊ Open ကနူးတစ်ယောက်လှော် အမျိုးသား မီတာ ၅၀၀ ပြိုင်ပွဲတွင် မျိုးလှိုင်ဝင်းက ရွှေတံဆိပ်တစ်ခု၊ Open ကနူးနှစ်ယောက်လှော် အမျိုးသား မီတာ ၅၀၀ ပြိုင်ပွဲတွင် ကျော်ဇေယျနှင့် သန့်ဇင်ဦးတို့က ရွှေတံဆိပ်တစ်ခု၊ Open ကနူးလေးယောက်လှော် အမျိုးသား မီတာ ၅၀၀ ပြိုင်ပွဲတွင် ကျော်ဇေယျ၊ မျိုးလှိုင်ဝင်း၊ သန့်ဇင်ဦးနှင့် ထွဋ်ခေါင်ဇော်တို့အတွဲက ရွှေတံဆိပ်တစ်ခု ရရှိခဲ့ကြသည်။

ထို့အတူ Open ကနူးတစ်ယောက်လှော် အမျိုးသားမီတာ ၂၀၀ ပြိုင်ပွဲတွင် မျိုးလှိုင်ဝင်းက ရွှေတံဆိပ်တစ်ခု၊ Open ကနူးနှစ်ယောက်လှော် အမျိုးသားမီတာ ၂၀၀ ပြိုင်ပွဲတွင် ကျော်ဇေယျနှင့် မျိုးလှိုင်ဝင်းတို့အတွဲက ရွှေတံဆိပ်တစ်ခု၊ Open ကနူးလေးယောက်လှော် အမျိုးသားမီတာ ၂၀၀ ပြိုင်ပွဲတွင် ကျော်ဇေယျ၊ သန့်ဇင်ဦး၊ ထွဋ်ခေါင်ဇော်နှင့် မျိုးလှိုင်ဝင်းတို့အတွဲက ရွှေတံဆိပ်တစ်ခုနှင့် Open ကနူးလေးယောက်လှော် အမျိုးသား မီတာ ၅၀၀ ပြိုင်ပွဲတွင် ခင်ဇော်လွင်၊ ဇေယျာထွန်း၊ ထွန်းမင်းသန့်နှင့် ဟိန်းကိုကိုတို့အတွဲက ကြေးတံဆိပ်တစ်ခု အသီးသီးရရှိခဲ့ကြသည်။

ယင်းလှေလှော်ပြိုင်ပွဲတွင် အိမ်ရှင်စင်ကာပူ၊ မြန်မာ၊ တရုတ်(တိုင်ပေ)၊ မလေးရှား၊ သြစတြေးလျနှင့် ဟန်ဂေရီနိုင်ငံတို့မှ လှေလှော်အားကစားသမားများ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြပြီး ပြိုင်ပွဲများအပြီးတွင် မြန်မာ့လက်ရွေးစင်လှေလှော်အားကစားသမားများက ရွှေတံဆိပ် ၁၀ ခု၊ ငွေတံဆိပ် ၁ ခု၊ ကြေးတံဆိပ် ၄ ခု စုစုပေါင်းဆုတံဆိပ် ၁၅ ခုရရှိခဲ့ကြောင်း သိရသည်။

**ဝန်းရံခ**

**၁၃-၇-၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)**

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား( ၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ (၅,၈၉၀,၀၀၀)ကျပ်**ဖြစ်သည်။ **ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**




**ဒုတိယရဲမှူးကြီးအောင်ဇော်မြင့်**
**နိုင်ငံဖြတ်ကျော်မှုခင်းဌာနကြီး(မြန်မာနိုင်ငံရဲတပ်ဖွဲ့)**
**စစ်တက္ကသိုလ် အမှတ်စဉ်(၃၄)**
**အသက်(၅၅)နှစ်**

မုဒုံမြို့နေ (ဦးကံမြင့်+ဒေါ်တင်တင်လှ)တို့၏သားကြီး၊ (ဦးဝင်းမြင့်+ဒေါ်မြင့်မြင့်)တို့၏သားသမက်၊ နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နေ ဒေါ်မိုးမိုးစီ၏ချစ်လှစွာသောခင်ပွန်း၊ မအိမ့်ချစ်မှူး၊ မဆုပိုင်မှူးတို့၏ ချစ်လှစွာသောဖခင်၊ ဦးမျိုးဇော်မြင့်+ဒေါ်မြတ်မြတ်စိုးတို့၏အစ်ကို ဒုတိယရဲမှူးကြီးအောင်ဇော်မြင့်သည် ၁၃-၇-၂၀၂၅ ရက်(တနင်္ဂနွေနေ့)နံနက် ၁၁:၂၅ နာရီတွင် တပ်မတော်ဆေးရုံကြီး(ခုတင်-၁၀၀၀)နေပြည်တော်၌ ကွယ်လွန်သွားပါသဖြင့် ၁၅-၇-၂၀၂၅ ရက်(အင်္ဂါနေ့)နံနက် ၁၀:၀၀ နာရီတွင် တပ်မတော်ဆေးရုံကြီး(ခုတင်-၁၀၀၀) နေပြည်တော်ငြိမ်းအေးဇရပ်မှတရားနာပြီး နေပြည်တော်စစ်သင်္ချိုင်းသို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ ကွယ်လွန်သူအားရည်စူး၍ ၁၉-၇-၂၀၂၅ ရက်(စနေနေ့)နံနက်ပိုင်းတွင် အိမ်အမှတ်(၂၅၃)၊ ရန်ကုန်(၁)လမ်း၊ ဆင်ဖြူရှင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်ကောင်စီနယ်မြေသို့ ရက်လည်ဆွမ်းသွတ်တရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

**ပျောက်ဆုံးကြောင်း**

အောင်ဖြိုးကျော်(ဘ)ဦးကျော်စိုး ၈/တတက(နိုင်)၂၂၆၄၁၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MD 957403)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၆၆၃၂၄၆၀၇၆

**MYANMAR GOLDEN HAWK COMPANY LIMITED**
**မြန်မာနိုင်ငံကုမ္ပဏီများဥပဒေနှင့် လူမွဲခံယူခြင်းဆိုင်ရာ ဥပဒေများအရ**
**အစုရှယ်ယာရှင်များဆန္ဒအလျောက် ကုမ္ပဏီအား**
**စာရင်းရှင်းလင်းဖျက်သိမ်းရန်ကြေညာခြင်း**

၂၀၂၅ ခုနှစ်၊ ဇူလိုင်လ(၈)ရက်၊ ကုမ္ပဏီရုံးခန်းတွင်ကျင်းပပြုလုပ်သော ကုမ္ပဏီ၏ သာမန်ထက်ထူးကဲသောအထွေထွေအစည်းအဝေးတွင် MYANMAR GOLDEN HAWK COMPANY LIMITED အား အစုရှယ်ယာရှင်များ၏ဆန္ဒအလျောက် စာရင်းရှင်းလင်းဖျက်သိမ်းရန် ဆုံးဖြတ်ချက်ချမှတ်ခဲ့ပါသည်။

၎င်းအစည်းအဝေးတွင် ကုမ္ပဏီ၏စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ဒေါ်ငွေငွေမာ (B.Com, C.P.A)(မြန်မာနိုင်ငံလူမွဲခံယူခြင်းဆိုင်ရာကျွမ်းကျင်သူများအသင်းဝင်အမှတ်-00178)အားခန့်အပ်ထားရန် ဆုံးဖြတ်ချက်ချမှတ်ခဲ့ပါသည်။

သို့ဖြစ်၍ ကုမ္ပဏီထံပေးရန်နှင့် ရရန်ရှိသည်များကို စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိဖြစ်သော ဒေါ်ငွေငွေမာထံသို့ ၂၀၂၅ ခုနှစ်၊ ဇူလိုင်လ(၂၅)ရက် နောက်ဆုံးထား၍ ဆက်သွယ်ဆောင်ရွက်ရန် ကြေညာအပ်ပါသည်။

Daw Naw Hnin Wady Khine
Managing Director
MYANMAR GOLDEN HAWK CO.,LTD.

ဒေါ်ငွေငွေမာ
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
(B.Com, C.P.A)
အမှတ်(၂၅)၊ ၅ လွှာ၊ ဗလွန်လမ်း၊
စမ်းချောင်းမြို့နယ်၊ ရန်ကုန်။

**သစ်တောမှန်လျှင် အသုံးဝင်**
**အစဉ်ထာဝရ ထိန်းသိမ်းကြ**

**ပျောက်ဆုံးကြောင်း**

မိုးမိုးစန်း(ဘ)ဦးမြင့်အောင် ၁၂/သခန(နိုင်)၁၀၃၇၄၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**

စိန်စိန်(ဘ)ဦးသန်းမောင် ၁၂/လမန(နိုင်)၁၂၁၅၂၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၅၃၆၈၄၉၇၄

**သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း**

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်၊ အမှတ်(၈၃၉)၊ ကျန်စစ်သားလမ်း၊ ရပ်ကွက်ကြီး(၇)နေ အဘ(ဦးခင်မောင်တင့်) အမိ ဒေါ်ထုဆန် ၉/မမန(နိုင်)၀၀၄၇၉၄ တို့၏သား မောင်လင်းလက်(ခ)နော်ဂျာလင်းထက် ၉/ပဥလ(နိုင်)၀၆၂၇၀၄ သည် မိခင်ဆိုဆုံးမမှုများကို မနာခံသည့်အပြင် မိခင်အား စိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်သဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်းနှင့် နောက်နောင် ၎င်းနှင့်ပတ်သက်သောကိစ္စများအား လုံးဝ(လုံးဝ)တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

ဒေါ်ထုဆန်

**ပျောက်ဆုံးကြောင်း**

အေးမြတ်သူဇာ(ဘ)ဦးကျော်သင်း ၁/မကန(နိုင်)၃၀၃၅၉၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MK 116699)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**

ကြည်စိုး(ဘ)ဦးပြာ ၁၂/သဃက(နိုင်)၀၆၇၂၇၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**

ဟန်သစ်မင်း(ဘ)ဦးစိုးမြင့်အောင် ၁၂/ရပသ(နိုင်)၁၃၀၂၀၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

# မန်ယူအသင်းဂိုးသမားအိုနာနာ တံကောက်ကြောဒဏ်ရာကြောင့် ရက်သတ္တရှစ်ပတ်ခန့် အနားယူရမည်

မန်ချက်စတာ ဇူလိုင် ၁၃

မန်ယူအသင်း ဂိုးသမားအိုနာနာသည် အသင်း ရာသီကြိုလေ့ကျင့်ရေးအစီအစဉ်တွင် ရရှိခဲ့သည့် တံကောက်ကြောဒဏ်ရာကြောင့် ရက်သတ္တရှစ်ပတ်ခန့် အနားယူရမည်ဖြစ်ကြောင်း သိရသည်။

ဂိုးသမားအိုနာနာသည် အသင်း၏ရာသီကြိုလေ့ကျင့်ရေးအစီအစဉ်တွင် ပူးပေါင်းစဉ် တံကောက်ကြောဒဏ်ရာရရှိခဲ့သည့်အတွက် အသင်း၏ရာသီကြိုခြေစမ်းပွဲစဉ်ကိုလည်း လွဲချော်ရမည်ဖြစ်သည်။

ဂိုးသမားအိုနာနာသည် တံကောက်ကြောဒဏ်ရာနှင့်ပတ်သက်ပြီး အသေးစိတ်စစ်ဆေးမှုပြုလုပ်ခဲ့ရာတွင် ရက်သတ္တရှစ်ပတ်ခန့် အနားယူရမည်ဖြစ်သည့်အတွက် အသင်း၏ရာသီကြိုလေ့ကျင့်ရေးခရီးစဉ်ထွက်ခွာမည့် ကစားသမားစာရင်းမှ နုတ်ထွက်ပြီး အနားယူရမည်ဖြစ်သည်။

လက်ရှိ နွေရာသီကစားသမားအပြောင်းအရွှေ့ကာလတွင် ကစားသမားသစ်များခေါ်ယူရန်ခက်ခဲနေသည့် မန်ယူအသင်းသည် ဂိုးသမားနေရာကိုအပြောင်းအလဲလုပ်ဆောင်လိုသော်လည်း လက်ရှိအချိန်ထိ အပြောင်းအလဲလုပ်ဆောင်နိုင်ခြင်းမရှိသေးဘဲ ဂိုးသမားအိုနာနာကိုသာ ဆက်လက်အသုံးပြုရန် ပြင်ဆင်ထားသည့်အတွက် အိုနာနာ ဒဏ်ရာကြောင့်အနားယူမည်ဖြစ်သဖြင့် ဂိုးသမားနေရာအတွက် ထိုးနှက်ချက်ဖြစ်လာဖွယ်ရှိနေသည်။

ဂိုးသမားအိုနာနာသည် တံကောက်ကြောဒဏ်ရာကြောင့် အနားယူရမည်ဖြစ်သည့်အတွက် အသင်းနှင့်အတူ ရာသီကြိုခြေစမ်းပွဲစဉ်အားလုံးကို လွဲချော်ရမည်ဖြစ်သည့်အပြင် ပရီးမီးယားလိဂ်အဖွင့်ပွဲစဉ်အဖြစ် ကစားမည့် အာဆင်နယ်အသင်းနှင့်ပွဲစဉ်ကိုပါ လွဲချော်ဖွယ်ရှိကြောင်း သိရသည်။ *Ref;Fabrizio Romano*




# ဂါလာတာဆာရေးအသင်းက အိုဆီမန်ကို ပြောင်းရွှေ့ကြေး ယူရို သန်း ၇၀ ဖြင့် ကမ်းလှမ်းခဲ့သော်လည်း နာပိုလီအသင်းဥက္ကဋ္ဌက ပယ်ချခဲ့

အစ္စတန်ဘူလ် ဇူလိုင် ၁၃

ဂါလာတာဆာရေးအသင်းက နာပိုလီအသင်းထံမှ အငှားစာချုပ်ဖြင့် ခေါ်ယူထားသည့် အိုဆီမန်ကို ပြောင်းရွှေ့ကြေး ယူရို သန်း ၇၀ ဖြင့် ဒုတိယအကြိမ် ကမ်းလှမ်းခဲ့သော်လည်း နာပိုလီအသင်းဥက္ကဋ္ဌ လော်ရန်တစ်က ပယ်ချခဲ့ကြောင်း သိရသည်။

ဂါလာတာဆာရေးအသင်းသည် ပြီးခဲ့သည့် နွေရာသီ ကစားသမားအပြောင်းအရွှေ့ကာလက အိုဆီမန်ကို တစ်ရာသီအငှားစာချုပ်ဖြင့် ခေါ်ယူခဲ့ပြီးနောက် အသင်းနှင့်အတူ အကောင်းဆုံးခြေစွမ်းပြနိုင်ခဲ့ကာ တူကီယဲစူပါလိဂ်ပြိုင်ပွဲတွင် ၂၅ ပွဲကစားခဲ့ရာ ၁၅ ဂိုး သွင်းယူနိုင်ခဲ့သကဲ့သို့ ပြိုင်ပွဲစုံ ၄၁ ပွဲကစားခဲ့ရာတွင် ၃၇ ဂိုးအထိ သွင်းယူနိုင်ခဲ့ပြီး ဂါလာတာဆာရေးအသင်း တူကီယဲစူပါလိဂ်ပြိုင်ပွဲတွင် ချန်ပီယံဆု ဆွတ်ခူးနိုင်ခဲ့ရာတွင် အဓိကကစားသမားတစ်ဦးအဖြစ် ပါဝင်ခဲ့သူဖြစ်သည်။


ဂါလာတာဆာရေးအသင်းက အသင်းနှင့်အတူ အကောင်းဆုံးခြေစွမ်းပြနိုင်သည့် အိုဆီမန်ကို လက်ရှိ နွေရာသီကစားသမားအပြောင်းအရွှေ့ကာလ အစပိုင်းကတည်းက ခေါ်ယူရန် ကြိုးပမ်းနေသော်လည်း ပြောင်းရွှေ့ကြေးညှိနှိုင်းမှု အဆင်မပြေဖြစ်နေသည့်အတွက် ကြန့်ကြာနေပြီး လက်ရှိတွင် ဒုတိယအကြိမ်အဖြစ် ယူရိုသန်း ၇၀ ဖြင့် ကမ်းလှမ်းခဲ့သော်လည်း နာပိုလီအသင်းက ထပ်မံပယ်ချခဲ့ရခြင်းဖြစ်သည်။

နာပိုလီအသင်းကလည်း အိုဆီမန်ကို လက်ရှိ နွေရာသီကစားသမား အပြောင်းအရွှေ့ကာလတွင် ရောင်းချရန်ဆုံးဖြတ်ထားသော်လည်း နာပိုလီအသင်းဥက္ကဋ္ဌ လော်ရန်တစ်က အိုဆီမန်အတွက် ပြောင်းရွှေ့ကြေးကို အနည်းဆုံး ယူရို ၇၅ သန်းအလိုရှိနေသည့်အတွက် ဂါလာတာဆာရေးအသင်း၏ကမ်းလှမ်းမှုကို ထပ်မံပယ်ချခဲ့သည်။

လက်ရှိတွင် အိုဆီမန်ကို ဂါလာတာဆာရေးအသင်းအပြင် ဆော်ဒီထိပ်တန်း ကလပ်အသင်းများကလည်း မြင့်မားသည့်လုပ်ခလစာဖြင့် ခေါ်ယူရန် ကြိုးပမ်းနေကြောင်း သိရသည်။

*Ref;Fabrizio Romano*

# ချယ်လ်ဆီးအသင်းက ဂျက်ဆင်ကိုရောင်းချမည်ဖြစ်သော်လည်း ပြောင်းရွှေ့ကြေးကို စတာလင်ပေါင် သန်း ၁၀၀ သတ်မှတ်



လန်ဒန် ဇူလိုင် ၁၃

ချယ်လ်ဆီးအသင်းက အသင်းတိုက်စစ်ကစားသမားဂျက်ဆင်ကို ရောင်းချမည်ဖြစ်သော်လည်း ပြောင်းရွှေ့ကြေးကို မြင့်မားသည့်ပြောင်းရွှေ့ကြေးတစ်ရပ်ဖြစ်သည့် စတာလင်ပေါင် သန်း ၁၀၀ သတ်မှတ်ထားကြောင်း သိရသည်။

ဂျက်ဆင်သည် ပြီးခဲ့သည့်ဘောလုံးရာသီက နည်းပြမာရက်စ်ကာလက်အောက်၌ အဓိကကစားသမားတစ်ဦးအဖြစ်ပါဝင်ခဲ့သော်လည်း ရာသီနှောင်းပိုင်းတွင် အမှားအယွင်းများကျူးလွန်ခဲ့သည့်အတွက် ဝေဖန်မှုများနှင့်ရင်ဆိုင်ခဲ့ရသကဲ့သို့ ဖီဖာကလပ် ကမ္ဘာ့ဖလား ပြိုင်ပွဲတွင်လည်း ခြေစွမ်းပြနိုင်ခြင်းမရှိခဲ့ဘဲ မလိုအပ်သည့်အမှားများ ထပ်မံကျူးလွန်နေသောကြောင့် နည်းပြမာရက်စ်ကာကိုယ်တိုင်က လက်ရှိနွေရာသီကစားသမားအပြောင်းအရွှေ့ကာလမတိုင်မီ ရောင်းချရန် အသင်းထံ အသိပေးခဲ့ခြင်းဖြစ်သည်။

ချယ်လ်ဆီးအသင်းကလည်း ဂျက်ဆင်ကို လက်ရှိ နွေရာသီကစားသမား အပြောင်းအရွှေ့ကာလတွင် ရောင်းချရန်ဆုံးဖြတ်ပြီးနောက် ၎င်းကို အီတလီ စီးရီးအေထိပ်တန်းအသင်းကြီးများဖြစ်သည့် အေစီမီလန်အသင်းနှင့် ဂျူဗင်တပ်စ်အသင်းတို့က အပြိုင်ခေါ်ယူလိုနေပြီး အေစီမီလန်အသင်းက တရားဝင် စုံစမ်းမှုများလုပ်ဆောင်ပြီးနောက် ချယ်လ်ဆီးအသင်းက ပြောင်းရွှေ့ကြေးကို စတာလင်ပေါင် သန်း ၁၀၀ သတ်မှတ်ခဲ့ခြင်းဖြစ်သည်။

ချယ်လ်ဆီးအသင်းက လက်ရှိနွေရာသီကစားသမားအပြောင်းအရွှေ့ကာလတွင် အသင်းတိုက်စစ်ပိုင်း၌ ဒီလက်နှင့် ဂျာအိုပက်ဒရိုတို့ကို ခေါ်ယူပြီးနောက် အသင်းတိုက်စစ်ပိုင်းတွင် နည်းပြမာရက်စ်ကာက ၎င်းတို့နှစ်ဦးကို ဦးစားပေးအဖြစ် သတ်မှတ်ထားသည့်အတွက် ဂျက်ဆင်အနေဖြင့် လူစားဝင်ကစားသမားအဖြစ်သာ ပါဝင်ခွင့်ရှိနေသည်။

ချယ်လ်ဆီးအသင်းက ဂျက်ဆင်ကို ရောင်းချရန် ဆုံးဖြတ်ထားသော်လည်း နည်းပါးသည့်ပြောင်းရွှေ့ကြေးဖြင့် ရောင်းချမည်မဟုတ်ဘဲ မရောင်းချနိုင်ခဲ့ပါက အသင်းတိုက်စစ်ပိုင်းတွင် အင်အားတောင့်တင်းစေရန် အရန်ကစားသမားအဖြစ် ထားရှိမည်ဖြစ်သောကြောင့် ပြောင်းရွှေ့ကြေးကိုလည်း မြင့်မားသည့် ပြောင်းရွှေ့ကြေးတစ်ရပ်ဖြစ်သည့် စတာလင်ပေါင် သန်း ၁၀၀ အထိ သတ်မှတ်ထားကြောင်း သိရသည်။ *Ref;The Athletic*

# ဘရိုက်တန်အသင်းက ဖာဒီနန်၏သား လိုရန့်ဇ်ကို ပရော်ဖက်ရှင်နယ်စာချုပ် ချုပ်ဆိုပြီး အသင်းကြီးထံခေါ်ယူ

လန်ဒန် ဇူလိုင် ၁၃

ဘရိုက်တန်အသင်းက မန်ယူအသင်းကစားသမားဟောင်းတစ်ဦးဖြစ်သည့် ဖာဒီနန်၏သားဖြစ်သူ လိုရန့်ဇ်ကို ပရော်ဖက်ရှင်နယ်စာချုပ်ချုပ်ဆိုကာ အသင်းကြီးထံ ခေါ်ယူခဲ့ကြောင်း သိရသည်။

အသက် ၁၈ နှစ်အရွယ် ဂိုးသမားလိုရန့်ဇ်သည် လူငယ်ကစားသမားဘဝကို ဘရိုက်တန်အသင်းနှင့် စတင်ခဲ့သူဖြစ်ပြီး ဘရိုက်တန် ယူ-၁၃ အသင်းမှ စတင်ကာ လူငယ်အသင်းအဆင့်ဆင့်တွင် ပါဝင်ကစားပြီးနောက် ယခုအခါ ပရော်ဖက်ရှင်နယ်စာချုပ်ချုပ်ဆိုပြီး လာမည့်ဘောလုံးရာသီတွင် အသင်းကြီးနှင့် စတင်ပူးပေါင်းသွားမည်ဖြစ်သည်။

ဂိုးသမား လိုရန့်ဇ်သည် ပြီးခဲ့သည့်ဘောလုံးရာသီက ဘရိုက်တန်ယူ-၂၁အသင်းတွင်ကစားခဲ့သူဖြစ်ပြီး အသင်းနှင့်အတူ အကောင်းဆုံးလက်စွမ်းပြနိုင်ပြီးနောက် ပြီးခဲ့သည့်ဘောလုံးရာသီက ပရီးမီးယားလိဂ်ပြိုင်ပွဲတွင် ဘရိုက်တန်အသင်းနှင့်အတူ နှစ်ပွဲကစားခွင့်ရရှိခဲ့သူဖြစ်ပြီး အနာဂတ်လက်စွမ်းကောင်းများပိုင်ဆိုင်ထားသူဖြစ်သည့်အတွက် တခြားအသင်းများကလည်း ပစ်မှတ်ထားနေသောကြောင့် ဘရိုက်တန်အသင်းက ပရော်ဖက်ရှင်နယ်စာချုပ်ချုပ်ဆိုကာ အသင်းကြီးထံ ခေါ်ယူခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

*Ref;Fotmob*

# တရားမဝင် သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လိုင်စင်မဲ့မော်တော်ယာဉ်များ၊ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များ၊ တရားမဝင်ကုန်ပစ္စည်းတင်မော်တော်ယာဉ်များ ဖမ်းဆီးရမိ











အေးရှားဝေါလ်ဆိပ်ကမ်း၌ ဖမ်းဆီးရမိမှု




ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ဖမ်းဆီးရမိမှု။



ပဲခူးတိုင်းဒေသကြီး၌ ဖမ်းဆီးရမိမှု။




ကရင်ပြည်နယ်၌ ဖမ်းဆီးရမိမှု။

**နေပြည်တော် ဇူလိုင် ၁၃**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေးဆောင်ရွက်လျက်ရှိသည်။

**ဇူလိုင်လ ၁၁ ရက်**တွင် အကောက်ခွန် ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ အေးရှားဝေါလ်ဆိပ်ကမ်း၌ ကုန်သေတ္တာ(၈၁)လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း (၃)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၇၁၈၅၄၅၇၈)ကိုလည်းကောင်း၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၊လေဆိပ်(ကုန်လှောင်ရုံ)၌တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း (၁၈) မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၂၈၁၂၀၀)ကိုလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၈၃၁၃၅၇၇၈)** ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် စစ်ကိုင်းတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ စစ်ကိုင်းမြို့၊ ရတနာပုံတံတားပူးပေါင်းစစ်ဆေးရေးဂိတ်၌ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့်တရုတ်နိုင်ငံထုတ် စားသောက်ကုန်ပစ္စည်း (၂)မျိုး **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၃၄၀၀၀၀)** ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် ပဲခူးတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ တောင်ငူခရိုင်အတွင်း၌ တရားမဝင် ကျွန်းသစ် (၃ ဒသမ ၁၈၀)တန်၊ သစ်မာ (၁ ဒသမ ၁၈၉)တန် **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၆၀၇၆၂၄)**ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

**ဇူလိုင်လ ၁၂ ရက်**တွင် မန္တလေးတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ရတနာပုံတံတား (မန္တလေး)စစ်ဆေးရေးဂိတ်၌ စစ်ကိုင်းမြို့မှ မန္တလေးမြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ် (၂)စီးနှင့်ရွှေဘိုမြို့မှ မန္တလေးမြို့သို့ မောင်းနှင်လာသည့်မော်တော်ယာဉ်(၂)စီးတို့ပေါ်မှတရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း (၆)မျိုး၊ လူသုံးကုန်ပစ္စည်း(၁)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၈၅၁၅၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Toyota Toyoace Light Truck (၁)စီး၊ Mitsubishi Canter Truck (၁)စီး၊ Foton Light Truck (၁)စီး၊ စက်မှုဇုန်ထုတ် KO Light Truck (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၆၀၀၀၀၀၀)ကိုလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၆၈၅၁၅၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ဆက်လက်၍ ကရင်ပြည်နယ်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မြဝတီမြို့၊ အမှတ်(၆)ရပ်ကွက်၊ ဘိုကလေး(၄)လမ်း၌ စုပုံထားသော အကောက်ခွန်မဲ့ လုပ်ငန်းသုံးပစ္စည်း (၄)မျိုး **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၁၆၀၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

**ဇူလိုင်လ ၁၂ ရက်**တွင် ပြည်ထဲရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ ဖမ်းဆီးရမိမှုစာရင်းများအရ လိုင်စင်မဲ့မော်တော်ယာဉ် (၁၂)စီးနှင့် လိုင်စင်မဲ့မော်တော်ဆိုင်ကယ် (၃၂)စီးဖမ်းဆီးရမိခဲ့ပြီး သက်ဆိုင်ရာလုပ်ထုံးလုပ်နည်း၊ ဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ဇူလိုင်လ ၁၁ ရက်နှင့် ၁၂ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ (၁၉)မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၇၇၇၅၃၄၉၀၂)ကို ဖမ်းဆီးရမိခဲ့ပါသည်။ နိုင်ငံတော်၏ စီးပွားရေးဦးတည်ချက်များနှင့်အညီ ကုန်သွယ်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာတွင် တရားမဝင်ကုန်သွယ်မှုများသည် အဓိကအဟန့်အတားဖြစ်ပေါ်စေပြီး လူမှုစီးပွားရေးကဏ္ဍအပေါ် များစွာဆိုးကျိုးသက်ရောက်ခြင်းများကြောင့် ၎င်းတရားမဝင်တင်သွင်းမှုများအား သက်ဆိုင်ရာတာဝန်ရှိသူများမှ ယခုထက်ပိုမို၍ တားဆီးစစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သတင်းရရှိသည်။

မြဝတီ

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH ၊ NUG ၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၁၃-၇-၂၀၂၅

## ထူးခြားသည့်နေ့အပူချိန်များ

| | | | | | | | |
|---|---|---|---|---|---|---|---|
| ခန္တီး | ၃၇ | ဒသမ ၉ | ဒီဂရီဆဲလ်စီးယက် | မန္တလေး | ၃၅ | ဒသမ ၀ | ဒီဂရီဆဲလ်စီးယက် |
| မိုးညှင်း | ၃၇ | ဒသမ ၀ | ဒီဂရီဆဲလ်စီးယက် | ကျောက်ဆည် | ၃၅ | ဒသမ ၀ | ဒီဂရီဆဲလ်စီးယက် |
| မြစ်ကြီးနား | ၃၅ | ဒသမ ၇ | ဒီဂရီဆဲလ်စီးယက် | ချောက် | ၃၅ | ဒသမ ၀ | ဒီဂရီဆဲလ်စီးယက် |
| တံတားဦး | ၃၅ | ဒသမ ၅ | ဒီဂရီဆဲလ်စီးယက် | ပခုက္ကူ | ၃၅ | ဒသမ ၀ | ဒီဂရီဆဲလ်စီးယက် |
| (လေကြောင်းမိုးလေဝသ) | | | | ကလေးဝ | ၃၅ | ဒသမ ၀ | ဒီဂရီဆဲလ်စီးယက် |
| ဟုမ္မလင်း | ၃၅ | ဒသမ ၅ | ဒီဂရီဆဲလ်စီးယက် | စစ်ကိုင်း | ၃၅ | ဒသမ ၀ | ဒီဂရီဆဲလ်စီးယက် |


MINISTRY OF HEALTH
ကျန်းမာရေးဝန်ကြီးဌာန
ပြည်သူ့ကျန်းမာရေးဦးစီးဌာန
“ကျန်းမာသန့်ရှင်း ရောဂါကင်းဖို့
ယင်လုံအိမ်သာ သုံးကြစို့။”
ကျန်းမာရေးနဲ့
ညီညွတ်တဲ့
အိမ်သာ
အိမ်သာကျင်းကို အဖုံးနဲ့ အုပ်ထားပါ။
အိမ်သာကို သုံးပြီးတိုင်း ရေနဲ့ သန့်ရှင်းအောင် ဆေးချပါ။
အိမ်သာကို သန့်ရှင်းရေး ပုံမှန်ပြုလုပ်ပါ။
ယင်မနားအောင်နဲ့ ကျင်းထဲကို ယင်မဝင်အောင် အိမ်သာခွက်ကို အဖုံးဖုံးထားပါ။
အိမ်သာတက်ပြီးတဲ့အခါတိုင်း လက်ကိုဆပ်ပြာနဲ့ စင်ကြယ်အောင် ဆေးကြောပါ။
အရွယ်မရောက်သေးတဲ့ ကလေးငယ်ရဲ့ မစင်တွေကို အိမ်သာမှာသာ စွန့်ပစ်ပါ။
ကလေးငယ်တွေ အိမ်သာကို အသုံးပြုတတ်အောင် သင်ကြားပြသပေးပါ။
လုံ(၃)လုံအိမ်သာ သုံးကြပါ။
(ယင်လုံ၊ အနံ့လုံ၊ အရှက်လုံ)
၂၀၂၅ခုနှစ်၊ မေလ

# အောင်မြင့်မိုရ်မင်းအာမခံကုမ္ပဏီလီမိတက်



၁။ ပြည်သူပြည်သားအသက်အာမခံ
၂။ တပ်မတော်ဝန်ထမ်းအသက်အာမခံ
၃။ တောင်သူလယ်သမားအသက်အာမခံ
၄။ နှစ်တိုငွေပင်ငွေရင်းအာမခံ
၅။ စုပေါင်းအသက်အာမခံ
၆။ မြွေအန္တရာယ်အာမခံ
၇။ အထူးခရီးသွားအာမခံ
၈။ ခရီးသွားအာမခံ
၉။ အားကစားသမားကိုယ်အင်္ဂါထိခိုက်မှုအာမခံ
၁၀။ ကျန်းမာရေးအာမခံ
၁၁။ ပြင်းထန်သောရောဂါကုသမှုအာမခံ
၁၂။ လူထုအခြေပြုကျန်းမာရေးစောင့်ရှောက်မှုအာမခံ
၁၃။ ပညာရေးအသက်အာမခံ
၁၄။ ကိုယ်အင်္ဂါထိခိုက်မှုအာမခံ
၁၅။ စာသင်သားအသက်အာမခံ
၁၆။ ပြည်သူပြည်သားနှစ်ချင်းအသက်အာမခံ
၁၇။ ပရီမီယံတစ်ကြိမ်ပေး နှစ်တိုချေးငွေအသက်အာမခံ
၁၈။ ပရီမီယံတစ်ကြိမ်ပေး ချေးငွေအသက်အာမခံ
၁၉။ တမူထူးခြားသည့် စုဆောင်းမှု အသက်အာမခံ
၂၀။ တစ်လုံးတည်းပေး ငွေပင်ငွေရင်း အသက်အာမခံ

နေပြည်တော် - ဖုန်း - ၀၆၇ - ၃၄၃၄၇၁၂၊ ၀၉ - ၄၄၉၁၈၈၀၆၃

အမှတ်(၁၄၀)၊ ရွှေတိဂုံဘုရားလမ်းနှင့် ပန်တျာလမ်းထောင့်၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း - ၀၁ - ၈၃၇၈၉၆၅၊ ၀၉ - ၄၂၄၄၄၆၆၆၄၊ ဖက်(စ်) - ၀၁ - ၈၃၇၈၉၆၃

၂၉ × ၃၀ လမ်းကြား၊ ၈၄ လမ်း၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး
ဖုန်း - ၀၉ - ၄၂၄၄၄၆၆၆၅၊ ဖက်(စ်) - ၀၂ - ၄၀၃၀၄၆၇

မိသားစုဘဝ လုံခြုံစိတ်ချဖို့
ကျန်းမာရေးအာမခံ
ထားကြစို့!

We Protect The Family






# မြန်မာ့ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်းကုမ္ပဏီလီမိတက်

- နိုင်ငံတကာ ကုန်စည်သယ်ယူပို့ဆောင်ရေးလုပ်ငန်း
- ကုန်သေတ္တာသယ်ယူပို့ဆောင်ရေးလုပ်ငန်း
- ကမ်းရိုးတန်း ကုန်စည်ပို့ဆောင်ရေးလုပ်ငန်း
- သာကေတ ကုန်သေတ္တာထားသိုခန်း
- သာကေတ ဆိပ်ခံတံတားလုပ်ငန်း
- သာကေတ ကုန်လှောင်ရုံလုပ်ငန်း

**ဆက်သွယ်ရန် ဖုန်းနံပါတ်**
၀၁ ၈၂၉ ၆၂၅၃၊ ၀၉ ၅၅၀ ၃၉၃၄ – ရုံးချုပ်
၀၉ – ၅၅၀ ၄၅၄၆၊ ၀၉ – ၇၈၅ ၁၅၄ ၀၇၈၊ ၀၉ – ၅၁၅ ၉၆၉၇ – သာကေတရုံး



# အောင်သစ္စာဦးအထွေထွေအာမခံကုမ္ပဏီလီမိတက်

"ဆုံးရှုံးမှုအန္တရာယ်ဘေး
မျှဝေခံစားပေးမှာ
အောင်သစ္စာဦး အာမခံပါ"




Hotline - 09-450450561, 09-450450562, 09-450450563

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

**၂။ စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးရေးနှင့်မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကိုအားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံးသက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျုံးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကိုမြှင့်တင်ဆောင်ရွက်ရေး။

**❖ ဒေသတစ်ခု ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒေသတွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် အုပ်ချုပ်ရေးပိုင်းဆိုင်ရာ တာဝန်ရှိသူများနှင့် ဒေသတွင်နေထိုင်သူများ၏ကြိုးပမ်းဆောင်ရွက်မှု အပေါ်တွင် အဓိကမူတည်သဖြင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးကို ကြိုးပမ်းဆောင်ရွက်ကြစေလို…**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၁၀ ရက်နေ့တွင်ပြုလုပ်သော မိတ္ထီလာခရိုင်အတွင်းရှိ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အသေးစား၊ အငယ်စားနှင့်အလတ်စားစီးပွားရေး (MSME) လုပ်ငန်းရှင်များအား တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးရေးဆိုင်ရာများဆွေးနွေးပြောကြားမှုမှကောက်နုတ်ချက်)

# ကမ္ဘောဒီးယားနိုင်ငံတွင်ကျင်းပသည့် အာရှလူငယ်သက်တန်း ကြက်တောင်ပြိုင်ပွဲတွင် မြန်မာလူငယ်လက်ရွေးစင် အားကစားသမားများက ရွှေ ၁၂ ခု၊ ငွေ သုံးခုနှင့်ကြေး ရှစ်ခုဆွတ်ခူး

ရန်ကုန် ဇူလိုင် ၁၃

ကမ္ဘောဒီးယားနိုင်ငံ ဖနွမ်းပင်မြို့တွင် ၂၀၂၅ ခုနှစ် ဇူလိုင်လ ၇ ရက်မှ ၁၂ ရက်ထိ ကျင်းပသည့် BADMINTON ASIA REGIONAL CHAMPIONSHIPS 2025 (Southeast Asia) Mixed Team & Individual Event ပြိုင်ပွဲ၌ မြန်မာကြက်တောင်လက်ရွေးစင် အားကစားသမားများက ပြိုင်ပွဲများအပြီး ရွှေတံဆိပ် ၁၂ ခု၊ ငွေတံဆိပ်သုံးခု၊ ကြေးတံဆိပ် ရှစ်ခု ဆွတ်ခူးရရှိခဲ့ကြောင်း သိရသည်။



စာမျက်နှာ ၂၇ ကော်လံ ၄ ⇨

## လေဖိအားနည်းရပ်ဝန်းတစ်ခုဖြစ်ပေါ်နိုင်

နေပြည်တော် ဇူလိုင် ၁၃

ယနေ့ညနေ ၃ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်မြောက်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော အိန္ဒိယနိုင်ငံ(အနောက်ဘင်္ဂလားပြည်နယ်နှင့် ဩရိဿပြည်နယ်)ကမ်းခြေတို့၌ နောက် ၂၄ နာရီအတွင်း လေဖိအားနည်းရပ်ဝန်း(Low Pressure Area)တစ်ခုဖြစ်ပေါ်နိုင်သည်ဟု ခန့်မှန်းရသည်။

(မိုး/ဇလ)

## GYM ပေါင်းစုံ မြန်မာ့ရိုးရာလက်ဝှေ့ မျိုးဆက်သစ် ပြိုင်ပွဲများကျင်းပ

စာ - ၂၇ သို့



# စင်ကာပူတာတိုဖလား ကနူး/ကယက်လှေလှော်ပြိုင်ပွဲတွင် မြန်မာလှေလှော်အားကစားသမားများ ရွှေတံဆိပ် ခုနစ်ခုနှင့် ကြေးတံဆိပ် တစ်ခု ထပ်မံဆွတ်ခူး

ရန်ကုန် ဇူလိုင် ၁၃

စင်ကာပူနိုင်ငံတွင် ၂၀၂၅ ခုနှစ် ဇူလိုင်လ ၁၂ ရက်မှ ၁၃ ရက်အထိကျင်းပသည့် ၂၀၂၅ ခုနှစ် စင်ကာပူတာတိုဖလား ကနူး/ကယက်လှေလှော်ပြိုင်ပွဲ(2025 Singapore Sprint Cup)၌ မြန်မာ့လက်ရွေးစင်လှေလှော်အားကစားသမားများက ယနေ့ပြိုင်ပွဲတွင် ရွှေတံဆိပ် ခုနစ်ခုနှင့် ကြေးတံဆိပ်တစ်ခု ထပ်မံဆွတ်ခူးရရှိခဲ့ကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲ၏ ဒုတိယနေ့အဖြစ် ယနေ့ဆက်လက်ကျင်းပသည့် အသက် ၁၅ နှစ်မှ ၁၈ နှစ်ကြား ကနူးတစ်ယောက်လှော်အမျိုးသား မီတာ ၂၀၀ ပြိုင်ပွဲတွင်

စာမျက်နှာ ၂၇ ကော်လံ ၄ ❍



မြဝတီဘဏ်လီမိတက်
MYAWADDY BANK LIMITED
MPU
OUR SERVICES
- Current Deposit Account
- Savings Deposit Account
- Fixed Deposit Account
- Call Deposit Account
- Scholarship Funding Service
- Loans , Overdraft and Hire Purchase System
- Gift Cheque Services and Payment Order Services
- Safe Deposit Locker
- ATM / POS Services / MPU Debit Card / Credit Card
- Mobile Banking and Internet Banking Services
- Foreign Banking Services
“ စိတ်ချရတာ မြဝတီဘဏ် ”
Phone No : (01) 2301367, 2301368, 2301452, 2301378